ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် (၄)ရက် ၊ သောကြာနေ့ ၊ (30-10-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၈၃)

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား



နေပြည်တော် အောက်တိုဘာ ၂၉

၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-1)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညီစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့် ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဆွေး၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့်

စာမျက်နှာ ၁၆ ကော်လံ ၁

ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီး တိုင်းရင်းသားရိုးရာ၊ ကျေးလက်ရိုးရာ ယဉ်ကျေးမှုအဖွဲ့ကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။

ရတနာပုံ ယနေ့ဗတ်စရာ

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့ ဆောင်းပါး စာမျက်နှာ - ၁၀


ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၈) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲကျင်းပ စာမျက်နှာ - ၂၁

လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ် ရောက်ရှိနိုင်

နေပြည်တော် အောက်တိုဘာ ၂၉

ယနေ့ည‌နေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပွလီပင်လယ်ပြင်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။

စာမျက်နှာ ၂၄ ကော်လံ ၄ ❑



နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် 5G ဆက်သွယ်ရေးနည်းပညာဝန်ဆောင်မှုများ စမ်းသပ်အသုံးပြုနိုင်ပြီဖြစ်

နေပြည်တော် အောက်တိုဘာ ၂၉

နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် 5G ဆက်သွယ်ရေးနည်းပညာဝန်ဆောင်မှုများ စမ်းသပ်အသုံးပြုနိုင်ပြီဖြစ်ကြောင်း ဒီဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်နှင့် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ဆက်သွယ်ရေးစခန်းများတွင် 5G ဆက်သွယ်ရေးနည်းပညာ အကောင်အထည်ဖော်နေမှု၊ ကွန်ရက်ချိတ်ဆက်ဆောင်ရွက်ထားရှိမှု၊ ဆက်သွယ်ရေးစက်ပစ္စည်းများ တပ်ဆင်အသုံးပြုနေမှုနှင့်နည်းပညာဆိုင်ရာ



လုပ်ငန်းဆောင်ရွက်မှုတို့ကို ယနေ့တွင် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင် သွားရောက်ကြည့်ရှု စစ်ဆေးသည်။

စာမျက်နှာ ၂၅ ကော်လံ ၁ ✱

ရတနာပုံ
၂၀၂၆ ခုနှစ် အောက်တိုဘာ ၃၀ ရက်
အယ်ဒီတာ့အာဘော်

သတိပြုဖွယ် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်အန္တရာယ်

အယ်လ်နီညိုသည် ပစိဖိတ်သမုဒ္ဒရာ၏ အီကွေတာအနီးရှိ ပင်လယ်ရေမျက်နှာပြင် အပူချိန်ပုံမှန်ထက် မြင့်တက်လာခြင်း၊ ပင်လယ်သမုဒ္ဒရာနှင့်လေထုအကြား အပြန်အလှန်သက်ရောက်မှုဖြစ်စဉ်များ ပြောင်းလဲလာခြင်းတို့နှင့်ဆက်စပ်သည့် ရာသီဥတုဖြစ်စဉ်တစ်ခုဖြစ်သည်။ အဆိုပါဖြစ်စဉ်ကြောင့် ကမ္ဘာ့ဒေသအသီးသီးတို့တွင် အပူချိန်နှင့် မိုးရွာသွန်းမှုပုံစံများပြောင်းလဲလာပြီး အချို့ဒေသများ၌ မိုးခေါင်ရေရှားမှု ပိုမိုဖြစ်ပေါ်နိုင်သကဲ့သို့ အချို့ဒေသများ၌ မိုးသည်းထန်စွာရွာသွန်းမှု၊ ရုတ်တရက်ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာနိုင်ပေသည်။

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ (Tropical Pacific Ocean) ၏ ပင်လယ်ရေမျက်နှာပြင် အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအလွန်ကောင်းသော အယ်လ်နီညိုအခြေအနေတွင် ဆက်လက်တည်ရှိနေသည်။ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် နိုင်ငံတကာရာသီဥတုဗဟိုဌာနများ၏ ထုတ်ပြန်ချက်များကိုအခြေခံ၍ ခန့်မှန်းသုံးသပ်ချက်များအရ နိဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် အယ်လ်နီညိုအမြင့်ဆုံးအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း အပူချိန်မြင့်တက်မှု၊ မိုးရွာသွန်းမှုပုံစံမမှန်ကန်မှု၊ ရေရှားပါးမှုနှင့် ရာသီဥတုဆိုင်ရာ အခြားအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ထားရန်လိုပေသည်။ အထူးသဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေသယံဇာတခန့်ခွဲရေး၊ ပြည်သူ့ကျန်းမာရေးနှင့်အခြေခံလူနေမှုဘဝတို့သည် ရာသီဥတု ပြောင်းလဲမှုများ၏ သက်ရောက်မှုကို ခံစားရနိုင်သော ကဏ္ဍများဖြစ်သည်။

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် အစွန်းရောက်အပူချိန်မြင့်တက်ခြင်း၊ မြစ်၊ ချောင်း၊ အင်းအိုင်၊ ရေတွင်း၊ ရေကန်များတွင် ရေခန်းခြောက်ခြင်း၊ သောက်သုံးရေ၊ စိုက်ပျိုးရေပြတ်လပ်ခြင်း၊ ရေအားလျှပ်စစ်ထုတ်လုပ်မှုလုပ်ငန်းများတွင် ရေပမာဏကျဆင်းမှုကြောင့် လျှပ်စစ်မီးပြတ်တောက်ခြင်းတို့ကြုံတွေ့ရနိုင်ပေသည်။ ထို့ပြင် အယ်လ်နီညိုရာသီတွင် အပူဒဏ်ကြောင့် အပူလျှပ်ခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်း၊ မူးဝေခြင်းစသည့် ရောဂါများနှင့်ရေရှားပါးမှုကြောင့် မသန့်ရှင်းသောရေကိုသောက်မိပါက ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ကာလဝမ်းရောဂါစသည့်ကျန်းမာရေးဆိုင်ရာရောဂါတို့ ဖြစ်ပွားနိုင်ပေသည်။

ထို့ကြောင့် အယ်လ်နီညိုကာလတွင် ရေပြတ်လပ်မှုမဖြစ်စေရန် သောက်ရေ၊ သုံးရေများ စုဆောင်းသိုလှောင်ထားခြင်း၊ ရေကိုစနစ်တကျ ချွေတာသုံးစွဲခြင်းတို့ကို ပြည်သူတိုင်းက ဆောင်ရွက်ထားကြရမည်ဖြစ်သည်။ ကျန်းမာရေးအနေဖြင့် နေ့ခင်းဘက်အပူချိန်မြင့်တက်ချိန်တွင် အပြင်ထွက်ခြင်းကို ရှောင်ကြဉ်ခြင်း၊ မဖြစ်မနေ အပြင်ထွက်ပါက ထီး၊ ဦးထုပ်စသည့် နေပူဒဏ်ခံနိုင်သော အဆောင်းပါရှိရမည်ဖြစ်သည်။ ထို့ပြင် ရေများများသောက်ခြင်း၊ ဓာတ်ဆားထုပ်များ အသင့်ထားရှိခြင်းတို့ကိုလည်း ဆောင်ရွက်ထားရမည်ဖြစ်သည်။ မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် အိမ်ပတ်ဝန်းကျင်ရှိ သစ်ရွက်သစ်ခြောက်များ၊ မြက်ခြောက်များကို ကြိုတင်ရှင်းလင်းထားရမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များကို လုံးဝတားဆီးနိုင်ခြင်းမရှိသော်လည်း မှန်ကန်သော အသိပညာ၊ ကြိုတင်ပြင်ဆင်မှု၊ လူမှုအသိုက်အဝန်း၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် လျှော့ချနိုင်ပေသည်။ ပြည်သူများအနေဖြင့်လည်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်များ၊ ညွှန်ကြားချက်များကိုလိုက်နာပြီး အသိ၊ သတိတို့ဖြင့် သွားလာနေထိုင်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

ဆားလင်းကြီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



ဆားလင်းကြီး အောက်တိုဘာ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဆားလင်းကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆားလင်းကြီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၂၂ဧကအထိစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောနေကြာစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင်ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် တင်း ၂၀ ကျော် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဆားလင်းကြီးမြို့နယ်မှာ နေကြာ ၁၂၂ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ နေကြာစိုက်ခင်းတွေ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပြည်ပမှတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့၊ ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက် ပေးသွားပါမယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာရဲ့ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက်များတယ်"ဟု ဆားလင်းကြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေလင်းထွန်းက ပြောပြသည်။

ဆားလင်းကြီးမြို့နယ်တွင် နေကြာ တိုးချဲ့စိုက်ပျိုးနိုင်ရေး အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြှင့်တင် ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့်နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ဆားလင်းကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေလင်းထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ဆင်းသုခစပါးတင်းရေ ၄၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဘိုကလေး အောက်တိုဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ဆင်းသုခစပါးတင်းရေ ၄၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဇာတိုးသောမြေဆီလွှာရှိသော ဒေသများမှ ထွက်ရှိသည့် ဆင်းသုခစပါး တင်းရေ ၃၆၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ဆင်းသုခစပါးတင်းရေ ၄၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့တစ်လအတွင်း ဆင်းသုခစပါးတင်းရေ ၄၄၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဘိုကလေးမြို့ကနေ စပါးဆန်နဲ့ အခြားလယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချပါတယ်။ ဆင်းသုခစပါးတွေကို ရန်ကုန်ဘက် က ဝယ်ယူအားများနေလို့ တင်ပို့အားတက်ခဲ့တာ ဖြစ်ပါတယ်။ ဆင်းသုခစပါးတွေ တင်ပို့အားကောင်းလာတော့ တောင်သူတွေနဲ့ ပွဲရုံပိုင်ရှင်တွေ အလုပ်အကိုင် အဆင်ပြေလာတာ တွေ့ရပါတယ်"ဟု ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်တစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ဆင်းသုခစပါး တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၅၀၀၀ ထိပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဆင်းသုခစပါးများ အရောင်းအဝယ် ကောင်းမွန်လာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများနှင့် ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိကာ အဆင်ပြေလျက်ရှိကြောင်း ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

မလှိုင်မြို့နယ် ရေကမိုးကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

မလှိုင် အောက်တိုဘာ ၂၉

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သဘွတ်ကုန်းကျေးရွာအုပ်စု ရေကမိုးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF)လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းကတာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက သဘွတ်ကုန်း ကျေးရွာအုပ်စု ရေကမိုးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း စီမံကိန်း (RBF) ရန်ပုံငွေကျပ် သန်း ၃၀ဖြင့် နို့စားနွားမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ရေကမိုးကျေးရွာ၌ နို့စားနွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေသည့် အသက်မွေးဝမ်းကျောင်းအဖွဲ့လေးဖွဲ့မှ အဖွဲ့ဝင်ဦးရေ ၂၀ ကို စီမံကိန်းရန်ပုံငွေ ကျပ်သန်း ၃၀ ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင် သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

ကျောက်ပန်းတောင်းမြို့နယ် ဘင်ဂွကျေးရွာ၌ လူထုအသိပညာပေးဟောပြောပွဲ ကျင်းပ

ကျောက်ပန်းတောင်း အောက်တိုဘာ ၂၉

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လူထုအသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ဘင်ဂွကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရေးဦးစွာ ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသက်က လူထုအသိပညာပေးဟောပြောပွဲ ကျင်းပပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ မီးခိုးမြူငွေ့များကြောင့် လေထုညစ်ညမ်းမှုများ၊ အယ်လ်နီညိုရာသီဥတု ဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် မိုးရွာသွန်းမှုများ မှုမမှန်ခြင်း၊ မိုးခေါင်ခြင်း၊ ရေရှားခြင်းများဖြစ်ပေါ်လာနိုင်သည့်အတွက် ရေကို ကြိုတင် စုဆောင်းထားရှိရန်၊ အယ်လ်နီညို အပူဒဏ်ကာကွယ်ရေး လိုက်နာဆောင်ရွက်ရန် အချက်များကို ဟောပြောရှင်းလင်း ဆွေးနွေးခဲ့သည်။

ဆက်လက်၍ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများမှ တာဝန်ရှိသူများက မီးလောင်မှုဖြစ်ပွားတတ်သည့် အကြောင်းအရာများနှင့် ကြိုတင် ကာကွယ်ခြင်းနည်းလမ်းများ၊ မီးငြိမ်းနည်းများနှင့် မီးသတ်ဆေးဘူး ထိန်းသိမ်းအသုံးပြုပုံများ၊ ခေတ်မီစိုက်ပျိုးရေး၊ မွေးမြူရေး နည်းစနစ်များနှင့် ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးပြောကြားပေးခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ အသိပညာပေးလက်ကမ်းစာဆောင်များကို တာဝန်ရှိသူများက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားထံသို့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မောင်ခိုင်



ရမည်းသင်းခရိုင်အတွင်း အယ်လ်နီညိုကာလတွင် ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေးအတွက် ရမည်းသင်းခရိုင် လျှပ်စစ်မန်နေဂျာရုံးမှ ခရိုင်လျှပ်စစ်မန်နေဂျာ၊ ဒုတိယခရိုင်လျှပ်စစ်မန်နေဂျာတို့ဦးစီးပြီး အောက်တိုဘာ ၂၈ ရက်တွင် ရမည်းသင်းမြို့နယ် ၆၆/၃၃ ကေဗွီ(၃၀)အမ်ဗွီအေဓာတ်အားခွဲရုံကို သွားရောက်စစ်ဆေးနေမှုကို တွေ့ရစဉ်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



ခင်ဦး အောက်တိုဘာ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ပဲတီစိမ်း ၆၄၄၇၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလမှ စတင် ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၅ ဒသမ ၇၉ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ ပဲတီစိမ်း ၆၄၄၇၄ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းစိုက်ခင်းတွေ လက်ရှိမှာတော့ ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့် တွေသုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်"ဟု ခင်ဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့် အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

သာစည်မြို့နယ် ကုန်းတောင်း(တောင်)ကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

သာစည် အောက်တိုဘာ ၂၉

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကုန်းတောင်း(တောင်)ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF)လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကုန်းတောင်း(တောင်)ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း စီမံကိန်း (RBF) ရန်ပုံငွေကျပ် သန်း ၃၀ ဖြင့် နွားမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိမရှိစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကုန်းတောင်း(တောင်)ကျေးရွာ၌ နွားမွေးမြူရေးလုပ်ငန်းဆောင်ရွက်နေသည့် အသက်မွေးဝမ်းကျောင်း အဖွဲ့လေးဖွဲ့မှ အဖွဲ့ဝင်ဦးရေ ၅၀ ကို စီမံကိန်းရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးထားကြောင်း သာစည်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

ဗျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဗျာပုံ အောက်တိုဘာ ၂၉


ဧရာဝတီတိုင်းဒေသကြီး ဗျာပုံခရိုင် ဗျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် စက်တင်ဘာလအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဗျာပုံမြို့နယ်ဆန်စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းလွဲက ပြောပြ၍ သိရသည်။

ဗျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဩဂုတ်လအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဗျာပုံမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်းမှာ ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၄၀၀၀ ထိ တင်ပို့ရောင်းချခဲ့ပါတယ်။ ဒီဘက်က ပေါ်ဆန်းဆန်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ အခုတင်ပို့ရောင်းချနေတဲ့ ပေါ်ဆန်းဆန်တွေက အရည်အသွေးကောင်းတဲ့အတွက် အရင်လကရောလက်ရှိလထဲမှာပါ အဝယ်လိုက်နေပါတယ်။ ပေါ်ဆန်းဆန်တွေ အရောင်းအဝယ်ကောင်းလာတော့ တောင်သူတွေနဲ့ ပွဲရုံပိုင်ရှင်တွေ အလုပ်အကိုင် အဆင်ပြေလာပါတယ်"ဟု ဗျာပုံမြို့နယ် ဆန်စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းလွဲက ပြောပြသည်။

ဗျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေသည့် ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ မှ ၁၂၀၀၀၀ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဆန်များ အရောင်းအဝယ် ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း ဗျာပုံမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းလွဲထံမှ သိရသည်။

ကျော်ကျော်လင်း



လမ်းပေါ်ကလူ

မောင်ငြိမ်းသူ(ကြိုပင်ကောက်)

"ယာဉ်စည်းကမ်းကို ဘယ်တော့မှ မချိုးဖောက်တော့ပါဘူးလို့ ကားမှောက်ပြီး သေဆုံးသွားတဲ့ ယာဉ်မောင်းက ဆေးရုံပေါ်မှာ သေခါနီးပြောသွားတယ်"

ယာဉ်မောင်းတွေ စည်းကမ်းမဲ့ပုံကို ကာတွန်းဆရာတစ်ဦးက အောက်ပါအတိုင်း ဖော်ပြခဲ့သည်။

"ပလက်ဖောင်းပေါ်မှာ လမ်းလျှောက်ရတာ အန္တရာယ်ရှိလို့ ဓာတ်ကြိုးပေါ်ကပဲ လမ်းလျှောက်ရတော့မယ်"

လမ်းပေါ်ကလူ၏ ညည်းတွားပုံ ကာတွန်းကလည်း ယာဉ်မောင်းကိုပင် အပြစ်ဖို့ထားပါလေ၏။ ယာဉ်မောင်းတွေကို စုပြုံဝိုင်းအုံပြီး လက်ညှိုးထိုးကာ အပြစ်အမျိုးမျိုးပြောကြသည်။ ရေးသားကြသည်။ တစ်ဖက်သတ်ကျလွန်းနေသည်။

လမ်းပေါ်က လူတွေကလည်း စည်းကမ်းရှိကြရဲ့လားဟု မေးလိုက်ချင်သည်။ ပလက်ဖောင်းပေါ်က ကားကတိုက်သည်ဟု အပြစ်ပြောကြသကဲ့သို့ လမ်းမကြီးပေါ်က ကားတွေကိုရော လမ်းပေါ်ကလူတွေက အနှောင့်အယှက်မပေးကြဘူးလား။ မှန်ရာကိုသစ္စာဆိုကာ ဖြေကြစေချင်သည်။

လမ်းလျှောက်သူ လမ်းကူးသူများအတွက် လိုက်နာရင် စည်းကမ်း ၁၂ ချက် သတ်မှတ်ထား၏။ ထိုစည်းကမ်း ချက်များကို တီဗီနှင့် ရုပ်ရှင်ရုံများက တစ်ဆင့် ကြေညာသတိပေးခဲ့ဖူးသည် ။ သတင်းစာများတွင်လည်း ကြေညာခဲ့သေး၏။

အမှုမဲ့၊ အမှတ်မဲ့ နေသူများနှင့် လုံးဝမသိကြသေးသူများအတွက် အသက်ဘေးမှကင်းဝေးစေရန် မျှဝေပေးလိုသည်။

ခြေကျင်သွားများ သို့မဟုတ် လမ်းပေါ်ကလူများ လိုက်နာရမည့် စည်းကမ်း

၁။ လူသွားစကြံ့ သို့မဟုတ် သတ်မှတ်ထားသည့် လမ်းကသွားရမည်။

၂။ လူသွားစကြံ့မရှိလျှင်လမ်း၏လက်ဝဲဘက် နံဘေးမှကပ်ပြီး ယာဉ်ကြောကို မျက်နှာမူပြီး သွားရမည်။ (လူသွား စကြံ့များရှိသော်လည်း စကြံ့အောက်ကသာ ဖြတ်လျှောက်နေကြသည်။)

၃။ လမ်းမပိတ်ဆို့ရ။ ရင်ပေါင်တန်း မလျှောက်ရ။ (လမ်းပေါ်မှာ ရပ်နေခြင်း၊ ထိုင်နေရခြင်း၊ ကစားနေခြင်း၊ လမ်းပေါ်ထွက်ပြီးကားတားခြင်းမလုပ်ရ)

၄။ လိုင်းကားစီးလျှင် သတ်မှတ်ထားသော နေရာမှသာ စီးရမည်။ ဆင်းရမည်။

၅။ လမ်းဖြတ်ကူးလျှင် မျဉ်းကျား သို့မဟုတ် သတ်မှတ်ထားသော နေရာမှ ကူးရမည်။

၆။ လမ်းကူးလျှင် ရပ်၊ ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှ ကူးရမည်။ (လိုင်းကားပေါ်ကဆင်းပြီး လမ်းဖြတ်ကူးကြသူများ၊ လိုင်းကားရှေ့မှ ဖြတ်မကူးဘဲ လိုင်းကားနောက်ဘက်ကသာ လမ်းရှင်းမရှင်း သေချာကြည့်ပြီးမှ လမ်းဖြတ်ကူးပါ)

၇။ လမ်းကိုကန့်လန့်ဖြတ်တည့်တည့်ကူးရမည်။

၈။ သတ်မှတ်ထားသည့်နေရာက ဖြတ်ကူးလျှင် ညာဘက်ခြမ်းက ဖြတ်ကူးရမည်။

၉။ လမ်းဆုံမှာ ခွင့်ပြုမထားလျှင် ထောင့်ဖြတ်ကူးရမည်။

၁၀။ ကားအထွက်၊ မီးစိမ်းပြနေသောလမ်းကို ဖြတ်မကူးရ။

၁၁။ မြင်ကွင်းကွယ်သောနေရာမှ လမ်းပေါ်ကို ရုတ်တရက်ထွက်လာခြင်း၊ လမ်းဖြတ်ကူးခြင်း မလုပ်ရ။ (လိုင်းကားပေါ်မှဆင်းပြီး ချက်ချင်းလိုင်းကားရှေ့ဘက်မှ (မြင်ကွင်းကွယ်ရာ) ဖြတ်ကူးကြသဖြင့် သေကျေဒဏ်ရာရသူ များစွာရှိသည်။

၁၂။ ကြီးကြပ်ထိန်းသိမ်းသော ယာဉ်ထိန်းရဲရှိလျှင် သူ၏ညွှန်ကြားချက်အတိုင်း လိုက်နာရမည်။

❖ ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများအနေဖြင့် အလေးထားကြီးကြပ်နေသည့်ကြားမှ နှစ်စဉ်ဖြစ်ပွားခဲ့သည့် ယာဉ်တိုက်မှုများကိုသုံးသပ်ကြည့်လျှင် ရင်လေးဖွယ်ကောင်းလှသည်။ လူဦးရေများပြားလာသကဲ့သို့ ကားအစီးရေကလည်း များပြားလာသည်။ ထိုနည်းတူ စည်းကမ်းမဲ့သူတွေကလည်း တိုးပွားနေသည်။ စည်းကမ်းမဲ့သူတွေ တိုးပွားလာသကဲ့သို့ သေကျေဒဏ်ရာရသူတွေလည်း သိသိသာသာ များပြားလာသည်။ ❖

သို့သော် အဆိုပါ သတိပေးကြေညာချက်များကို ဥပေက္ခာပြု လျစ်လျူရှုကာ စည်းကမ်းမဲ့စွာ သွားလာနေကြသည်။ လမ်းကိုကူးချင်သလိုကူး၊ ဖြတ်ချင်သလို ဖြတ်နေကြသည်။ ဓာတ်ကြိုးပေါ်တက်လျှောက်ဖို့ နေနေသာသာ ပလက်ဖောင်းပေါ်ကပင် မလျှောက်ဘဲ ယာဉ်သွားလမ်းမကြီးပေါ်မှာပဲ ရဲရဲတင်းတင်းမခန့်လေးစား သွားလာနေကြသည်။ ခုံးကျော်တံတားတွေ၊ လူသွားစကြံ့တွေ ဘယ်လိုလုပ်ပေးထားထား လုံးဝထည့်သွင်းမစဉ်းစားကြဘဲ ကြံသလို ဖြတ်ကူးနေကြသည်။

အချို့ဆိုလျှင် ကားအသွားအလာ ရှုပ်ထွေးလှသောနေရာများတွင် သူတို့ကိုယ်သူတို့ ဘဲလေးကချေသည်များကဲ့သို့ ကော့ကော်ကံကား ပုံစံများနှင့် လမ်းသလားကာ အရောင်အတိမ်း ဂျက်စီဂျိမ်းလုပ်နေကြသည်။ ကားသမားတွေက မျက်လုံးပြူးနေကြသော်လည်း သူတို့ကတော့ အပြုံးပင်မပျက်ကြပေ။

"ငါလိုလူကို ဘယ်ကားသမားက တိုက်ဝံ့မှာလဲ"ဟူ၍ မခို့တရို့ပုံစံမျိုးဖြင့် ဝင့်ကြွားဂုဏ်ယူဟန်ပင်ပြနေကြသေးသည်။

ပွတ်မိတိုက်မိလျှင်လျော်ကြေးတောင်းဖို့ကတော့ တာစူထားကြလေ့ရှိသည်။ လျော်ကြေးမတောင်းနိုင်ဘဲ အလောင်းဖြစ်ကာ ခေါင်းထဲရောက်သွားကြသည်ကို မတွေးတောကြ။ မသေဘဲ တစ်သက်လုံး အိပ်ရာထဲက မထနိုင်ဘဲ ရှင်လျက်သေနေမည့်ဘေးကို မတွေးကြ။

ရန်ကုန်မြို့ ညောင်ပင်လေးဈေးရှေ့ လူရောကားပါ စည်ကားလွန်းသည့်နေရာမျိုးတွင် စည်းကမ်းမဲ့ လက်တွန်းလှည်းများက လမ်းလယ်တွင် ကားရှေ့မှပိတ်ပြီး ထင်သလိုသွားလာနေကြသကဲ့သို့ စည်ပိုင်းကြီး၊ စည်ပိုင်းငယ်အသွယ်သွယ်ကို ခြေဖြင့်ကန်၊ လက်ဖြင့်တွန်းပြီး ဘားဆပ်ကပ်မှ ကျွမ်းဘားသမားများ အရှုံးပေးရလောက်အောင် လမ်းမပေါ်မှာ စည်းကမ်းမဲ့လွန်းစွာ သယ်ယူသွားလာနေကြသည်။

ကားသမားအများစု ကြောက်ရွံ့ရသည့်နေရာမှာ ညောင်ပင်လေးဈေးရှေ့ဝန်းကျင် ဖြစ်သည်။ ကားသမား မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ စည်းကမ်းမဲ့လေညင်းခံလမ်းလျှောက်နေသလို မထိမဲ့မြင်ညည်းညူသာသာ လမ်းဖြတ်ကူးနေကြသူများ၊ ကျပ်ညပ်နေသော စကတ်ကြောင့် ခြေတုပ်ဒူးတုပ်ဖြစ်ကာ လမ်းမြန်မြန် မလျှောက်နိုင်သူများကား ယာဉ်မောင်းသူများအတွက် အနှောင့်အယှက်ပေးလွန်းသူများပင်တည်း။

ယာဉ်အန္တရာယ် ကင်းဝေးစေရေးအတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီမှ တာဝန်ရှိသူများအနေဖြင့် အလေးထားကြီးကြပ်နေသည့်ကြားမှ နှစ်စဉ်ဖြစ်ပွားခဲ့သည့် ယာဉ်တိုက်မှုများကို သုံးသပ်ကြည့်လျှင် ရင်လေးဖွယ်ကောင်းလှသည်။ လူဦးရေ များပြားလာသကဲ့သို့ ကားအစီးရေကလည်း များပြားလာသည်။ ထိုနည်းတူ စည်းကမ်းမဲ့သူတွေကလည်း တိုးပွားနေသည်။ စည်းကမ်းမဲ့သူတွေ တိုးပွားလာသကဲ့သို့ သေကျေဒဏ်ရာရသူတွေလည်း သိသိသာသာ များပြားလာသည်။

သို့ဖြစ်၍လည်း နေ့စဉ်ထုတ် သတင်းစာများနှင့် တီဗီမှ အောက်ဖော်ပြပါအတိုင်း သတိပေးနှိုးဆော်ခဲ့ကြပါသေးသည်-

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆဖြစ်ပွားမှုများအား လေ့လာရာတွင် ခြေကျင်သွားလာသူများ၏ စည်းကမ်းမလိုက်နာမှုကြောင့်လည်းဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံမီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များကလည်း လမ်းဆုံမီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်သည်။

ခြေကျင်သွားလာသူများအနေဖြင့် လူကူးမျဉ်းကျားများမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြထိန်းသိမ်းမှုမရှိသောနေရာများမှ လမ်းကူးပါက "ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့်၊ လမ်းရှင်းမှ ကူး" စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီ

ဤနေရာတွင် တာဝန်ရှိသူများအနေဖြင့်လည်း လူကူးမျဉ်းကျားများကို ထင်ရှားအောင် အမြဲတမ်း ပြုပြင်ပေးရန် လိုအပ်ခြင်း၊ မှတ်တိုင်အရေအတွက်နှင့် လူကူးမျဉ်းကျားထားသင့်သည့်နေရာများ စိစစ်ခြင်း၊ မီးပွိုင့်တွင် မီးပျက်ပါက ကြီးကြပ်မှုလိုအပ်ခြင်းစသည့် အားနည်းချက်များကို အချိန်ပြည့် ဖြည့်ဆည်းပေးနေသင့်သည်။

"အသက်ထက် အရေးကြီးတာ ဘာမျှမရှိပါ"

ဤသို့ဆိုလျှင် **"ယာဉ်ကို လူကလေးစား၊ လူကို ယာဉ်ကလေးစား၊ အပြန်အလှန် အလေးထား"၊ "လမ်းဖြတ်ကူးလျှင် သတိယှဉ် ယာဉ်အလာအသွား သတိထား"** ဟူသော ဆောင်ပုဒ်နှင့်အညီ စည်းကမ်းသိသိ၊ သတိရှိရှိ စာနာစိတ်အပြည့်ဖြင့် အသက်ဘေးကို ကြည့်၍ လိုက်နာကျင့်ကြံကာ ယာဉ်အန္တရာယ်ဘေးမှ ကင်းဝေးကြပါစေဟု ဆန္ဒမွန်ပြုရေးသားလိုက်ရပါသည်။


မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်/မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြုံခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

vr;avQmujci;jzi recsKtwuse;rmapEion



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိုအိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ကလာပ်စည်းတွေအတွက် လိုအပ်တဲ့လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကိုထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကို ပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီး ထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



ရွှေဘို အောက်တိုဘာ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနေကြာဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၁၁၈ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောနေကြာစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၈ တင်းကျော် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုခရိုင်မှာ နေကြာ ၁၁၁၈ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နေကြာခင်းတွေလက်ရှိမှာ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပြည်ပမှတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ဆောင်ရွက်ပေးသွားပါမယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာရဲ့ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် များပါတယ်"ဟု ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ယခုနှစ် ရွှေဘိုခရိုင်တွင် မြို့နယ်အလိုက် နေကြာရိတ်သိမ်းပြီးစီးမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၅၈ ဧက၊ ခင်ဦးမြို့နယ်တွင် ၇၈၅ ဧက၊ ဝက်လက်မြို့နယ်တွင် ၂၂၃ ဧကနှင့်ကျောက်မြောင်းမြို့နယ်ခွဲတွင် ၅၂ ဧကစုစုပေါင်း ၁၁၁၈ ဧကတို့ဖြစ်ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာ မည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ဇာဇာမင်းကပြောပြ၍ သိရသည်။ (၂၀၆)

ပေါင်းတည်မြို့နယ် နတ်ပုတီးကျေးရွာ၌ မြေနီလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

ပေါင်းတည် အောက်တိုဘာ ၂၉

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နတ်ပုတီးကျေးရွာ၌ ကျေးရွာတွင်းလမ်း မြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကိုအောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေနှင့် ဝန်ထမ်းများက နတ်ပုတီးကျေးရွာ၌ ကျေးရွာတွင်းလမ်း မြေနီခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ သတ်မှတ် စံချိန်စံနှုန်းနှင့်အညီ အချိန်မီပြီးစီးရေး လိုအပ်သည်များကို ခရိုင်ဦးစီးမှူးက ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ လမ်းအရှည် ပေ ၁၅၂၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း မြေနီခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၄ ဒသမ ၈၃ သန်း စုစုပေါင်း ၁၉ ဒသမ ၈၃ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုး မှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာလ စတုတ္ထပတ်မှ စတင်ဆောင်ရွက် လျက်ရှိရာ ယခုအခါလုပ်ငန်းများ ၇၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာတွင်းလမ်းမြေနီခင်းခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးပါက ကျေးရွာမှထွက်ရှိလာသော ထွက်ကုန်များကိုကုန်ကျစရိတ်သက်သာစွာဖြင့် အချိန်နှင့်တစ်ပြေးညီ သယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

သန္တာ

မြတ်နိုးဖွယ်ရာ ယဉ်ကျေးမှုအနုပညာ

- အနုပညာ ချစ်စရာမို့
ကြည်သာရွှင်ပြုံး မော်မဆုံးနှင့်
တိုင်းလုံးပြည်ကျော် နေပြည်တော်မှာ
နွဲ့ပျော်ဆင်ကြ အဆိုကနှင့်
အရေးအတီး ပြိုင်ပွဲကြီးကား
ကောင်းချီးမင်္ဂလာ ဝမ်းမြောက်သာ။
၂၇ ကြိမ်သို့ ရောက်ရှိလာ။

- အနုပညာစွမ်း အံ့မခန်းမို့
ရွှင်လန်းတက်ကြွ လက်စွမ်းပြနှင့်
ဂီတမျိုးစုံ ရှုမကုန်ဖွယ်
ရုပ်စုံသဘင် ဇာတ်တော်ဝင်နှင့်
တီထွင်ကွက်စိပ် အောင်နိမိတ်ပါ
ဝေဖြာအလှ မြင်ခဲ့ကြပြီ
ရသစုံလင် ပွဲတော်ပင်။
ကြားသိတွေ့မြင် နွဲ့ပျော်ရွှင်။

- ရိုးရာဓလေ့ စုံစွာတွေ့ပြီ
သိမ်မွေ့လှပ ယိမ်းအကနှင့်
တက်ကြွညီညာ ကဟန်မှာလည်း
ဘယ်ခါမရိုး လှဂုဏ်တိုးလျက်
မြတ်နိုးဖွယ်ရာ ရှေးစဉ်လာ။
မြန်မာမွေနှစ် ဖြစ်ပေတာ။

- ဆိုင်းဝိုင်းအိုးစည် ဒိုးပတ်မည်သံ
မိုးယံပဲ့တင် မယ်ဒလင်နှင့်
သံစဉ်ပုံ့ပွား စန္ဒရားနှင့်
ဝင့်ကြွားနဲ့ကောင်း မြန်မာ့စောင်းနှင့်
ငြိမ့်ညောင်းပတ္တလား ဒုံမင်းသွားနှင့်
ရှားပါးဂီတာ တယောပါသည်
သာယာလှပ ရှိပေစွ။
မြန်မာ့ဂီတ လွန်ကြည်မြ။

- မြန်မာ့ရိုးရာ ထိန်းကြပါဟု
နောင်လာမျိုးဆက် ကမ်းဆင့်လက်ဖြင့်
သက်နှင့်ထပ်တူ ပညာယူလျက်
ကျောင်းသူကျောင်းသား ဉာဏ်စွမ်းအားနှင့်
ကြိုးစားဖွေရှာ ဖြည့်ကြပါလျှင်
ပညာလည်းပြည့် နှလုံးမွေ့လျက်
ချမ်းမြေ့ကြည်သာ ရှိစေမှာ။
အသက်မွေးရာ တတ်ပညာ။

- အောင်ဇေယျတု အောင်စေမှုဖြင့်
အောင်ဆုမင်္ဂလာ အောင်ဩဘာတည့်
ပညာအောင်ပန်း ဆွတ်ချူလှမ်းသည်
ဆင်မြန်းရွှေဆု ငွေကြေးဆုနှင့်
ဆုများမျိုးစုံ အဖုံဖုံနှင့်
ရင်ခုန်ဖွယ်ရာ ဖြစ်သည်တကား။ ။

ဘုန်းမောင်ဝင်း(ဖျာပုံ)

တာတိုပစ်ဘာလစ်စတစ်ဒုံးကျည်များ မြောက်ကိုရီးယား စမ်းသပ်ပစ်လွှတ်

ဆိုးလ် အောက်တိုဘာ ၂၉

မြောက်ကိုရီးယား နိုင်ငံသည် ယနေ့တွင် အရှေ့ဘက်ကမ်းရိုးတန်းကမ်းလွန်ရေပြင် အတွင်းသို့ တာတိုပစ်ဘာလစ်စတစ်ဒုံးကျည် ၁၀ စင်းပစ်လွှတ်ခဲ့သည်ဟု တောင်ကိုရီးယားတပ်မတော်က သတင်းထုတ်ပြန်ထားကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

မြောက်ကိုရီးယား နိုင်ငံသည် အဆိုပါ တာတိုပစ်ဘာလစ်စတစ် ဒုံးကျည်များကို အရှေ့ဘက်ကမ်းရိုးတန်း ဝန်ဆန်ဒေသအနီးမှတစ်ဆင့် ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယား တပ်မတော် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လက်ရှိတွင် တောင်ကိုရီးယား တပ်မတော်သည် မြောက်ကိုရီးယား၏ ယနေ့ ဒုံးကျည်စမ်းသပ်မှုနှင့်ပတ်သက်သည့် အသေးစိတ် အချက်အလက်များကို အမေရိကန်၊ ဂျပန်နိုင်ငံတို့နှင့်အတူ လေ့လာဆန်းစစ်နေကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံ၏ အဆိုပါ ဒုံးကျည်စမ်းသပ်မှုကို ဂျပန်ကာကွယ်ရေး ဝန်ကြီးဌာနကလည်း အတည်ပြုထားသည်။

မြောက်ကိုရီးယားနိုင်ငံက ပစ်လွှတ်ခဲ့သော တာတိုပစ်ဘာလစ်စတစ်ဒုံးကျည်များအနက် တစ်စင်းမှာ ဂျပန်နိုင်ငံ၏ အထူးစီးပွားရေးရေပြင်ဧရိယာအတွင်းသို့ ကျရောက်ခဲ့ကြောင်း ဂျပန်ကာကွယ်ရေး ဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

မြောက်ကိုရီးယားနိုင်ငံသည် နှစ်နိုင်ငံစစ်ဓနံနယ်စပ်၌ မြေမြှုပ်မိုင်းများပေါက်ကွဲမှု အတွက် တောင်ကိုရီးယားနိုင်ငံနှင့် ဆက်ဆံရေးတင်းမာနေချိန်တွင် ဒုံးကျည်များ စမ်းသပ် ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယား နိုင်ငံသည် ယခုနှစ်အတွင်း ဒုံးကျည်စမ်းသပ်မှု ၁၀ ကြိမ်နှင့်အထက် ပြုလုပ်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO



ဘူလ်ဂေးရီးယားနိုင်ငံ ကမ်းလွန်ရေပြင်၌ ကုန်သေတ္တာတင်သင်္ဘောတစ်စီး တိုက်ခိုက်ခံရ

ဆိုဖီယာ အောက်တိုဘာ ၂၉

ဘူလ်ဂေးရီးယားနိုင်ငံ ကမ်းရိုးတန်းကမ်းလွန် ပင်လယ်ရေပြင် အတွင်း မောင်းနှင်နေသော ကုန်သေတ္တာတင် သင်္ဘောတစ်စီးကို မောင်းသူမဲ့ဒရုန်းယာဉ်သုံးစင်းက အောက်တိုဘာ ၂၈ ရက်တွင် တိုက်ခိုက်ခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

မောင်းသူမဲ့ ဒရုန်းယာဉ်များ၏ တိုက်ခိုက်မှုခံခဲ့ရသည့် ကုန်သေတ္တာတင်သင်္ဘောမှာ လိုက်ဘေးရီးယားနိုင်ငံ၌ မှတ်ပုံတင်ထားသော ကွန့်ရှစ်ဂျက် ကုန်သေတ္တာတင်သင်္ဘောဖြစ်ကြောင်း ဘူလ်ဂေးရီးယား ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ တိုက်ခိုက်မှုသည် ဘူလ်ဂေးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း ရှာဘလာကမ်းရိုးတန်းမြို့ အရှေ့တောင်ဘက် ရေပြင်ပ ၂၁ မိုင်အကွာ ပင်လယ်ရေပြင်အတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဘူလ်ဂေးရီးယား တာဝန်ရှိသူများက ပြောကြားထားသည်။

တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် ကွန့်ရှစ်ဂျက် ကုန်သေတ္တာတင်သင်္ဘောပေါ်မှ ရေယာဉ်ဝန်ထမ်းအားလုံးကို ဘေးလွတ်ရာသို့ အောင်မြင်စွာ ကယ်ထုတ်ပေးနိုင်ခဲ့ကြောင်း ဘူလ်ဂေးရီးယား ကာကွယ်ရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အဆိုပါ ကုန်သေတ္တာတင် သင်္ဘောသည် အစ္စရေးနိုင်ငံဟိုင်ဖာဆိပ်ကမ်းမှ ရိုမေးနီးယားနိုင်ငံ ကွန်စတန်တာဆိပ်ကမ်းသို့ ဦးတည် ခုတ်မောင်းလာသည့် ကုန်သေတ္တာတင် သင်္ဘောဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

စပေ့စ်အိတ်စ်ကုမ္ပဏီ အကြီးအကဲ အီလွန်မက်စ်ကို ပါရမီရှင်တစ်ဦးအဖြစ် ရုရှားသမ္မတ ချီးကျူး



မော်စကို အောက်တိုဘာ ၂၉

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့စ်အိတ်စ်ကုမ္ပဏီ၏ အကြီးအကဲ အီလွန်မက်စ်ကို ပါရမီရှင်တစ်ဦးအဖြစ် ရုရှားသမ္မတပူတင်က အောက်တိုဘာ ၂၈ ရက်တွင် ချီးကျူးခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ထို့ပြင် ရုရှားနိုင်ငံအနေဖြင့် စပေ့စ်အိတ်စ်၏ စတားလင့်ခ် အင်တာနက် ဂြိုဟ်တုစနစ်နှင့် အပြိုင် အင်တာနက်ဂြိုဟ်တုစနစ်ကို စတင်တည်ဆောက်ခါစသာရှိသေးကြောင်းလည်း သမ္မတပူတင်က ပြောကြားခဲ့သည်။

စပေ့စ်အိတ်စ် ကုမ္ပဏီ၏ စတားလင့်ခ် အင်တာနက်ကွန်ရက်ကို ယူကရိန်းနိုင်ငံက မောင်းသူမဲ့ဒရုန်းယာဉ်များနှင့် စစ်မြေပြင် ဆက်သွယ်ရေးအတွက် အသုံးပြုနေချိန်တွင် ရုရှားသမ္မတပူတင်က အီလွန်မက်စ်ကို ပါရမီရှင်တစ်ဦး အဖြစ် ချီးကျူးခဲ့ခြင်းဖြစ်သည်။

စပေ့စ်အိတ်စ် ကုမ္ပဏီအကြီးအကဲအီလွန်မက်စ်မှာစစ်မှန်သော ပါရမီရှင် တစ်ဦးဖြစ်ကြောင်း၊ ရုရှားနိုင်ငံအနေဖြင့် စတားလင့်ခ် ဂြိုဟ်တု ကွန်ရက်၏အပြိုင် ဂြိုဟ်တုကွန်ရက်တစ်ခုကို ယခုမှ စတင် တည်ဆောက်နေကြောင်း မော်စကိုမြို့၌ ကျင်းပခဲ့ပြီး အာဖရိက ခေါင်းဆောင်များလည်း တက်ရောက်ခဲ့သော ထိပ်သီးညီလာခံ၌ ရုရှားသမ္မတပူတင်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

အမေရိကန်နိုင်ငံသို့ ရောက်ရှိနေသော ဘော်လ်ဆိုနာရိုက ကိုယ့်ကိုယ်ကိုယ် စစ်မှန်သည့် ဘရာဇီးခေါင်းဆောင်အဖြစ်ကြေညာ

နယူးယောက် အောက်တိုဘာ ၂၉

အမေရိကန်နိုင်ငံသို့ ရောက်ရှိနေသော ဘရာဇီးအထက်လွှတ်တော်အမတ် ဘော်လ်ဆိုနာရိုသည် ကိုယ့်ကိုယ်ကိုယ် ဘရာဇီးနိုင်ငံ၏ စစ်မှန်သောခေါင်းဆောင်အဖြစ် အောက်တိုဘာ ၂၈ ရက်တွင် ကြေညာခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဘော်လ်ဆိုနာရိုသည် အောက်တိုဘာ ၂၅ ရက် ဘရာဇီးသမ္မတ ရွေးကောက်ပွဲ ဒုတိယအကျော့၌ လက်ရှိသမ္မတ လူလာဒါဆေးလ်ဗားကို အရေးနိမ့်ခဲ့ပြီးနောက် အမေရိကန်နိုင်ငံသို့ ထွက်ခွာသွားခြင်းဖြစ်သည်။

အထက်လွှတ်တော် အမတ် ဘော်လ်ဆိုနာရိုသည် ဘရာဇီးသမ္မတ ရွေးကောက်ပွဲဒုတိယ အကျော့ရလဒ်ကို လက်ခံရန်ငြင်းပယ်ထားပြီး ထိုရလဒ်ကို ပယ်ဖျက်ပေးရန် တောင်းဆိုထားသည်။

အမေရိကန်နိုင်ငံသို့ ရောက်ရှိခဲ့ပြီးနောက် လူမှုကွန်ရက်စာမျက်နှာ၌ရေးသားထားသည့် အိတ်ဖွင့်ပေးစာတွင် ဘော်လ်ဆိုနာရိုက ကိုယ့်ကိုယ်ကိုယ် စစ်မှန်သည့် ဘရာဇီးခေါင်းဆောင်အဖြစ် ပြောကြားထားပြီး ဘရာဇီးသမ္မတ ရွေးကောက်ပွဲကိုလည်း မသမာသည့် ရွေးကောက်ပွဲအဖြစ် ပြောကြားထားသည်။

သို့ရာတွင် လက်ရှိဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗား၏ ရွေးကောက်ပွဲ အနိုင်ရလဒ်ကို ဘရာဇီးဖက်ဒရယ် ရွေးကောက်ပွဲတရားရုံး၊ ကမ္ဘာ့ခေါင်းဆောင်များ၊ နိုင်ငံတကာအကဲဖြတ်စောင့်ကြည့်သူများ၊ ဘော်လ်ဆိုနာရို၏ လစ်ဘရယ် ပါတီကိုယ်တိုင်ကလည်း အသိအမှတ်ပြုထားပြီး ဖြစ်သည်။

ဘရာဇီးသမ္မတ ရွေးကောက်ပွဲကို ဥပဒေများနှင့်အညီ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပခဲ့ခြင်းဖြစ်သည်ဟု ဘရာဇီးရွေးကောက်ပွဲ ကော်မရှင် တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်းသိရသည်။

Ref : Xinhua
Trs : KKO

အက်စ်ယူ-၃၅ တိုက်လေယာဉ်ပထမအသုတ် အီသီယိုးပီးယားနိုင်ငံ လက်ခံရရှိထား

အဒစ်အဘာဘာ အောက်တိုဘာ ၂၉



ရုရှားနိုင်ငံထံမှ ဝယ်ယူထားသည့် အက်စ်ယူ-၃၅ တိုက်လေယာဉ်များအနက် ပထမဆုံးအသုတ်ကို လက်ခံရရှိထားပြီးဖြစ်ကြောင်း အီသီယိုးပီးယားဝန်ကြီးချုပ်အဘီးအာမက်က အောက်တိုဘာ ၂၈ ရက်တွင် ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ထို့ပြင် အီသီယိုးပီးယားနိုင်ငံအနေဖြင့် နောက်ပိုင်းတွင်လည်း ရုရှားနိုင်ငံလုပ် အက်စ်-၄၀၀ လေကြောင်းရန် ကာကွယ်ရေးစနစ်များကို ဆက်လက် လက်ခံရရှိမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်အဘီးအာမက်က ပြောကြားထားသည်။

အက်စ်ယူ-၃၅ တိုက်လေယာဉ် ပထမဆုံးအသုတ် လက်ခံရရှိမှုသည် အီသီယိုးပီးယားနိုင်ငံ၏ အမျိုးသားလုံခြုံရေး အားကောင်းခိုင်မာရေး ကြိုးပမ်းမှုများအတွက် အဓိက ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း အီသီယိုးပီးယားဝန်ကြီးချုပ်က ပြောကြားသည်။

ရုရှားသမ္မတပူတင်၏ အကူအညီဖြင့် မှာယူထားသည့် အက်စ်ယူ-၃၅ တိုက်လေယာဉ်များအနက် ပထမဆုံးအသုတ်ကို မူလစီစဉ်ထားသည်ထက် တစ်နှစ်စောလျှင် လက်ခံရရှိခဲ့ခြင်းဖြစ်သည်။

အီသီယိုးပီးယား နိုင်ငံသည် ရုရှားနိုင်ငံထံမှ အက်စ်ယူ-၃၅ တိုက်လေယာဉ် ၁၂ စင်းနှင့် အက်စ်-၄၀၀ လေကြောင်းရန်ကာကွယ်ရေးစနစ် လေးခုမှာယူထားကြောင်းသိရသည်။

Ref : RT
Trs : KKO

စပေ့အိတ်ကုမ္ပဏီက စတားလင့်ခ်ဂြုိဟ်တုအုပ်စုသစ်ကို ဗင်ဒန်ဘာ့ဂ်အာကာသစခန်းမှတစ်ဆင့် အောင်မြင်စွာလွှတ်တင်ခဲ့



ဝါရှင်တန် အောက်တိုဘာ ၂၉

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် အောက်တိုဘာ ၂၇ ရက်တွင် စတားလင့်ခ် ဂြုိဟ်တုအုပ်စုသစ်ကို ဗင်ဒန်ဘာ့ဂ် အာကာသစခန်းမှ တစ်ဆင့် အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း အောက်တိုဘာ ၂၈ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ စတားလင့်ခ်ဂြုိဟ်တု ၂၇ စင်းကို သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ရှစ်မိနစ်ခန့် အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ ပထမအဆင့် ပင်မဒုံးယာဉ်သည် ပစိဖိတ်သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသော မောင်းသူမဲ့တွဲ ရေယာဉ်ပေါ်သို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

လွှတ်တင်ပြီး ၅၃ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံထိပ်ဖူးအဆင့် ဒုံးယာဉ်သည် သယ်ဆောင်ထားသည့် စတားလင့်ခ်ဂြုိဟ်တု ၂၇ စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာပို့ဆောင်နိုင်ခဲ့သည်ဟု စပေ့အိတ်ကုမ္ပဏီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

အောက်တိုဘာ ၂၇ ရက်မစ်ရှင်သည် စပေ့အိတ်ကုမ္ပဏီက ၂၀၂၆ ခုနှစ်တွင် လွှတ်တင်ခဲ့သော ၁၁၇ ကြိမ်မြောက် ဖယ်လ်ကွန်-၉ မစ်ရှင် ဖြစ်ကြောင်း သိရသည်။

စပေ့အိတ်ကုမ္ပဏီသည် ယခုနှစ်အတွင်း လွှတ်တင်ခဲ့သည့် ဖယ်လ်ကွန်-၉ မစ်ရှင်များအနက် လေးပုံသုံးပုံမှာ စတားလင့်ခ် ဂြုိဟ်တုကွန်ရက်အတွက် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO


ရက်ပေါင်း ၂၇ ရက်ထိ ကြာမြင့်ခဲ့သော ဂမ်မာရောင်ခြည်ပေါက်ကွဲမှု ဖြစ်စဉ်တစ်ရပ်ကို နက္ခတ္တရူပသိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ

လန်ဒန် အောက်တိုဘာ ၂၉

ရက်ပေါင်း ၂၇ ရက်ထိ ကြာမြင့်ခဲ့သော ဂမ်မာရောင်ခြည်ပေါက်ကွဲမှု ဖြစ်စဉ်တစ်ရပ်ကို နက္ခတ္တရူပ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း အောက်တိုဘာ ၂၈ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

စံချိန်တင် ကြာမြင့်ခဲ့သည့် အဆိုပါ ဂမ်မာရောင်ခြည်ပေါက်ကွဲမှုဖြစ်စဉ်ကို GRB 220706A ဟူ၍ ဗြိတိန်နိုင်ငံ ဘာမင်ဂမ် တက္ကသိုလ်မှ သိပ္ပံပညာရှင်များက အမည်ပေးထားသည်။

ယခင်တွေ့ရှိခဲ့ဖူးသော ဂမ်မာရောင်ခြည်ပေါက်ကွဲမှုဖြစ်စဉ်များအနက် အချိန်အကြာဆုံးဖြစ်စဉ်မှာ ရက်ပေါင်း ၂၀ ထိသာ ကြာမြင့်ခဲ့ဖူးကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။



GRB 220706A ဂမ်မာရောင်ခြည်ပေါက်ကွဲမှုဖြစ်စဉ်ကို ဖန်တီးပေးခဲ့သည့် စွမ်းအင်အရင်းအမြစ်ကို ဗြိတိန် သိပ္ပံပညာရှင်များက စူးစမ်းရှာဖွေနေကြဆဲဖြစ်သည်။

ဂမ်မာရောင်ခြည် ပေါက်ကွဲမှုဖြစ်စဉ်များသည် စကြဝဠာ၏ စွမ်းအင်ပေါ်ထွက်မှုအမြင့်မားဆုံး ပေါက်ကွဲမှုဖြစ်စဉ်များ ဖြစ်ကြကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

ဂမ်မာရောင်ခြည် ပေါက်ကွဲမှုဖြစ်စဉ်များသည် အရွယ်အစားကြီးမားသည့် ကြယ်ကြီးများပြိုကွဲချိန်တွင် ပေါ်ထွက်လာတတ်သည့် စွမ်းအင်ပေါက်ကွဲမှုများ ဖြစ်နိုင်သည်ဟု သိပ္ပံပညာရှင်များက ယူဆထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

အင်္ဂါဂြုိဟ်လေထုကို ဒုံးပျံလောင်စာအဖြစ် ပြောင်းလဲပေးနိုင်မည့် ဓာတ်ကူပစ္စည်းတစ်မျိုးကို တရုတ်သိပ္ပံပညာရှင်များ ဖန်တီးထား

ပေကျင်း အောက်တိုဘာ ၂၉

အင်္ဂါဂြုိဟ်လေထုကို ဒုံးပျံလောင်စာအဖြစ် ပြောင်းလဲပေးနိုင်မည့် ဓာတ်ကူပစ္စည်းတစ်မျိုးကို တရုတ်သိပ္ပံပညာရှင်များက ဖန်တီးထားကြောင်း အောက်တိုဘာ ၂၈ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ ဓာတ်ကူပစ္စည်းကို အန်းဟွီးပြည်နယ် ဟီဖိုင်မြို့အခြေစိုက် အာကာသဟင်းလင်းပြင် စူးစမ်းလေ့လာရေး ဓာတ်ခွဲခန်းမှ သိပ္ပံပညာရှင်များက ဖန်တီးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

တရုတ် သိပ္ပံပညာရှင်များ ဖန်တီးထားသော အဆိုပါဓာတ်ကူပစ္စည်းသည် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို မီသနော လောင်စာရည်အဖြစ် ပြောင်းလဲပေးနိုင်ကြောင်း သိရသည်။

အင်္ဂါဂြုိဟ်လေထုလွှာ၏ ၉၅ ရာခိုင်နှုန်းကို ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း တရုတ် သိပ္ပံပညာရှင်များက ပြောကြားသည်။

လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ အင်္ဂါဂြုိဟ်မျက်နှာပြင်လေ့လာရေးယာဉ်များကို အပူပေးရေးနှင့် စွမ်းအင်ဖြည့်ဆည်းပေးရေးတို့အတွက် မီသနောကို လောင်စာရည်အဖြစ် အသုံးပြုနိုင်ကြောင်း တရုတ်သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

တရုတ်နိုင်ငံသည် အင်္ဂါဂြုိဟ်ပေါ်သို့ အာကာသယာဉ်မှူးများ စေလွှတ်နိုင်ရန် ရည်ရွယ်ထားသည့် အာကာသနည်းပညာ အင်အားကြီးနိုင်ငံဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

ဆီးကျိတ်ကင်ဆာရောဂါကြောင့် အသက်ဆုံးပါးနိုင်ခြေအမြင့်ဆုံးလူနာများကို မျိုးဗီဇစမ်းသပ်မှုတစ်မျိုးဖြင့် ဖော်ထုတ်နိုင်

လန်ဒန် အောက်တိုဘာ ၂၉

မျိုးဗီဇစမ်းသပ်မှုတစ်မျိုးဖြင့် ဆီးကျိတ်ကင်ဆာရောဂါကြောင့် အသက်ဆုံးပါးနိုင်ခြေ အမြင့်မားဆုံးလူနာများကို ဖော်ထုတ်ပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကိုကိုးကား၍ အောက်တိုဘာ ၂၈ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

Decipher အမည်ရှိ အဆိုပါ မျိုးဗီဇစမ်းသပ်မှုကို ဗြိတိန်နိုင်ငံ လန်ဒန်ကောလိပ် တက္ကသိုလ်မှ သုတေသနပညာရှင်များကဖန်တီးထားခြင်းဖြစ်ကြောင်း သိရသည်။

Decipher မျိုးဗီဇစစ်ဆေးနည်းသည် ကင်ဆာဆဲလ်များအတွင်းရှိ မျိုးဗီဇများကို စစ်ဆေး၍ ၎င်းကင်ဆာဆဲလ်များ မည်မျှအန္တရာယ်ကြီးမားပြီး မည်မျှပျံ့နှံ့နိုင်ခြေရှိသည်တို့ကို ဖော်ထုတ်ပေးနိုင်ကြောင်း ဗြိတိန် သုတေသနပညာရှင်များက ပြောကြားသည်။

Decipher မျိုးဗီဇစစ်ဆေးနည်းကို အသုံးချခြင်းဖြင့် ဆီးကျိတ်ကင်ဆာရောဂါကြောင့် သေဆုံးနိုင်ခြေ အမြင့်မားဆုံး အမျိုးသားလူနာများကို ဖော်ထုတ်ပေးနိုင်သကဲ့သို့ လူနာများအတွက် သီးသန့် တစ်ကိုယ်ရည် ကုထုံးများကိုလည်း အသုံးချခွင့်ရနိုင်ကြောင်း သိရသည်။

ဗြိတိန်သုတေသနပညာရှင်များသည် Decipher မျိုးဗီဇစမ်းသပ်နည်းကို ဆီးကျိတ်ကင်ဆာလူနာအမျိုးသား ၆၀၀၀ တို့ဖြင့် လက်တွေ့စမ်းသပ်မှုများပြုလုပ်ခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

Ref : Sputnik News
Trs : KKO

အိပ်စက်ချိန်လေပြွန်ပိတ်ဆို့မှုကြိမ်ရေကို Retatrutide ထိုးဆေးက လျှော့ချပေးနိုင်

ကင်ဘာရာ အောက်တိုဘာ ၂၉

Retatrutide အမည်ရှိ ကိုယ်အလေးချိန် လျှော့ချရေးထိုးဆေးသည် အဝလွန်သူများ၌ အိပ်စက်ချိန် လေပြွန်ပိတ်ဆို့မှုကြိမ်ရေကို လျှော့ချပေးနိုင်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုကို ကိုးကား၍ အောက်တိုဘာ ၂၈ ရက် သတင်းများတွင် ရေးသား ဖော်ပြထားသည်။

ဩစတြေးလျသုတေသန ပညာရှင်များသည် Retatrutide ဆေးများ၏ အိပ်စက်ချိန် လေပြွန်ပိတ်ဆို့မှုပြဿနာအပေါ် အကျိုးသက်ရောက်မှုကို ဖော်ထုတ်ရေး အတွက် လက်တွေ့စမ်းသပ်ကုသမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှပေါ်ထွက်လာသည့် ရလဒ်များအရ Retatrutide ဆေးဖြင့် စမ်းသပ်ကုသမှုခံယူခဲ့ပြီး ရက်သတ္တပတ် ၈၀ အကြာတွင် အဝလွန်သူများ၌ အိပ်စက်ချိန် လေပြွန်ပိတ်ဆို့မှုကြိမ်ရေ ကျဆင်းသွားသည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

အိပ်စက်ချိန် လေပြွန်ပိတ်ဆို့မှုပြဿနာ ခံစားရသူများသည် အိပ်စက်နေချိန်တွင် လေပြွန်ကြွက်သားများ ပိတ်ဆို့မှုကြောင့် မကြာခဏ အသက်ရှူရပ်တန့်သွားတတ်ကြောင်း သိရသည်။

အိပ်စက်ချိန် လေပြွန်ပိတ်ဆို့မှုရောဂါ၏ အဓိက နောက်ခံအကြောင်းတရားမှာ အဝလွန်မှုဖြစ်ပြီး ကိုယ်အလေးချိန်ကို လျှော့ချနိုင်ပါက ၎င်းလေပြွန်ပိတ်ဆို့မှုပြဿနာကို လျှော့ချနိုင်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



မြန်မာဖူဆယ်လိဂ် ယူ-၁၆ပြိုင်ပွဲ ပွဲစဉ်(၁၅)ပွဲစဉ်များ ဆက်လက်ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၉

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဖူဆယ်နှင့် သဲသောင်ပြင် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာဖူဆယ်လိဂ်ယူ-၁၆ ပြိုင်ပွဲ ပွဲစဉ်(၁၅)ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီခွဲမှစတင်ပြီး ရန်ကုန်မြို့ MFF Futsal Stadium တွင် ကျင်းပခဲ့ကြောင်းသိရသည်။

မြန်မာ ဖူဆယ်လိဂ်ယူ-၁၆ ပြိုင်ပွဲ ပွဲစဉ်(၁၅)ပွဲစဉ်များအဖြစ် ယနေ့နံနက် ၈ နာရီခွဲက ယူနိုက်တက်အသင်းနှင့် TKA Star အသင်းတို့ကစားခဲ့ရာ TKA Star အသင်းက နှစ်ဂိုး တစ်ဂိုး၊ နံနက် ၁၀ နာရီက ပစိဖိတ်ဆန်းဖား အသင်းနှင့် အဇန်ဂျာဂျူနီယာ အသင်းတို့ ကစားခဲ့ရာ ပစိဖိတ်ဆန်းဖားအသင်းက သုံးဂိုး တစ်ဂိုး ဖြင့်အနိုင်ရခဲ့ပြီး နံနက် ၁၁ နာရီခွဲက မာရိန်အသင်းနှင့် Jullniss အသင်းတို့ ကစားခဲ့ရာ သုံးဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ဆက်လက်ပြီး မွန်းလွဲ ၁နာရီက SGF Youth အသင်းနှင့် Bushido အသင်းတို့ကစားခဲ့ရာ SGF Youth အသင်းက ရှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရခဲ့ပြီး မွန်းလွဲ ၂ နာရီခွဲက ဗစ်တိုးရီးယားအသင်းနှင့် မင်းမဟော် အသင်းတို့ကစားခဲ့ရာ ခြောက်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ကာ ညနေ ၄ နာရီက မဟာဘားမားအသင်းနှင့် ရွှေပြည်သာ ယူနိုက်တက်အသင်းတို့ကစားခဲ့ရာ မဟာဘားမား အသင်းက ကိုးဂိုး ငါးဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာ ဖူဆယ်လိဂ်ယူ-၁၆ ပြိုင်ပွဲ ပွဲစဉ်(၁၅)အပြီးတွင် SGF Youth အသင်းက ၁၂ ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ် ၃၈ မှတ် ဂိုးကွာခြားချက်အသာဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်နေကြောင်းသိရသည်။

STA

40th ASEAN Senior Amateur Championship 2026 ပြိုင်ပွဲတွင် မြန်မာစီနီယာအပျော်တမ်းဂေါက်သီးရိုက်အသင်း တံခွန်စိုက်ချန်ပီယံဆုအပါအဝင် အောင်မြင်မှုများရရှိ



ရန်ကုန် အောက်တိုဘာ ၂၉

ဖိလစ်ပိုင်နိုင်ငံတွင် အောက်တိုဘာ ၂၅ ရက်မှ ၂၉ ရက်ထိ ကျင်းပခဲ့သည့် 40th ASEAN Senior Amateur Championship 2026 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မြန်မာစီနီယာ အပျော်တမ်းဂေါက်သီးရိုက်အသင်းသည် အသင်းလိုက်ပြိုင်ပွဲများတွင် တံခွန်စိုက်ချန်ပီယံဆု အပါအဝင် ဆုတံဆိပ်များနှင့် တစ်ဦးချင်းဆုများကို ဆွတ်ခူးခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို ဖိလစ်ပိုင်နိုင်ငံရှိ Eagle Ridge Golf and Country Club ၏ Nick Faldo နှင့် Andy Dye ဂေါက်ကွင်းတို့တွင် ကျင်းပခဲ့ခြင်းဖြစ်ပြီး အိမ်ရှင်ဖိလစ်ပိုင်နိုင်ငံအပါအဝင် ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ မြန်မာနိုင်ငံတို့မှ အသက် ၅၅ နှစ်နှင့်အထက် စီနီယာအပျော်တမ်း ဂေါက်သီးရိုက်အားကစားသမား စုစုပေါင်း ၂၆၈ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲတွင် အသင်းလိုက် အကျော်မဲ့ပြိုင်ပွဲ၌ ဦးကိုကိုအေး (MGF)၊ ဦးအိုက်ပန်း (MGF)၊ ဦးစိုး (မန္တလေး)၊ ဦးစိုင်းဖိလစ်ရီ၊ ဦးဆန်းမင်း၊ ဦးအောင်လင်းတို့ ပါဝင်သော မြန်မာအသင်းက ဒုတိယဆုကို ဆွတ်ခူးခဲ့သည်။

အသင်းလိုက် အကျောပေး ပြိုင်ပွဲ၌ ဦးလှမြင့်ရွှေ(MGF)၊ ဦးတင်မောင်မောင်ဝင်း (MGF)၊ ဦးဝင်းမြင့်ချင်း(MGF)၊ ဦးကိုကိုအောင်၊ ဦးစိုင်းအိုက်အောင်၊ ဦးဆန်းအောင်တို့ ပါဝင်သော မြန်မာအသင်းက ပထမ တံခွန်စိုက်ချန်ပီယံဆုကို ဆွတ်ခူးခဲ့သည်။

ထို့ပြင် Stableford ပြိုင်ပွဲ၏ သက်တမ်းအလိုက် အသင်းလိုက် ပြိုင်ပွဲတွင် ဗိုလ်ချုပ်ဝင်းလှိုင် (ငြိမ်း) (MGF)၊ ဦးအောင်ကြည် (MGF)၊ ဦးခင်မောင်တင့်၊ ဦးရွှေထွန်းလှိုင်၊ ဦးအောင်ဝင်း၊ ဦးကျော်ထွန်း၊ ဦးလွှမ်းအောင်၊ ဦးကျော်နိုင်ဝင်းတို့ပါဝင်သော မြန်မာအသင်းက တတိယဆုကို ဆွတ်ခူးခဲ့ပြီး တစ်ဦးချင်း ပြိုင်ပွဲများတွင်လည်း မြန်မာ ကစားသမားများကဆုများကို အသီးသီးရရှိခဲ့ကြကြောင်း သိရသည်။

STA

ဂျိတ်ခ်ပေါလ်နှင့် အန်သိုနီဂျိုရှုအာတို့ထိုးသတ်ရန် ဆွေးနွေးမှုများလုပ်ဆောင်မည်ဟု ပွဲစီစဉ်သူ နာကီဆာပြောကြား



ဝါရှင်တန် အောက်တိုဘာ ၂၉

အမေရိကန် လက်ဝှေ့သမား ဂျိတ်ခ်ပေါလ်နှင့် ဗြိတိန်လက်ဝှေ့သမား အန်သိုနီဂျိုရှုအာတို့ လာမည့် ၂၀၂၇ ခုနှစ်အတွင်း ထိုးသတ်ရန်ဆွေးနွေးမှုများ လုပ်ဆောင်မည်ဟု ဂျိတ်ခ်ပေါလ်၏ပွဲစီစဉ်သူ နာကီဆာက ယနေ့တွင် အတည်ပြုပြောကြားခဲ့ကြောင်း Boxing World သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

ဂျိတ်ခ်ပေါလ်နှင့် အန်သိုနီဂျိုရှုအာတို့သည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ထိုးသတ်ခဲ့ရာ အန်သိုနီဂျိုရှုအာက အလဲထိုးဖြင့်အနိုင်ရခဲ့ပြီး ဂျိတ်ခ်ပေါလ်က အဆိုပါ ပွဲစဉ်တွင် မေးရိုးကျိုးဒဏ်ရာရရှိခဲ့ပြီးနောက် အနားယူခဲ့ရခြင်းဖြစ်သည်။

နာကီဆာက “ဂျိတ်ခ်ပေါလ်က အန်သိုနီဂျိုရှုအာနဲ့ မကျေပွဲပြန်လည်ထိုးသတ်ဖို့တောင်းဆိုထားပါတယ်။ အန်သိုနီဂျိုရှုအာနဲ့ ဂျိတ်ခ်ပေါလ်တို့မကျေပွဲစဉ်ကို ၂၀၂၇ခုနှစ်မှာထိုးသတ်ဖို့ ဆွေးနွေးမှုတွေ လုပ်ဆောင်သွားမှာပါ။ ဂျိတ်ခ်ပေါလ်အတွက် အန်သိုနီဂျိုရှုအာနဲ့ မကျေပွဲထိုးသတ်မဲ့ပွဲက အကောင်းဆုံးပွဲစဉ်ဖြစ်လာမှာပါ”ဟု ပြောကြားခဲ့သည်။

ဂျိတ်ခ်ပေါလ်သည် အန်သိုနီဂျိုရှုအာနှင့် ထိုးသတ်ခဲ့သည့်ပွဲစဉ်အပြီး ဆေးဝါးကုသမှုများလုပ်ဆောင်ခဲ့ပြီးနောက် လက်ရှိတွင် ဒဏ်ရာမှာ ရာနှုန်းပြည့်ပြန်လည်ကောင်းမွန်လာခဲ့သည့် အတွက် အန်သိုနီဂျိုရှုအာနှင့် ပြန်လည်ထိုးသတ်ရန် စီစဉ်နေခြင်းဖြစ်ကြောင်း သိရသည်။

Ref : Boxing World

Trs : STA

မြန်မာလိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၂၁)တွင် ဒဂုံစတားအသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ ကိုယ်စီအနိုင်ရ

ရန်ကုန် အောက်တိုဘာ ၂၉

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာလိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၂၁) ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ဒဂုံစတားအသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ ကိုယ်စီအနိုင်ရခဲ့ကြောင်း သိရသည်။

မြန်မာလိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၂၁)ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ ဗဟန်းအားကစားကွင်းတွင် ဟံသာဝတီယူနိုက်တက်အသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ ကစားခဲ့ရာ ရတနာပုံအက်ဖ်စီ အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရပြီး ရတနာပုံ အက်ဖ်စီအသင်းအတွက် တစ်လုံးတည်းသော သွင်းဂိုးကို ပွဲချိန်မိနစ် ၇၀ တွင် Sa Htunt Awar က သွင်းယူခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက သီဟဒီပ အားကစားကွင်းတွင် မြဝတီအက်ဖ်စီအသင်းနှင့် ဒဂုံစတားအသင်းတို့ကစားခဲ့ရာ ဒဂုံစတားအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရပြီး ပွဲချိန် ၁၉ မိနစ်တွင် မျိုးမင်းခန့်က မြဝတီအက်ဖ်စီအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း ပွဲချိန် ၆၆ မိနစ်တွင် ညီနိုင်က ဒဂုံစတားအသင်းအတွက် ချေပဂိုးနှင့်ပွဲချိန် ၇၆ မိနစ်တွင် ဇောဘိုဘိုထွဋ်က ဦးဆောင်ဂိုးသွင်းယူခဲ့ပြီးနောက် ပွဲပြီးဆုံးချိန်တွင် ဒဂုံစတားအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာလိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၂၁)အပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက ၁၅ ပွဲနိုင်၊ လေးပွဲသရေ၊ နှစ်ပွဲရှုံး ရမှတ် ၄၉ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်နေကြောင်းသိရသည်။

STA

ကွာရာဘောင်းဖလားပြိုင်ပွဲ စတုတ္ထအကျော့တွင် ချဲလ်ဆီးအသင်းကိုအနိုင်ရပြီး လီဗာပူးအသင်းကွာတားဖိုင်နယ်အဆင့် တက်ရောက်

လန်ဒန် အောက်တိုဘာ ၂၉

ကွာရာဘောင်းဖလား ပြိုင်ပွဲ စတုတ္ထအကျော့ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက လီဗာပူးအသင်းနှင့် ချဲလ်ဆီးအသင်းတို့ ကစားခဲ့ရာ လီဗာပူးအသင်းက ပင်နယ်တီ အဆုံးအဖြတ်ဖြင့် အနိုင်ရပြီးနောက် ကွာတားဖိုင်နယ်အဆင့်သို့တက် ရောက်ခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။



အဆိုပါပွဲစဉ် ပွဲချိန်မိနစ် ၄၀ တွင် ချဲလ်ဆီးအသင်းက ပင်နယ်တီကန်သွင်းခွင့်ရရှိခဲ့ရာ ရော်ဂျာက ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း ပွဲချိန် ၄၃ မိနစ်တွင် လီဗာပူးအသင်းက ပင်နယ်တီ ပြန်လည်ကန်သွင်းခွင့်ရရှိခဲ့ရာ ဂတ်ပိုက ချေပဂိုး သွင်းယူခဲ့သည့် အတွက် ပထမပိုင်းအပြီးတွင်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ သည်။

ထို့နောက် ဒုတိယပိုင်းတွင်လည်း နှစ်သင်းလုံးတိုက်စစ်ပိုင်းအားနည်းမှုများကြောင့် သွင်းဂိုးများသွင်းယူနိုင်ခြင်းမရှိဘဲ ပွဲပြီးဆုံးချိန်တွင် တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သည့်အတွက် ပင်နယ်တီအဆုံးအဖြတ်ကစားခဲ့ရခြင်းဖြစ်သည်။

ပင်နယ်တီ အဆုံးအဖြတ်တွင် စုစုပေါင်း ရှစ်ကြိမ်စီကန်သွင်းခဲ့ရာ လီဗာပူးအသင်းက နှစ်ကြိမ်သာ လွဲချော်ခဲ့ပြီး ချဲလ်ဆီးအသင်းက သုံးကြိမ်ထိ လွဲချော်ခဲ့သည့်အတွက် လီဗာပူးအသင်းက အနိုင်ရပြီးနောက် ကွာတားဖိုင်နယ်အဆင့် တက်ရောက်ခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် ကွာရာဘောင်းဖလား ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် လာမည့်ဒီဇင်ဘာ ၁၄ ရက်တွင် ဘုန်းမောက်အသင်းနှင့် ဆက်လက် ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

စနေနေ့ညကစားမဲ့ အမှတ်ပေးပြိုင်ပွဲမှာ နိုင်ပွဲရှာဖို့လိုအပ်နေတဲ့ ဆန်းဒါးလန်းအသင်း၊ အေတီကိုအသင်း၊ ရိုးမားအသင်းတို့ကို ရွေးရမှာပါ

M L



ဥရောပအမှတ်ပေးပြိုင်ပွဲတွေ ကစားလာတာဆိုရင် လက်ရှိမှာ ပွဲစဉ် (၈) ကျော်လာတာကြောင့် အသင်းအများစုဟာ ဒဏ်ရာရကစားသမားများပြားလာတာကို တွေ့ရမှာပါ။ ဒါ့ပြင် အချို့အသင်းကြီးတွေအနေနဲ့ အရန်ကစားသမားအင်အားကောင်းပေမဲ့လဲ ကစားသမားအလှည့်ကျအသုံးပြုခြင်းမရှိတာကြောင့် အမြဲတမ်းပွဲထွက်ခွင့်ရနေတဲ့ကစားသမားတွေအနေနဲ့ ပွဲပန်းမှုဒဏ်ကို ခံစားလာရတာကို တွေ့ရမှာပါ။ အမှတ်ပေးပြိုင်ပွဲအပြင် ဥရောပပြိုင်ပွဲကစားခွင့်ရနေတဲ့အသင်းတွေဟာ ဒဏ်ရာရပွဲပန်းမှုဒဏ်ကို အများဆုံးခံစားခဲ့ရလို့ ပြီးခဲ့တဲ့ရက်သတ္တပတ်စနေနေ့ညမှာတော့ အသင်းကြီးအများစု ရလဒ်ဆိုးရွားခဲ့တာကိုသတိပြုရမှာပါ။ လာမဲ့ စနေနေ့ညမှာတော့ ခြေရည်တူအသင်းပွဲစဉ်တွေများနေတဲ့အထဲက နိုင်ပွဲရှာဖို့လိုအပ်နေတဲ့ ဆန်းဒါးလန်းအသင်း၊ အေတီကိုအသင်း၊ ရိုးမားအသင်းတို့ကို ရွေးရမှာပါ။

ဆန်းဒါးလန်းအသင်းကို ရွေးရမှာပါ

စနေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့တာကတော့ ကိုဗင်ထရီအသင်းနဲ့ ဆန်းဒါးလန်းအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ကိုဗင်ထရီအသင်းကတော့ ဒီနှစ်မှ ပရီးမီးယားလိဂ်ကို စတင်ရောက်ရှိလာခဲ့ပေမဲ့ ရာသီအစပွဲစဉ်တွေမှာ အသင်းကြီးတွေနဲ့ ဆက်တိုက်ကစားရတာကြောင့် နိုင်ပွဲရဖို့ရန်းကန်ခဲ့ရတာကို တွေ့ရမှာပါ။ လက်ရှိပရီးမီးယားလိဂ်ရှစ်ပွဲကစားအပြီးမှာတော့ နှစ်ပွဲနိုင်၊ ခြောက်ပွဲရှုံးရလဒ်နဲ့ ရမှတ်ခြောက်မှတ်သာရခဲ့တာကြောင့် အမှတ်ပေးဇယားအဆင့် (၁၉)မှာ ရောက်ရှိခဲ့တာဖြစ်ပါတယ်။ နည်းပြလမ်းပတ်ကတော့ အသင်းမှာရှိတဲ့ကစားသမားတွေကို ဆက်လက်ထိန်းသိမ်းပြီး ၄-၂-၃-၁ ကစားကွက်နဲ့ပွဲထွက်ခဲ့ပေမဲ့ ထိပ်တန်းအဆင့် ကစားသမားကောင်းနည်းပါးတာကြောင့် ကစားသမားစုဖွဲ့မှုကောင်းတဲ့ အသင်းတွေနဲ့ဆို ရလဒ်ကောင်းဖို့ရန်းကန်ရတာကို သတိပြုရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာလဲခံစစ်ပိုင်းက ပေးဂိုးရှစ်ဂိုးထိခွင့်ပြုခဲ့ရတာကြောင့် အခုပွဲမှာလဲ ဆန်းဒါးလန်းအသင်းကို ထိန်းချုပ်နိုင်ဖို့တော့ မလွယ်ပါဘူး။

ဆန်းဒါးလန်းအသင်းကတော့ ပြီးခဲ့တဲ့ဘောလုံးရာသီမှာ ကစားသမားဖြည့်တင်းမှုတွေပြုလုပ်နိုင်ခဲ့တာကြောင့် ဘောလုံးရာသီပိတ်သိမ်းချိန်မှာ အမှတ်ပေးဇယား အဆင့် (၇) နေရာထိရောက်ရှိခဲ့ပြီး ယူရိုပါလိဂ်ပြိုင်ပွဲကစားခွင့်ရခဲ့တာဖြစ်ပါတယ်။ အခုနှစ်မှာလဲ သူတို့အသင်းအနေနဲ့ တိုက်စစ်က မာလစ်ဖိုဖန်ခ၊ ခံစစ်က ဒန်ဆို၊ သောမတ်မူနီယာတို့လို ကစားသမားကောင်းတွေ ထပ်မံဖြည့်တင်းနိုင်ခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့ သူတို့အသင်းဟာ ဥရောပပြိုင်ပွဲကို အာရုံစိုက်ခဲ့တာကြောင့် အမှတ်ပေးပွဲမှာတော့ တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ ငါးပွဲရှုံးရလဒ်ရရှိခဲ့ပြီး အမှတ်ပေးဇယားအဆင့် (၂၀) မှာ ရောက်ရှိနေတာဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိမှာ ရမှတ်ငါးမှတ်နဲ့ အမှတ်ပေးဇယားအောက်ဆုံးရောက်နေလို့ ကိုဗင်ထရီလို စုဖွဲ့မှုအားနည်းပြီး ခံစစ်ပိုင်းအားနည်းနေတဲ့အသင်းနဲ့တွေ့ချိန်မှာ ရမှတ်ရှာဖွေနိုင်မှသာ တန်းဆင်းဇုန်ကလွတ်ဖို့ အခွင့်အရေးရမှာပါ။ သူတို့နှစ်သင်းနောက်ဆုံးတွေ့ဆုံခဲ့တဲ့ ချန်ပီယံရှစ်ပြိုင်ပွဲမှာတော့ ဆန်းဒါးလန်းအသင်းက ရှုံးနိမ့်ခဲ့ခြင်းမရှိသလို လက်ရှိမှာလဲ အတွေ့အကြုံရှိတဲ့ကစားသမားတွေပိုများနေတာကြောင့် အခုပွဲမှာ ကိုဗင်ထရီကို ဖိအားပေးနိုင်မှာသေချာလို့ ဆန်းဒါးလန်းအသင်းကိုပဲရွေးရမှာပါ။

ကိုဗင်ထရီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

ကိုဗင်ထရီ	၁	- ၃	အေဗီလာ
နော်တင်ဟမ်	၀	- ၁	ကိုဗင်ထရီ
ကိုဗင်ထရီ	၄	- ၁	နယူးကာဆယ်
စပါး	၃	- ၁	ကိုဗင်ထရီ
ကိုဗင်ထရီ	၀	- ၁	ဖူလ်ဟမ်

ဆန်းဒါးလန်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

တိုရန်စ်	၁	- ၂	ဆန်းဒါးလန်း
ဘုန်းမောက်	၂	- ၀	ဆန်းဒါးလန်း
လက်ပိုနန်	၁	- ၁	ဆန်းဒါးလန်း
ဆန်းဒါးလန်း	၀	- ၀	လီဒ်ယူနိုက်တက်
ဆန်းဒါးလန်း	၃	- ၂	ဘရန်ဖို့ဒ်

အေတီကိုအသင်း နိုင်ပွဲရမှာပါ

စနေနေ့ညကစားမဲ့ လာလီဂါပြိုင်ပွဲမှာ အကြိုက်တွေ့မိတာကတော့ လီဗန်တေးအသင်းနဲ့ အေတီကိုအသင်းတို့ရဲ့ပွဲစဉ်ပဲဖြစ်ပါတယ်။ လီဗန်တေးအသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီမှာ လာလီဂါကို တန်းတက်လာတဲ့အသင်းဖြစ်ပြီး အိမ်ကွင်းပွဲစဉ်တွေမှာ ရမှတ် ၂၆ မှတ်ထိ စုဆောင်းနိုင်ခဲ့တာကြောင့် ရာသီကုန်ဆုံးချိန်မှာ အမှတ်ပေးဇယားအဆင့် (၁၅) နဲ့ အခုပြိုင်ပွဲမှာ ဆက်လက်ကစားခွင့်ရခဲ့တာကို တွေ့ရမှာပါ။ အခုနှစ်မှာတော့ အသင်းအနေနဲ့ ခြေစွမ်းပြကစားသမားဖြည့်တင်းနိုင်ခြင်းမရှိခဲ့တာကြောင့် အမှတ်ပေးပွဲ ၁၀ ပွဲအပြီးမှာ နှစ်ပွဲနိုင်၊ လေးပွဲသရေ၊ လေးပွဲရှုံးခဲ့ပြီး ရမှတ် ၁၀ မှတ်နဲ့ အဆင့် (၁၄) မှာရပ်တည်နေတာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်မှာတော့ တိုက်စစ်ပိုင်းက ပွဲတိုင်းဂိုးရခဲ့ပေမဲ့ ခံစစ်ပိုင်းကလဲ ပွဲတိုင်းပေးဂိုးရှိခဲ့ပြီး ၁၀ ဂိုးထိခွင့်ပြုခဲ့ရတာဖြစ်ပါတယ်။ သူတို့အသင်းကတော့ ၄-၄-၂ ကစားကွက်နဲ့ တန်ပြန်တိုက်စစ်အသားပေးကစားနေတာကြောင့် တိုက်စစ်ကစားအားကောင်းတဲ့အသင်းတွေနဲ့ဆို ပေးဂိုးများနေတာကို သတိပြုရမှာပါ။ လာမဲ့ အိမ်ကွင်းပွဲမှာလဲ အေတီကိုအသင်းလို လာလီဂါဆုဖလားရဖို့ကြိုးပမ်းနေတဲ့အသင်းနဲ့တွေ့တာကြောင့် ပေးဂိုးမများဖို့ကိုသာ ကြိုးပမ်းရမှာဖြစ်ပါတယ်။

အေတီကိုအသင်းနည်းပြဆီမြွန်နီကတော့ အခုရာသီမှာ ဆုဖလားအောင်မြင်မှုရဖို့ ပြိုင်ပွဲတိုင်းကို ကြိုးပမ်းကစားနေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ လာလီဂါ ၁၀ ပွဲကစားအပြီးမှာ ရှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်နဲ့ရမှတ် ၂၅ မှတ်ရခဲ့ပြီး အမှတ်ပေးဇယား ဒုတိယနေရာမှာ ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အဆင့် (၁) က ဘာစီလိုနာအသင်းနဲ့ ရမှတ်နှစ်မှတ်သာကွာနေတာဖြစ်လို့ လာမဲ့ ပွဲစဉ်တွေကိုလဲ အာရုံစိုက်ကစားနေပြီး ဆုဖလားကို စိန်ခေါ်နိုင်ဖို့ပစ်မှတ်ထားနေတာကို တွေ့ရမှာပါ။ နည်းပြဆီမြွန်နီကတော့ ပြိုင်ဘက်ရဲ့ကစားပုံကိုလိုက်ပြီး ကစားကွက်ပိုင်းပြောင်းလဲကစားနေတာကြောင့် ပြိုင်ဘက်အသင်းတွေအနေနဲ့ ထိန်းချုပ်ရခက်နေတာကို သတိပြုရမှာပါ။ အခုပွဲမှာလဲ ရီမီယို၊ ကာဒိုဆို၊ ကိုကီတို့ကလွဲရင် ကစားသမားအားလုံးကစားနိုင်မှာဖြစ်လို့ လီဗန်တေးလိုအသင်းကိုတော့ ထိန်းချုပ်ကစားနိုင်မှာသေချာတာကြောင့် အေတီကိုအသင်းပဲ နိုင်ပွဲရသွားမှာပါ။

လီဗန်တေးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

ဗီလာရီးရဲလ်	၃	- ၁	လီဗန်တေး
လီဗန်တေး	၃	- ၃	ဆီဗီလာ
ဒီပို့တီဗို	၁	- ၁	လီဗန်တေး
လီဗန်တေး	၃	- ၁	ဘီလ်ဘာအို
ဆိုစီဒက်	၂	- ၁	လီဗန်တေး

အေတီကိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

အလာဗက်	၁	- ၂	အေတီကို
အေတီကို	၂	- ၀	မန်ယူ
အက်စ်ပန်ညို	၀	- ၁	အေတီကို
စတုဂတ်	၁	- ၁	အေတီကို
အေတီကို	၁	- ၀	ဒီပို့ဒီဗို

ရိုးမားအသင်းနဲ့ လက်တွဲရမှာပါ

အီတလီစီးရီးအေပွဲစဉ်တွေထဲက နောက်ထပ်အကြိုက်တွေ့မိတာကတော့ အူဒီးနီးစ်အသင်းနဲ့ ရိုးမားအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ရိုးမားအသင်းဟာ ၂၀၂၂ ခုနှစ်နောက်ပိုင်း အူဒီးနီးစ်အသင်းနဲ့ တွေ့ဆုံခဲ့တဲ့ ခုနစ်ပွဲမှာ တစ်ပွဲသာရှုံးခဲ့ပြီး ခြောက်ပွဲအနိုင်ရခဲ့တာကိုတွေ့ရမှာပါ။ အူဒီးနီးစ်အသင်းဟာ နောက်ပိုင်းနှစ်တွေမှာ ကစားသမားကောင်းတွေရောင်းချခဲ့ပြီး ထိပ်တန်းအဆင့် ကစားသမားတွေ ဖြည့်တင်းနိုင်ခြင်းမရှိတာကြောင့် ရလဒ်ပိုင်းကျဆင်းသွားခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အမှတ်ပေးပွဲကိုးပွဲအပြီးမှာ တစ်ပွဲသာနိုင်ပွဲရခဲ့ပြီး နှစ်ပွဲသရေ၊ ခြောက်ပွဲရှုံးရလဒ်နဲ့ ရမှတ်ငါးမှတ်သာရခဲ့လို့ အဆင့် (၁၇) မှာရောက်ရှိနေတာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်မှာလဲ ပွဲတိုင်းပေးဂိုးရှိခဲ့ပြီး ရှစ်ဂိုးထိပေးခဲ့ရတာကို သတိပြုရမှာပါ။ လက်ရှိမှာလဲ ရိုးမားလိုခြေစွမ်းပိုင်းကောင်းနေတဲ့အသင်းနဲ့ ကစားရမှာဖြစ်လို့ ကွင်းလယ်ပိုင်းပြင်နိုင်မှသာ ရမှတ်ခွဲယူနိုင်ဖို့များပါတယ်။

ရိုးမားအသင်းကတော့ အမှတ်ပေးပြိုင်ပွဲ ကိုးပွဲအပြီးမှာ ခြောက်ပွဲနိုင်၊ သုံးပွဲသရေနဲ့ရှုံးပွဲမရှိဘဲ ရမှတ် ၂၁ မှတ်ရခဲ့တာကြောင့် အဆင့် (၃) မှာရပ်တည်နိုင်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ နည်းပြဂတ်စ်ပါရီနီလက်အောက်မှာ ခြေစွမ်းပိုင်းတိုးတက်လာခဲ့တာကြောင့် အခုနှစ်မှာ ဆုဖလားကို စိန်ခေါ်နိုင်ဖို့ အခွင့်အရေးရှိနေတာဖြစ်ပါတယ်။ ဒါ့ပြင် တိုက်စစ်ပိုင်းကလဲ အမှတ်ပေးပွဲ ကိုးပွဲမှာ ၂၃ ဂိုးထိ သွင်းယူနိုင်တာကြောင့် တိုက်စစ်အကောင်းဆုံး အသင်းအဖြစ်ရပ်တည် နေပြီး ခံစစ်ကပေးဂိုးရှစ်ဂိုးနဲ့ ပေးဂိုးနည်းနေတာကို သတိပြုရမှာပါ။ နည်းပြဂတ်စ်ပါရီနီရဲ့ ကစားကွက်မှာတော့ ကွင်းလယ်ပိုင်းကစားအားပိုကောင်းနေပြီး တိုက်စစ်ပိုင်းကလဲ ဂိုးသွင်းခြေစွမ်းထက်မြက်နေတာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်မှာဆိုရင် တိုက်စစ်က သွင်းဂိုး ၁၆ ဂိုးထိသွင်းယူနိုင်ခဲ့တာကြောင့် အူဒီးနီးစ်အသင်းလို ခံစစ်ပိုင်းပေးဂိုးများနေတဲ့အသင်းကိုတော့ ဂိုးသွင်းနိုင်မှာသေချာပါတယ်။ ရိုးမားအသင်းနိုင်ပွဲရဖို့သေချာတယ်လို့သုံးသပ်ရတာကြောင့် ရိုးမားအသင်းနဲ့ပဲလက်တွဲရမှာပါ။

အူဒီးနီးစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

အူဒီးနီးစ်	၀	- ၁	ကက်ဂလီယာရီ
တိုရီနို	၂	- ၁	အူဒီးနီးစ်
အူဒီးနီးစ်	၀	- ၃	လက်ချီ
အူဒီးနီးစ်	၀	- ၂	အေစီမီလန်
ပါမား	၀	- ၀	အူဒီးနီးစ်

ရိုးမားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

ရိုးမား	၃	- ၄	ရီးရဲလ်မက်ဒရစ်
ရိုးမား	၂	- ၀	ဂျီနိုအာ
ရိုးမား	၄	- ၀	ဆလိုဗန်
နာပိုလီ	၃	- ၃	ရိုးမား
ရိုးမား	၄	- ၂	ကက်ဂလီယာရီ

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့

ဆုလတ်မေ

လယ်ယာစိုက်ပျိုးရေးက ထွက်လာသော သီးနှံများသည် ထုတ်ကုန်တိုးတက်ဖွံ့ဖြိုးမှုအတွက် (ကုန်ကြမ်း)ဖြစ်လာနိုင်သည်သာမက စက်ရုံတစ်ရုံကို လည်ပတ်နိုင်သည့်အပြင် အလုပ်အကိုင်များ ဖန်တီးပေးနိုင်သည်။ ပို့ကုန်တစ်ခုအဖြစ် နိုင်ငံခြားဝင်ငွေရှာဖွေပေးနိုင်သည်။ သို့ဖြစ်ရာ လယ်ယာကဏ္ဍသည် သီးနှံစိုက်ပျိုးထုတ်လုပ်သည့် ကဏ္ဍတစ်ခုတည်း မဟုတ်ဘဲ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကိုချိတ်ဆက်ပေးနိုင်သည့် အခြေခံကဏ္ဍတစ်ရပ်ဖြစ်သည်။

မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍသည် စီးပွားရေးအတွက် အရေးပါသောအခန်းကဏ္ဍတွင် ပါဝင်နေသည်။ ထို့ကြောင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှု တစ်ခုတည်းအဖြစ်မမြင်ဘဲ တန်ဖိုးမြှင့်ထုတ်ကုန်၊ တန်ဖိုးမြှင့်ထုတ်ကုန်မှ ဈေးကွက်၊ ဈေးကွက်မှ ပို့ကုန်နှင့် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုထိ ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်ပြီး ၂၀၂၄-၂၀၂၅ ခုနှစ် စာရင်းများအရ စိုက်ပျိုးရေးတွင် လုပ်သားအင်အားပါဝင်မှုသည် ၄၆ ဒသမ ၅၈ ရာခိုင်နှုန်းခန့်ရှိသည်။

စိုက်ပျိုးရေးနိုင်ငံဖြစ်သည်နှင့်အညီ သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်သော မြေဧရိယာမှာ တစ်နိုင်ငံလုံး စုစုပေါင်း မြေဧရိယာ၏ ၁၈ ရာခိုင်နှုန်းခန့် ပါဝင်လျက်ရှိပြီး စပါး၊ ပဲအမျိုးမျိုး၊ အစေ့ထုတ်ပြောင်းနှင့် မြေပဲ၊ နှမ်း၊ နေကြာ စသည့် ဆီထွက်သီးနှံများ၊ ကြံ၊ ကော်ဖီ၊ ရော်ဘာစသည့် စက်မှုကုန်ကြမ်းသီးနှံများကို စိုက်ပျိုးထုတ်လုပ်ကာ မွေးမြူရေးနှင့် ရေထွက်ကုန်ပစ္စည်းများကိုလည်း ထုတ်လုပ်လျက်ရှိသည်။ ပြည်တွင်းစားသုံးမှုမှ ပိုလျှံသည်များကို ပြည်ပနိုင်ငံများသို့ တင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိစေသည်။

မျိုး၊ မြေ၊ ရေ၊ နည်းဖြင့် အခြေခံကို ခိုင်မာစေခြင်း

လယ်ယာထုတ်လုပ်မှုတိုးတက်ရေး၏ အစမှာ မြေယာထဲသို့ မျိုးစေ့ချသည့်အချိန်ကတည်းက စတင်သည်။ အရည်အသွေးကောင်းမွန်သော မျိုးကောင်းမျိုးသန့်၊ ရွေးချယ်အသုံးပြုခြင်း၊ သီးနှံနှင့် ကိုက်ညီသော မြေဆီလွှာအခြေအနေကို ထိန်းသိမ်းခြင်း၊ ရေကိုထိရောက်စွာအသုံးချခြင်းနှင့် ဒေသအခြေအနေ၊ ရာသီဥတုအခြေအနေနှင့် ကိုက်ညီသည့် စိုက်ပျိုးနည်းစနစ်များ အသုံးချခြင်းတို့သည် ထုတ်လုပ်မှုတိုးတက်ရေးအတွက် အခြေခံကျလျက်ရှိသည်။ "မျိုး၊ မြေ၊ ရေ၊ နည်း"ဟူသည့် အခြေခံအချက်များကို စနစ်တကျ ပေါင်းစပ်အသုံးချနိုင်ခြင်းဖြင့် အထွက်နှုန်းသာမက ထုတ်ကုန်အရည်အသွေးကိုပါ မြှင့်တင်နိုင်မည်ဖြစ်သည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ မူဝါဒများတွင်လည်း ထုတ်လုပ်မှုနှင့် အရည်အသွေးမြှင့်တင်ရေးအတွက် မျိုးကောင်းမျိုးသန့်များ ရရှိအသုံးပြုနိုင်ရေး၊ ခေတ်မီစက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရေးနှင့် သုတေသန၊ နည်းပညာဖြန့်ဖြူးရေးတို့ကို အလေးထားဖော်ပြထားသည်။

ရေကို စနစ်တကျအသုံးချခြင်း

စိုက်ပျိုးရေးကဏ္ဍအတွက် ရေသည် မရှိမဖြစ်အရင်းအမြစ်ဖြစ်သည်။ သို့သော် ရေရှိရုံနှင့် မလုံလောက်ဘဲ ရေကိုအချိန်မီ၊ လုံလောက်စွာနှင့် ထိရောက်စွာ အသုံးချနိုင်ရေးသည်လည်း အရေးကြီးသည်။ ဆည်မြောင်းနှင့် ရေအရင်းအမြစ်စီမံခန့်ခွဲရေး လုပ်ငန်းများတွင် ဆည်များ၊ တာတမံများ၊ ရေလွှဲအဆောက်အအုံများနှင့် ရေတင်စနစ်များကို အသုံးပြု၍ စိုက်ပျိုးရေးနှင့် ရေသုံးစွဲမှု လိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိသည်။ ထိုသို့ ရေအရင်းအမြစ်ကို ထိရောက်စွာ စီမံအသုံးချနိုင်ခြင်းသည် သီးနှံထုတ်လုပ်မှုတည်ငြိမ်ရေးနှင့် ရာသီအလိုက် စိုက်ပျိုးထုတ်လုပ်နိုင်ရေးတို့အတွက် အရေးပါသည်။ ယနေ့ခေတ်တွင် လူအားကိုသာ အားထားသည့် စိုက်ပျိုးရေးစနစ်မှ စက်ယန္တရားနှင့် နည်းပညာကို ပိုမိုအသုံးချသည့် ခေတ်မီစိုက်ပျိုးရေးစနစ်သို့ ပြောင်းလဲလုပ်ဆောင်လျက်ရှိသည်။ ထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်း၊ ခြွေလှေ့ခြင်းနှင့် အခြောက်ခံခြင်းတို့တွင် စက်ယန္တရားများ အသုံးပြုခြင်းသည် လုပ်သားလိုအပ်ချက်နှင့် အချိန်ကုန်ကျမှုကို လျော့ချနိုင်သကဲ့သို့ ထုတ်လုပ်မှုလုပ်ငန်းစဉ်ကို ပိုမိုမြန်ဆန်စေသည်။

ထွက်ကုန်မှ တန်ဖိုးမြှင့်ထုတ်ကုန်သို့

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် အထွက်နှုန်းတိုးတက်ရေးတစ်ခုတည်းကို အာရုံစိုက်၍မရပေ။ လယ်ယာထွက်ကုန်ကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ပြောင်းလဲနိုင်ခြင်းသည် အရေးကြီးဆုံးအချက်တစ်ခုဖြစ်သည်။ ဥပမာအားဖြင့် ဝါကိုထုတ်လုပ်ပြီး ကုန်ကြမ်းအဖြစ် ရောင်းချခြင်းထက် ဝါမှချည်မျှင်၊ ချည်မျှင်မှ အထည်လိပ်၊ အထည်လိပ်မှ အဝတ်အထည်များအဖြစ် အဆင့်ဆင့်ပြုပြင် ထုတ်လုပ်နိုင်ပါက ထုတ်ကုန်တန်ဖိုးကို ပိုမိုမြှင့်တင်နိုင်သည်။ ထိုနည်းတူ စပါးမှ ဆန်၊ ဆန်မှ ဆန်အခြေပြု စားသောက်ကုန်များ၊ မြေပဲ၊ နှမ်းမှ ဆီနှင့် အခြား စားသောက်ကုန်များအဖြစ် ထုတ်လုပ်နိုင်ခြင်းသည်လည်း လယ်ယာကဏ္ဍနှင့် စက်မှုကဏ္ဍကို ချိတ်ဆက်ပေးခြင်းဖြစ်သည်။ ထုတ်လုပ်မှုတိုးတက်ခြင်းနှင့် အတူ ဈေးကွက်ချိတ်ဆက်မှုသည်လည်း အရေးကြီးသည်။ ထုတ်ကုန်ကောင်းမွန်သော်လည်း သိုလှောင်ရန်၊ သယ်ယူရန်နှင့် ရောင်းချရန် အခွင့်အလမ်းနည်းလျှင် ထုတ်လုပ်သူအတွက် ရရှိသည့် တန်ဖိုးလျော့နည်းနိုင်သည်။ ထို့ကြောင့် လယ်ယာထွက်ကုန်များအတွက် သိုလှောင်ရုံ၊ အအေးခန်း၊ သယ်ယူပို့ဆောင်ရေးနှင့် ထုပ်ပိုးမှုစနစ်များကို တိုးတက်ကောင်းမွန်စေရန် လိုအပ်ပေသည်။ ထို့ပြင် ဈေးကွက်လိုအပ်ချက်နှင့်ကိုက်ညီသော အရည်အသွေးစံနှုန်းများကိုကိုက်ညီမှု၊ ထုတ်ကုန်အရည်အသွေး၊ အစားအစာဘေးကင်းလုံခြုံမှု၊ ထုပ်ပိုးမှုနှင့်နိုင်ငံတကာ စံချိန်စံညွှန်းများအမြဲ ထုတ်လုပ်လျှင် ပြည်ပဈေးကွက်တွင် ပိုမိုတန်ဖိုးရှိသော ထုတ်ကုန်များအဖြစ် ယှဉ်ပြိုင်နိုင်ရန် အခြေခံကောင်းများဖြစ်လာနိုင်သည်။

လယ်သမားဝင်ငွေတိုးတက်ခြင်းမှ နိုင်ငံ့ထုတ်ကုန်တိုးတက်ခြင်းသို့

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခြင်း၏ အကျိုးသက်ရောက်မှုသည် လယ်သမားတစ်ဦးတည်း၏ ဝင်ငွေတိုးလာခြင်းတွင်သာ ရပ်တန့်မနေပါ။ လယ်သမားဝင်ငွေတိုးတက်လာပါက ကျေးလက်ဒေသ၏ လူမှုစီးပွားဘဝများတိုးတက်လာနိုင်သည်။ ထို့ပြင် သယ်ယူပို့ဆောင်ရေး၊ သိုလှောင်ရေး၊ ကုန်သွယ်ရေး၊ ပြုပြင်ထုတ်လုပ်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးလာနိုင်သည်။ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးလာနိုင်ပြီး စိုက်ပျိုးထုတ်လုပ်သောလုပ်ငန်းမှတစ်ဆင့် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုကိုလည်း အထောက်အကူပြုနိုင်သည်။ ထို့ကြောင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၊ တောင်သူလယ်သမားများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ သုတေသနပညာရှင်များ၊ ဘဏ္ဍာရေးအဖွဲ့အစည်းများနှင့် ဈေးကွက်လုပ်ငန်းရှင်များအားလုံး၏ ပူးပေါင်းဆောင်ရွက်မှု လိုအပ်ပေသည်။ နိုင်ငံတော်အနေဖြင့် ရေ၊ လမ်း၊ လျှပ်စစ်၊ သိုလှောင်ရေးနှင့် အခြားအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးစေရန်၊ စိုက်ပျိုးရေးသုတေသနနှင့် နည်းပညာဖြန့်ဝေရေးကို အားပေးရန်နှင့် ထုတ်လုပ်သူများ ဈေးကွက်သို့ ပိုမိုလွယ်ကူစွာချိတ်ဆက်နိုင်ရန် အခြေအနေကောင်းများ ဖန်တီးပေးလျက်ရှိသည်။ တစ်ဖက်တွင်လည်း ပုဂ္ဂလိကကဏ္ဍတွင် ပြုပြင်ထုတ်လုပ်ရေး၊ သိုလှောင်ရေး၊ ထုပ်ပိုးရေးနှင့် ဈေးကွက်ချိတ်ဆက်ရေးတို့တွင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်သည်။ တောင်သူများကလည်း ခေတ်မီနည်းပညာနှင့် ကောင်းမွန်သော စိုက်ပျိုးရေးအလေ့အကျင့်များကို လက်ခံအသုံးချရန် လိုအပ်သည်။

သို့ဖြစ်ရာ လယ်ယာကဏ္ဍသည် နိုင်ငံ့စီးပွားရေးထွက်ကုန်ထုတ်လုပ်မှု ကွင်းဆက်၏ အခြေခံအုတ်မြစ်ဖြစ်သည်။ ထို့ကြောင့် သီးနှံအထွက်နှုန်း ပြည့်မီရေးအပြင် ပိုမိုကောင်းမွန်သော မျိုးစေ့၊ ပိုမိုထိရောက်သော မြေ၊ ရေ၊ နည်းစနစ်၊ ပိုမိုကောင်းမွန်သော ထုတ်ကုန်၊ တန်ဖိုးမြှင့်ပြုပြင်ထုတ်လုပ်မှု၊ ဈေးကွက်ချိတ်ဆက်မှု၊ ပို့ကုန်၊ အလုပ်အကိုင်နှင့် ဝင်ငွေတိုးတက်မှုအတွက် တစ်ဆက်တစ်စပ်တည်းသော ကွင်းဆက်များကို တည်ဆောက်နိုင်သည်။ လယ်ယာကဏ္ဍတိုးတက်ခြင်းသည် တောင်သူတို့၏ဘဝတိုးတက်သည့်အပြင် နိုင်ငံ့ထုတ်လုပ်မှုတိုးတက်ခြင်း၏အစဖြစ်သည်။ ထို့ကြောင့် လယ်ယာမြေမှ ထွက်ရှိလာသော ထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်တစ်ခုအဖြစ်၊ ထုတ်ကုန်တိုင်းကို နိုင်ငံ့စီးပွားရေးအတွက် အင်အားတစ်ရပ်အဖြစ် ပြောင်းလဲနိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် "လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့" ဟူသော ရည်မှန်းချက်သည် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို စိုက်ပျိုးထုတ်လုပ်မှုပမာဏ တိုးမြှင့်ရေးအပြင် ထွက်ရှိလာသည့် လယ်ယာထွက်ကုန်များ၏တန်ဖိုးကို မည်ကဲ့သို့မြှင့်တင်ပြီး နိုင်ငံ့ထုတ်ကုန်အဖြစ် မည်သို့ပြောင်းလဲထုတ်လုပ်မည်ကို စဉ်းစားပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာအောင် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

ကိုးကား

- **၂၂-၉-၂၀၂၆ ထုတ် သတင်းစာများ**
- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ မူဝါဒနှင့် လုပ်ငန်းဆောင်ရွက်ချက်များ (moali.gov.mm)**

ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန

ရုရှားက အလွှာစုံဒရုန်းရန်ကာကွယ်ရေးစနစ် "Anti-Drone Dome"ကို မိတ်ဆက်ပြသ



ရုရှားနိုင်ငံပိုင် Rostec လုပ်ငန်းစု၏ လက်နက်တင်ပို့ရေးကုမ္ပဏီ ROSOBORONEXPORT သည် လူဦးရေထူထပ်ရာ ဒေသများ၊ တပ်ဖွဲ့များနှင့် အရေးကြီး အခြေခံအဆောက်အအုံများကို ကာကွယ်ရန်ရည်ရွယ်သည့် "Anti-Drone Dome" အလွှာစုံဒရုန်းရန် ကာကွယ်ရေးစနစ်ကို တတိယအကြိမ်ရုရှား-အာဖရိက ထိပ်သီးအစည်းအဝေးတွင် မိတ်ဆက်ပြသခဲ့ကြောင်း Asian Military Review သတင်းဌာနက အောက်တိုဘာ ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါအစည်းအဝေးကို ယခုနှစ် အောက်တိုဘာ ၂၈ ရက်မှ ၂၉ ရက်ထိ မော်စကိုမြို့ရှိ Gostiny Dvor ခန်းမတွင် ကျင်းပခဲ့သည်။

ROSOBORONEXPORT ၏ ထုတ်ပြန်ချက်အရ Anti-Drone Dome စနစ်သည် ဒရုန်းများ၏တိုက်ခိုက်မှုများမှ လူနေဒေသများ၊ မဟာဗျူဟာအရအရေးပါသည့် နေရာများ၊ အခြေခံအဆောက်အအုံများ၊ တံတားများ၊ အဆောက်အအုံများ၊ လောင်စာနှင့် စွမ်းအင်ဆိုင်ရာ စက်ရုံများအပြင် တပ်ဖွဲ့များ တပ်စွဲထားသည့်နေရာများကိုပါ ကာကွယ်နိုင်ရန်ဖြစ်သည်။ ထို့ပြင် ယာဉ်တန်းများ၊ အရေးပါ ပုဂ္ဂိုလ်များ သို့မဟုတ် အရေးကြီးကုန်ပစ္စည်းများသယ်ဆောင်သည့် ယာဉ်များအတွက်လည်း သီးခြားကာကွယ်ရေးအစီအစဉ်များ ထည့်သွင်းပေးနိုင်ကြောင်း သိရသည်။

ဒင်းစီမံကိန်းကို ROSOBORONEXPORT ကုမ္ပဏီက ရုရှားနိုင်ငံရှိ ဒရုန်းတန်ပြန်ကာကွယ်ရေး နည်းပညာထုတ်လုပ်သူများနှင့် သက်ဆိုင်ရာဥပဒေစိုးမိုးရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပူးပေါင်း၍ ဖွဲ့စည်းတည်ဆောက်ထားခြင်းဖြစ်သည်။ မကြာသေးမီနှစ်များအတွင်း စစ်ဆင်ရေးများနှင့် အကြမ်းဖက်မှုတန်ပြန်ရေးလုပ်ငန်းများတွင် ဒရုန်းများကို တုံ့ပြန်ကာကွယ်ခဲ့သည့် အတွေ့အကြုံများအပေါ် အခြေခံထားကြောင်း ကုမ္ပဏီက ဖော်ပြထားသည်။

Anti-Drone Dome သည် အစိတ်အပိုင်းတစ်ခုတည်းအပေါ် မှီခိုခြင်းမဟုတ်ဘဲ အလွှာစုံဖြင့် ကာကွယ်နိုင်ရန် ဖွဲ့စည်းထားသည့် စနစ်ဖြစ်သည်။ ၎င်းတွင် ဝေဟင်အခြေအနေ စောင့်ကြည့်ထောက်လှမ်းရေးကိရိယာများ၊ ဒရုန်းများကို ပစ်ခတ်ဖျက်ဆီးသည့် လက်နက်စနစ်များ၊ အီလက်ထရွန်နစ်နည်းဖြင့် ထိန်းချုပ်မှုနှင့် လမ်းညွှန်မှုဆိုင်ရာ အချက်ပြများကို နှောင့်ယှက်တားဆီးသည့် ကိရိယာများ ပါဝင်သည်။ ထို့ပြင် ပထဝီဝင်အချက်အလက်စနစ်ကို အလိုအလျောက်ကွပ်ကဲထိန်းချုပ်မှုစနစ်နှင့် ချိတ်ဆက်ထားပြီး ရုပ်ပိုင်းဆိုင်ရာကာကွယ်ရေး အစီအမံများကိုလည်း ထည့်သွင်းအသုံးပြုနိုင်ရန် စီစဉ်ထားသည်။

ROSOBORONEXPORT ကုမ္ပဏီ၏ ဖော်ပြချက်အရ Anti-Drone Dome သည် ပုံသေဖွဲ့စည်းပုံ တစ်မျိုးတည်းဖြင့် တပ်ဆင်ရမည့်စနစ်မဟုတ်ဘဲ ဖောက်သည်နိုင်ငံ၏လိုအပ်ချက်၊ ကာကွယ်ရမည့်နေရာ၏ အနေအထားနှင့် သီခြားလုံခြုံရေးလိုအပ်ချက်များအလိုက် အစိတ်အပိုင်းများနှင့်လုပ်ဆောင်ချက်များကို ပြောင်းလဲညှိနှိုင်းနိုင်သည့်စနစ်ဖြစ်သည်။ စနစ်၏ အစိတ်အပိုင်းအားလုံးကို ရုရှားနိုင်ငံတွင် ဖွံ့ဖြိုးတည်ဆောက်ပြီး ထုတ်လုပ်ထားကြောင်းလည်း ကုမ္ပဏီက ထုတ်ပြန်ထားသည်။

အဆိုပါစနစ်၏ အဓိကသဘောတရားမှာ ဒရုန်းရန်ကာကွယ်ရေးကို ရေဒါ၊ အီလက်ထရွန်နစ်နှောင့်ယှက်ရေးကိရိယာသို့မဟုတ် ပစ်ခတ်ဖျက်ဆီးရေးလက်နက်တစ်မျိုးတည်းဖြင့် ဖြေရှင်းခြင်းမဟုတ်ဘဲ ထောက်လှမ်းရေး၊ ကွပ်ကဲထိန်းချုပ်ရေး၊ အီလက်ထရွန်နစ်တန်ပြန် ဆောင်ရွက်မှုနှင့် တိုက်ရိုက်ဖျက်ဆီးရေးတို့ကို ပေါင်းစပ်အသုံးပြုရန်ဖြစ်သည်။

ဒရုန်းများ၏ အမျိုးအစားနှင့် တိုက်ခိုက်မှုပုံစံများ ပိုမိုကွဲပြားလာသည့် လက်ရှိအခြေအနေတွင် အလွှာစုံကာကွယ်ရေးစနစ်များသည် အရေးကြီးအခြေခံအဆောက်အအုံများနှင့် တပ်ဖွဲ့များ၏လုံခြုံရေးအတွက် ပိုမိုအရေးပါလာလျက်ရှိသည်။

သို့သော် Anti-Drone Dome သည် ယခုအချိန်တွင် မိတ်ဆက်ပြသခြင်းနှင့် နည်းပညာဖြေရှင်းချက်များ ဖော်ပြထားခြင်းဖြစ်သဖြင့် စနစ်တစ်ခုလုံး၏ လက်တွေ့စွမ်းဆောင်ရည်နှင့် နိုင်ငံတစ်နိုင်ငံချင်းစီတွင် တပ်ဆင်အသုံးပြုမည့်အစီအစဉ်များကို ဆက်လက်စောင့်ကြည့်ရန် လိုအပ်ကြောင်း သိရသည်။

ROSOBORONEXPORT to Unveil "Anti-Drone Dome" Project at the Third Russia-Africa Summit ကို ဘာသာပြန်ဆိုထားပါသည်။

စင်ကာပူကြည်းတပ်က ဒရုန်းစစ်ဆင်ရေးစနစ်များကို လိုက်လျောညီစွာတုံ့ပြန်နိုင်ရန် ခြေလျင်တပ်ဖွဲ့များကို ပြင်ဆင်ဖွဲ့စည်း



စင်ကာပူကြည်းတပ်သည် ဒရုန်းစစ်ဆင်ရေးများမှ ပေါ်ထွက်လာသည့် ခြိမ်းခြောက်မှုများနှင့် အခွင့်အလမ်းများကို လိုက်လျောညီစွာ တုံ့ပြန်နိုင်ရန်အတွက် ၎င်းတို့၏တပ်ဖွဲ့ ဖွဲ့စည်းပုံကို ပြင်ဆင်ပြီး မျိုးဆက်သစ်ခြေလျင် တပ်ရင်း(NGIB) အဖြစ် ခြေလျင်တပ်ဖွဲ့များကို ပြင်ဆင်ဖွဲ့စည်းလျက်ရှိကြောင်း Asian Military Review သတင်းဌာနက အောက်တိုဘာ ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၂၀၁၉ ခုနှစ်တွင် ယန္တရားတင် ခြေလျင်တပ်ဖွဲ့အဖြစ် စတင်ပြောင်းလဲခဲ့ပြီးနောက်ယခုအခါ စင်ကာပူကြည်းတပ်သည် လုပ်ငန်းတာဝန်အများအပြားကို တစ်ပြိုင်နက်တည်း ဆောင်ရွက်နိုင်သည့် ပိုမိုထက်မြက်သော တပ်ဖွဲ့များအဖြစ် ၎င်းတို့၏တပ်ရင်းများကို ပြန်လည် ပြင်ဆင်ဖွဲ့စည်းနေခြင်းဖြစ်သည်။

ယခင်ဖွဲ့စည်းပုံအရ ယန္တရားတင် ခြေလျင်တပ်ခွဲ တစ်ခုတွင် တပ်စုသုံးစု ပါဝင်ပြီး တပ်စုတစ်စုစီ၌ ရိုင်ဖယ်တပ်စိတ် သုံးစိတ် (တစ်စိတ်လျှင် စစ်သည် ခုနစ်ဦးစီ)ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ယခု NGIB တပ်ရင်းဖွဲ့စည်းပုံအောက်တွင် တပ်ခွဲ တစ်ခုခွဲ့ တပ်စုငါးစု ပါဝင်မည်ဖြစ်ပြီး တပ်စုတစ်စုစီတွင် စစ်သည် ခြောက်ဦးစီ ပါသည့် တပ်စိတ် နှစ်စိတ်ဖြင့် ပြန်လည် ပြင်ဆင်ဖွဲ့စည်းသွားမည်ဖြစ်သည်။

ယခင်က ဘက်စုံသုံး စက်သေနတ်ကိုင်တွယ်သူ စစ်သည်နှစ်ဦးကို ကင်းထောက်ခြင်းနှင့် တိုက်ခိုက်ရေး ဒရုန်းစစ်ဆင်ရေးများကို အထူးပြုဆောင်ရွက်သည့် သံကွန်ရက်တပ်စိတ်များအဖြစ် ပြောင်းလဲ တာဝန်ပေးအပ်သွားမည်ဖြစ်သည်။ တပ်ခွဲတစ်ခုစီတွင် သံကွန်ရက်တပ်စိတ် နှစ်စိတ် ပါဝင်မည်ဖြစ်ပြီး တပ်စိတ်တစ်စိတ်စီ၌ စစ်သည် သုံးဦး ပါဝင်သော တပ်စိတ်ငယ်နှစ်ခုဖြင့် ဖွဲ့စည်းထားသည်။ ၎င်း သံကွန်ရက်တပ်စိတ်များသည် Vantage Robotics Vesper ကင်းထောက်ဒရုန်းများနှင့် ST Engineering Artos တိုက်ခိုက်ရေးဒရုန်းများကို ကိုင်တွယ်မောင်းနှင်ကြရမည်ဖြစ်သည်။

သို့သော်လည်း စစ်သည်အင်အား စုစုပေါင်းနှင့် Terrex သံချပ်ကာခြေလျင် တင်ယာဉ်အရေအတွက်မှာ အပြောင်းအလဲမရှိဘဲ တပ်စိတ်တစ်စိတ်စီအတွက် သီးခြားယာဉ်တစ်စင်းစီ တာဝန်ပေးအပ်ထားမည်ဖြစ်သည်။ ယခုကဲ့သို့ ဖွဲ့စည်းပုံဆိုင်ရာပြောင်းလဲမှုများအပြင် စင်ကာပူကြည်းတပ်သည် ယာဉ်တပ်ဆင်စနစ်များထက် ကျော်လွန်သည့် တပ်စိတ်အဆင့် စစ်မြေပြင်ကွပ်ကဲမှုစနစ်(BMS) များကိုလည်း မိတ်ဆက်ခဲ့သည်။ အဆိုပါစနစ်သည် ဒရုန်းများနှင့်လည်း ချိတ်ဆက်ထားသဖြင့် ဒရုန်းမှ ဖမ်းယူရရှိသော ဓာတ်ပုံနှင့် ရုပ်သံများကို တပ်မှူးများထံ တိုက်ရိုက်ပေးပို့မည်ဖြစ်သည်။

စင်ကာပူကြည်းတပ်သည် မကြာသေးမီက Sigma ၁၅၅ မီလီမီတာ ယာဉ်တင်အမြောက်စနစ်နှင့် တိကျစွမ်းရည်မြင့် မြေပြင်တိုက်ခိုက်ရေးစနစ်တို့ကို စတင်မိတ်ဆက်ခဲ့ပြီး အဆိုပါ လက်နက်စနစ်နှစ်ခုလုံးသည် မျိုးဆက်သစ်ခြေလျင်တပ်ရင်း(NGIB)ကို ပေါင်းစည်းလက်ရုံးတပ်ဖွဲ့များနှင့် ပိုမိုကျစ်လစ်စွာ ပေါင်းစည်းလိုက်သည်နှင့် တပ်ဖွဲ့၏ပစ်ကူပေးနိုင်စွမ်းကို သိသိသာသာအထောက်အကူပြုနိုင်မည်ဟု မျှော်မှန်းထားသည်။

စင်ကာပူကြည်းတပ်၏မျိုးဆက်သစ် ခြေလျင်တပ်ရင်း (NGIB) ဖွဲ့စည်းပုံ အပြောင်းအလဲသည် ခေတ်သစ် စစ်မြေပြင်များတွင် မောင်းသူမဲ့စနစ်များ (Drones/UAVs) ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာမှုကို တပ်ဖွဲ့အခြေခံအဆင့်ထိ တိကျစွာပေါင်းစပ်ပြင်ဆင်လိုက်သည့် နည်းဗျူဟာမြောက် စံနမူနာတစ်ရပ်ဖြစ်သည်။ အထူးသဖြင့် ရိုင်ဖယ်တပ်စိတ်အင်အားကို စစ်သည် ခုနစ်ဦးမှ ခြောက်ဦးသို့ လျှော့ချ၍ အပိုအင်အားများကို သံကွန်ရက်ဒရုန်းစစ်ဆင်ရေး သီးသန့် တပ်စိတ်များအဖြစ် ပြောင်းလဲလိုက်ခြင်းသည် ခြေလျင်တပ်ခွဲတစ်ခု၏ ကင်းထောက်စွမ်းရည်၊ တိကျပစ်ကူပေးနိုင်စွမ်းနှင့် ဘေးကင်းသည့် အကွာအဝေးမှနေ၍ တိုက်ခိုက်နိုင်စွမ်းတို့ကို သိသိသာသာမြှင့်တင်ပေးလိုက်ခြင်း ဖြစ်ကြောင်း သိရသည်။

Singapore Army reshapes its infantry brigades for drone warfare ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

President U Min Aung Hlaing delivers speech at the prize-presentation ceremony for 27th Traditional Myanmar Cultural Performing Arts Competition



President U Min Aung Hlaing addresses the award ceremony for the 27th Traditional Myanmar Cultural Performing Arts Competition.

Nay Pyi Taw October 29

The award presentation ceremony of the 27th Traditional Myanmar Cultural Performing Arts Competition was held at the Myanmar International Convention Centre-I (MICC-I) this morning. President of the Republic of the Union of Myanmar U Min Aung Hlaing attended the ceremony, delivered an address and presented awards.

Also present at the ceremony were Vice Presidents U Nyo Saw and Daw Nan Ni Ni Aye, Pyithu Hluttaw Speaker U Khin Yi and wife, Amyotha Hluttaw Speaker U Aung Lin Dwe, Commander-in-Chief of Defence Services General Ye Win Oo and wife, Union-level dignitaries, Union ministers and their wives, senior military officers from the Office of the Commander-in-Chief and their wives, the Nay Pyi Taw Council Chairman, the commander of Nay Pyi Taw Command, deputy ministers, members of Leading Committee, Work Committee and Subcommittee for Organizing the Competition, regional and state ministers, members of the panel of judges, supervisors, trainers, supporters, national brethren contestants from regions and states and officials.

Speaking on the occasion, the President extended greetings and best wishes to the state-level and Union-level dignitaries, officials, distinguished guests, esteemed members of the panel of judges, and all contestants attending today's ceremony, wishing them success in safeguarding the national interest while cherishing, preserving, and promoting their national culture.

He stated that today's ceremony not only honoured the efforts and dedication of the participating artists but also encouraged them to continue preserving and promoting Myanmar's traditional cultural heritage. He added that the Performing Arts Competitions, covering singing, dancing, literary composition and instrumental music, had been held annually at the national level with the aim of further fostering a sense of national spirit among younger generations and deepening their appreciation and pride in their cultural heritage, and that the competitions had now been successfully held for the 27th time.

The President recounted that although some competition categories could not be held at the 26th competition last year due to the major Mandalay earthquake, a total of 1,739 artistes participated and 313 awards were presented. This year, amateur-level competitions, as well as group competitions in theatrical drama and traditional Myanmar marionette theatre, were reinstated, bringing the total number of participating artists to 2,346. This demonstrated growing interest in and participation in Myanmar's traditional arts among enthusiasts, particularly younger generations.

He expressed his appreciation for the efforts and dedication of all participating artistes, the commitment of the senior artists serving as members of the judging panels, and the cooperation of officials from the various regions and states. He also extended his gratitude to all audience members who loved and supported the arts.

He also wished to express his congratulations and appreciation for the fact that more young artists had won awards this year. He emphasized that winning an award was not only a well-deserved recognition of their efforts and dedication but also an important responsibility to continue studying and practising their respective art forms to further improve their skills and pass on their artistic knowledge to future generations.

He stated that, just as natural resources, modern technology and human resources were essential for a country's development, it was equally necessary to strengthen the foundations of national culture that foster patriotism, national spirit, and a strong sense of national identity and pride among its citizens.

Myanmar's traditional culture encompasses not only clothing, language, customs and traditions, and social ethics, but also valuable artistic heritage passed down through successive generations, including classical Myanmar song and music, old songs, traditional Myanmar dance, traditional musical instruments, theatrical performaning dances and traditional Myanmar marionette theatre. It was also noted that people could learn about cause and effect, good and evil, and moral principles through Jataka drama and marionette performances in particular.

The President stated that these competitions were not merely artistic contests but also events that fostered friendship and cordial relations among national brethren, showcased and preserved traditional cultural customs and practices, and connected younger generations of artists. In other words, he said that they served as a platform for uniting national brethren through culture, friendship and mutual understanding.

The President stated that, amid today's global political landscape, every country was striving to protect and advance its own national interests. It was also stated that, in order to advance the national interests of Myanmar, patriotism, national spirit, and love, respect and appreciation for the country's traditional culture needed to be fostered and strengthened among younger generations. Furthermore, it was noted that promoting these values through the power of art would further strengthen their desire to protect and safeguard the interests of their country and people.



President U Min Aung Hlaing awards a winner.



President U Min Aung Hlaing awards a winner.

He said that younger generations needed to learn about, understand, cherish and preserve Myanmar's historical traditions, traditional culture and social values. It was also emphasized that experienced senior artists should pass on their knowledge and experience to younger generations. As singing, dancing, song composition and instrumental music are disciplines based on practical training and

See Page 14

President U Min Aung Hlaing attends certificate of honour presentation ceremony and dinner for 27th Myanmar Traditional Cultural Performing Arts Competition



President U Min Aung Hlaing addresses the certificate of honour presentation ceremony and dinner for the 27th Myanmar Traditional Cultural Performing Arts Competition.

Nay Pyi Taw October 29

The ceremony to present certificates of honour and host a dinner in honour of the 27th Myanmar Traditional Cultural Performing Arts Competition was held this evening at Myanmar International Convention Centre-1 (MICC-1) in Nay Pyi Taw, attended and graced by U Min Aung Hlaing, President of the Republic of the Union of Myanmar.

The ceremony was attended by Vice Presidents U Nyo Saw and Daw Nan Ni Ni Aye; Speaker of the Pyithu Hluttaw U Khin Yi and his wife; Speaker of the Amyotha Hluttaw U Aung Lin Dwe; Commander-in-Chief of Defence Services General Ye Win Oo and his wife; Union-level dignitaries; Union ministers and their wives; senior military officers from the Office of the Commander-in-Chief of Defence Services and their wives; the Chairman of the Nay Pyi Taw Council; the Commander of the Nay Pyi Taw Command; deputy ministers; members of the Leading Organizing Committee, the Working Committee, and subcommittees; ministers from regions and states; veteran adjudicators and experts; supervisors, trainers, and support personnel; ethnic contestants from various regions and states; and responsible officials.

Delivering an address of honour, the President stated that as the prestigious Myanmar Traditional Cultural Performing Arts Competition—which embodies the national objective of preserving and uplifting traditional culture—has successfully concluded today, he believes all participating veteran artists and members of the panel of judges are sharing in the joy and pride alongside the Government.

He observed that the successfully concluded 27th Myanmar Traditional Cultural Performing Arts Competition achieved greater success than expected, owing to the leadership of the Government, the supervision of veteran seasoned artists, and the enthusiastic efforts and active participation of the new generation of young artists. Looking at the award results, it is gratifying to see that a total of 531 awards were presented—an increased figure comprising 195 gold medals, 167 silver medals, 165 bronze medals, 2 consolation prizes, and 2 special prizes.

The President expressed that the State organizes these singing, dancing, composing, and music competitions annually, imbuing them year after year with greater form, substance, and full national significance. He solemnly conveyed the State's deep gratitude and honour to all experts and maestros for their specialized technical contributions toward fulfilling the competition's objectives.



President U Min Aung Hlaing presents a certificate of honour to U Saw Win, Chairman representing the Music Adjudication Working Group.



President U Min Aung Hlaing presents a certificate of honour to a manager from Shan State representing managers from regions and states.

He highlighted that the Government is currently striving to build a modern, developed nation so that the Republic of the Union of Myanmar can stand tall and dignified in the international arena. In doing so, systematic efforts are being made to preserve and promote traditional heritage, social ethics, values, and national characteristics to prevent them from fading away, with the annual Performing Arts Competitions being part of these efforts.

In the 21st century, the convergence of communications and technology has facilitated effective internet usage, while political, economic, and cultural influences cross borders without boundaries. Under such circumstances, artists and all responsible officials must work hand-in-hand to ensure that the new generation's love for their traditional culture and their patriotic spirit remain strong and vibrant.

He noted that **because some youths might neglect traditional cultural values while following modern trends, this situation must not be taken lightly.** Drawing on the success of the Myanmar Traditional Cultural Performing Arts Competition, he urged senior artists to continue employing their artistic talents so that traditional cultural heritage will flourish even further.

The positive outcomes emerging from the Myanmar Traditional Cultural Performing Arts Competitions through the efforts of veteran artists represent exceptionally noble traditions for the nation's future. It is also heartening that many outstanding and talented young artists of the new generation are emerging thanks to these competitions. This signifies the rise of worthy inheritors—virtuous sons and daughters—capable of carrying forward the artistic heritage handed down by veteran masters.

He remarked that it is truly gratifying to witness how the Myanmar Traditional Cultural Performing Arts Competitions yield immense benefits not only for the supervising veteran artists, competing artists, new-generation performers, and successive generations of artists, but also for the country and the nation as a whole.

To ensure that these competitions become increasingly successful year after year and that their positive fruits flourish broadly and deeply, he earnestly requested and urged veteran artists to pass down their artistic legacy with parental affection toward the younger generation of artists.

The President reiterated his gratitude and appreciation to the veteran masters, adjudicators, and all contributors who helped make the 27th Myanmar Traditional Cultural Performing Arts Competition a resounding success. He concluded with heartfelt wishes for the respected veteran masters to enjoy physical and mental well-being, live beyond a hundred years of age, continue utilizing their artistic talents to keep the traditional Myanmar arts they have cherished and preserved throughout their lives alive without diminishing old traditions, and ensure that Myanmar's traditional cultural heritage continues to thrive for future generations with a continuous emergence of new artists.

Following this, the President presented certificates of honour to Daw Shwe Ku Nan Nwet Nwet (Alinkar Kyaw Swa), *See Page 14*

Demolition of another 5-storey illegal building used in online scam/gambling in Shwe Kokko (Part-II) completes as remaining ones underway for destruction

Systematic ongoing demolition of a 5-storey building used in committing online gambling in Shwe Kokko Part-II.



Demolition using heavy machinery.



Completion of demolition.

Nay Pyi Taw October 29

In cooperation with neighboring and regional countries, the government has taken measures to completely eradicate online scams and gambling , which have posed a threat to the global socioeconomic arena and national security, and illegal buildings in Shwe Kokko, where the majority of online scams and gambling were operated, were systematically demolished so that they cannot be used again for such crimes.

In doing so, the demolition of a 6-storey building and a 5-storey building used in online scams and gambling and being demolished with the use of machinery completed 30 percent and 100 percent respectively today.

Out of 63 buildings to be demolished in Shwe Kokko (Part-II), 25 were scheduled, based on their types, to be demolished with the use of machinery, four to be detonated and 34 to be manually brought down floor by floor due to their proximity to residential buildings. The demolition of four buildings to be detonated and three buildings to be brought down with the use of machinery have completed and plans are underway to systematically levelled down the remaining 53 buildings.

The government has effectively cracked down on online scams and gambling as a national responsibility. 100

From Page 12

the traditional mentor-protégé relationship, it was noted that the long-term preservation and development of traditional arts could be ensured only through a combination of instruction and guidance from experienced masters and the dedicated efforts of young learners.

At the same time, valuable artistic works in Maha Gita (Myanmar classical music), traditional musical instruments, Myanmar traditional dance, theatrical dances and marionette theatre should be systematically documented and preserved using modern digital technology so that younger generations can study and learn from them.

The President urged everyone to respect one another's ethnic traditions and cultures, work to further strengthen the unity and solidarity of the Union, make effective use of modern technologies, and join hands in efforts to ensure the long-term preservation and development of Myanmar's traditional arts.

Following this, the President presented honorary medals and certificates of recognition to ethnic traditional and rural traditional cultural troupes from Kachin State, Kayah State, Kayin State, Chin State, Sagaing Region, Taninthayi Region, Bago Region, Magway Region, Mandalay Region, Mon State, Rakhine State, Yangon Region, Shan State and Ayeyawady Region.

The Kachin ethnic traditional dance troupe presented "Sutngaimon" dance of Kachin State, whose name means "a state rich in natural resources".

Vice President U Nyo Saw presented special prize, first, second and third prizes to the troupes in the Kachin ethnic dance contest. Vice President Daw Nan Ni Ni Aye, who is a patron of the Leading Committee for Organizing the Competition, gave first, second and third prizes to the relevant troupes in the free-verse poem contest.

Pyithu Hluttaw Speaker U Khin Yi presented honorary medals and certificates of recognition to first, second and third winners in the amateur level (first class) (men's and women's) classic song contest; Amyotha Hluttaw Speaker U Aung Lin Dwe gave honorary medals and certificates of recognition to first, second and third winners in the amateur level (second class) (men's and women's) classic song contest; and Commander-in-Chief of Defence Services General Ye Win Oo presented honorary medals and certificates of recognition to first, second and third winners in the amateur level (first class) (men's and women's) classic singing (old/modern) contest.

Union-level officials, Union ministers, members of the Leading Committee and Work Committee for Organizing the Competition, and senior military officers from the Office of the Commander-in-Chief also presented honorary medals and certificates of recognition to first, second and third winners in relevant contests.

The first-prize winning troupes from regions and states in relevant contests performed their excellent songs and dances.

After the awarding ceremony, the President cordially greeted those who were present at the ceremony.

At the 27th Traditional Myanmar Cultural Performing Arts Competition, the awards won by the respective regions and states were as follows: Yangon Region won 151 awards, Mandalay Region 107, Sagaing Region 49, Magway Region 30, Bago Region 40, Mon State 34, Taninthayi Region 23, Ayeyawady Region 29, Kayin State 20, Kayah State 14, Chin State 11, Kachin State nine, Shan State six and Rakhine State eight. MNA

From Page 13

Chairperson representing the Vocal Adjudication Working Group; U Aung Tin Win (Alinkar Kyaw Swa), Chairman representing the Dance Adjudication Working Group; Dr. Maung Maung Latt (Alinkar Kyaw Swa), Chairman representing the Composition Adjudication Working Group; U Saw Win, Chairman representing the Music Adjudication Working Group; a manager from Shan State representing managers from regions and states; a master of ceremonies representing the event emcees; and U Phoe Chit, Chairman of the Myanmar Thabin Association (Central).

Afterward, Adjudicator Myinmu Maung Naing Moe (Alinkar Kyaw Swa) delivered words of thanks on behalf of the panel of judges.

Subsequently, the President shared the dinner of honour together with the attendees and contestants.

Before and during dinner, artists from the Fine Arts Department under the Ministry of Culture, Hotels and Tourism, award winners of the 27th Myanmar Traditional Cultural Performing Arts Competition, ethnic traditional dance troupes, rural traditional dance troupes, and veteran masters performed melodious songs and dances.

During the performances, veteran vocalist Sithu Daw Htar performed alongside Ma Tain Pan Chi Moe San, a contestant in the basic education level (ages 15–20) singing competition (Classic / Contemporary), and veteran vocalist Tekkatho Le Le performed alongside Ma Shan Yoon Phyu, the first prize winner in the basic education level (ages 15–20) singing competition (Classic/Contemporary), passing on their artistic heritage to the new generation through song.

Following that, as part of the "Passing the Legacy" programme, 68-year-old theatrical master U Chan Thar and 62-year-old theatrical master Daw Nan Khin Hmway performed in a tribute performance alongside inheritors of the next generation: theatrical artists, multiple-gold medalist Tekkatho Arr Man and Win Thapyay Tun (Culture), Maung Min Kyel Nyan Chan from Kayin State (first prize winner in the basic education level dance competition, ages 15–20, from Kayin State), and Ma Chaw Su Htwe from Shan State (first prize winner in the basic education level dance competition, ages 15–20, from Shan State).

Following the honorary dinner, the President warmly greeted the attendees. MNA

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



ကသာ အောက်တိုဘာ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနှမ်း ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၄၁၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို သြဂုတ်လပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၀ တင်းကျော် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကသာခရိုင်မှာ နှမ်း ၁၄၁၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နှမ်းစိုက်ခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ဧက တိုးခဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAPနည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်ဦးက ပြောပြသည်။

ကသာခရိုင်တွင် မြို့နယ်အလိုက် နှမ်း ရိတ်သိမ်းပြီးစီးမှုအနေဖြင့် ကသာမြို့နယ်တွင် ၉၃၇ ဧက၊ အင်းတော်မြို့နယ်တွင် ၁၀၃ ဧက၊ ထီးချိုင့်မြို့နယ်တွင် ဧက ၂၉၀ နှင့် ဗန်းမောက်မြို့နယ်တွင် ၈၉ ဧက စုစုပေါင်း ၁၄၁၉ ဧက တို့ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။

(၂၀၆)

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်
အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိရှာ ချွေတာသုံးစွဲပါ။

ပင်းတယမြို့နယ် သရက်ပြားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



ပင်းတယ အောက်တိုဘာ ၂၉

ရှမ်းပြည်နယ် (တောင်ပိုင်း) ခရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သစ်အယ်ပင်ကျေးရွာအုပ်စု သရက်ပြားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရွေးဦးစွာ ပင်းတယမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်က ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် စီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၆၂၈ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံများ၏ ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သရက်ပြားကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၆၂၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ချိုသန်းညွှန့်

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးမြစ်ချင်း ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ကျိုက်လတ် အောက်တိုဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးမြစ်ချင်း ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဦးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် သြဂုတ်လအတွင်း ငါးမြစ်ချင်း ပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ငါးမြစ်ချင်း ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ရေထွက်ကုန် ပစ္စည်းတွေ အဆက်မပြတ်တင်ပို့ ရောင်းချနေတာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း ငါးမြစ်ချင်း ပိဿာချိန် ၅၅၀၀၀ ထိ ပိုမိုတင်ပို့ ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာလဲ ရန်ကုန်ဈေးကွက်က ငါးမြစ်ချင်းတွေ ဝယ်ယူတာများနေပါတယ်။ ကျိုက်လတ်မြို့နယ် ရေထွက်ကုန် ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်တွေက ငါးမြစ်ချင်းတွေ အပါအဝင် ရေထွက်ကုန် ပစ္စည်းတွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချတာပါ။ ရေထွက်ကုန်တွေကို ကုန်းလမ်းကနေ အဆင်ပြေပြေတင်ပို့ရောင်းချနေပါတယ်"ဟု ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဦးက ပြောပြသည်။



ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချသည့် ငါးမြစ်ချင်း ၁၀ ပိဿာလျှင် အရွယ်အစားပေါ်မူတည်ပြီး ငွေကျပ် ၁၈၅၀၀၀ မှ ၂၄၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ကြိုပင်ကောက်မြို့နယ် ကျွန်းကုန်းကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

ကြိုပင်ကောက် အောက်တိုဘာ ၂၉

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြိုပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွန်းကုန်းကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်း ကတာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြိုပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့် အတူ ကျွန်းကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေနှင့် ကျေးရွာပြည်သူ ထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ဘီးလမ်း ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါ ကျွန်းကုန်းကျေးရွာ၌ လမ်းတစ်ဖက်လျှင် အရှည်ပေ ၅၂၀၊ အကျယ် နှစ်ပေခြောက်လက်မ၊ အမြင့် ခြောက်လက်မစီရှိ ကွန်ကရစ်ဘီးလမ်း ခင်းခြင်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေကျပ် ၃၆ ဒသမ ၃ သိန်း စုစုပေါင်း ငွေကျပ် ၁၈၆ ဒသမ ၃ သိန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ်စက်တင်ဘာလပထမပတ်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးဖြစ်ကြောင်း သိရသည်။

သန်းလွင်(မကွေး)

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝ ဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ရှေ့ဖုံးမှအဆက်

ဆပ်ကော်မတီတို့မှ ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးများ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ အထောက်အကူပြုများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားကို တက်ရောက်လာကြသည့် နိုင်ငံတော်အဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဧည့်ပရိသတ်များ၊ အကဲဖြတ်အဖွဲ့ဝင် အနုပညာရှင်ကြီးများနှင့် ပြိုင်ပွဲဝင်များအားလုံး မိမိတို့၏အမျိုးသားယဉ်ကျေးမှုကိုမြတ်နိုးထိန်းသိမ်းမြှင့်တင်ရင်း အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်ကြပါစေရန် ဆုမွန်ကောင်းတောင်းနှုတ်ခွန်းဆက်သပါကြောင်း။

ယနေ့အခမ်းအနားသည် ပြိုင်ပွဲဝင်အနုပညာရှင်များ၏ ကြိုးပမ်းအားထုတ်မှုကို



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကချင်ပြည်နယ်တိုင်းရင်းသားရိုးရာကျေးလက်ရိုးရာယဉ်ကျေးမှုအဖွဲ့ကို ဂုဏ်ပြုဆုတံဆိပ်နှင့်ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ချင်းပြည်နယ်တိုင်းရင်းသားရိုးရာကျေးလက်ရိုးရာယဉ်ကျေးမှုအဖွဲ့ကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ဒုတိယသမ္မတ ဦးညီစော ကချင်တိုင်းရင်းသားရိုးရာအကပြိုင်ပွဲတွင် အထူးဆုရရှိသည့်အကအဖွဲ့ကို ဆုပေးအပ်ချီးမြှင့်စဉ်။



ဒုတိယသမ္မတ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဒေါ်နန်းနီနီအေးကဗျာလွတ်အကပြိုင်ပွဲတွင် ပထမဆုရရှိသည့်အကအဖွဲ့ကို ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ အဆို(မဟာဂီတ)ပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

ဂုဏ်ပြုသည့်အခမ်းအနားဖြစ်သကဲ့သို့ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ကြရန် အားပေးတိုက်တွန်းသည့် အခမ်းအနားလည်းဖြစ်ပါကြောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို မျိုးဆက်သစ်လူငယ်များ၏ အမျိုးသားရေးစိတ်ဓာတ်နှင့် ယဉ်ကျေးမှုအမွေအနှစ်အပေါ် မြတ်နိုးတန်ဖိုးထားမှုများ ပိုမိုရှင်သန်လာစေရန်ရည်ရွယ်ပြီး နိုင်ငံတော်အဆင့်အဖြစ် နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခုဆိုပါက ၂၇ ကြိမ်မြောက်အဖြစ် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီဖြစ်ပါကြောင်း။

ယခင်နှစ် (၂၆)ကြိမ်မြောက်ပြိုင်ပွဲတွင် မန္တလေးငလျင်ကြီးကြောင့် ပြိုင်ပွဲအမျိုးအစားအချို့ မကျင်းပနိုင်ခဲ့သော်လည်း အနုပညာရှင် ၁၇၃၉ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုတံဆိပ် ၃၁၃ ဆု ချီးမြှင့်နိုင်ခဲ့ကြောင်း၊ ယခုနှစ်တွင် ဝါသနာရှင်အဆင့်ပြိုင်ပွဲများ၊ ဇာတ်တော်ကြီးနှင့် ရုပ်စုံသဘင်အဖွဲ့လိုက် ပြိုင်ပွဲများကို ပြန်လည်ထည့်သွင်းကျင်းပနိုင်ခဲ့သည့်အပြင် ပြိုင်ပွဲဝင်အနုပညာရှင် ၂၃၄၆ ဦးထိ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်ကို တွေ့ရကြောင်း၊ ယင်းသည် မြန်မာ့ရိုးရာအနုပညာကိုချစ်မြတ်နိုးသည့်သူများ၊ အထူးသဖြင့် မျိုးဆက်သစ်လူငယ်များကြားတွင် စိတ်ဝင်စားမှုနှင့် ပါဝင်မှုတိုးမြင့်လာသည်ကို ဖော်ပြနေကြောင်း။

ပြိုင်ပွဲဝင်အနုပညာရှင် အားလုံး၏ ကြိုးပမ်းအားထုတ်မှု၊ အကဲဖြတ်အဖွဲ့ဝင် အနုပညာရှင်ကြီးများ၏ တာဝန်ကျေပွန်မှုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ၏ ပူးပေါင်းဆောင်ရွက်မှုတို့ကို အသိအမှတ်ပြုကြောင်း၊ အနုပညာကို ချစ်မြတ်နိုးပြီး အားပေးကြသည့် ပရိသတ်အားလုံးကိုလည်း ကျေးဇူးတင်ရှိကြောင်း။

ထို့ပြင် ယခုနှစ်တွင် မျိုးဆက်သစ်လူငယ်များ ဆုပိုမိုရရှိလာသည်ကို တွေ့ရသည့်အတွက်လည်း ချီးကျူးဂုဏ်ပြုကြောင်းကို ပြောကြားလိုကြောင်း၊ မှာကြားလိုသည်မှာ ဆုရရှိခြင်းသည် မိမိတို့၏ကြိုးစားအားထုတ်မှုအတွက် ထိုက်တန်သည့်အသိအမှတ်ပြုမှုဖြစ်သကဲ့သို့ မိမိတို့တတ်မြောက်ထားသည့် အနုပညာ ပညာရပ်များကို ပိုမိုတိုးတက်အောင် ဆက်လက်လေ့လာလေ့ကျင့်ပြီး အနာဂတ်မျိုးဆက်သစ်များထံသို့ လက်ဆင့်ကမ်းပေးနိုင်ရန်လည်း အရေးကြီးသည့် တာဝန်တစ်ရပ်ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်ဆိုပါက သဘာဝသယံဇာတ၊ ခေတ်မီနည်းပညာ





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများက “သယံဇာတပေါကြွယ်ဝသည့်ပြည်နယ်”ဟုအဓိပ္ပာယ်ရရှိသည့် ကချင်ပြည်နယ် ကချင်ရိုးရာ “ဆွတ်ငိုင်မုန်း”အကဖြင့် ကချင်တိုင်းရင်းသားရိုးရာအကအဖွဲ့၏ ဖျော်ဖြေကပြတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

မြန်မာ့သမိုင်းအစဉ်အလာ ရိုးရာယဉ်ကျေးမှုနှင့် လူမှုကျင့်ဝတ်တန်ဖိုးများကို မျိုးဆက်သစ်လူငယ်များသိရှိနားလည်ပြီး မြတ်နိုးထိန်းသိမ်းလာစေရန်လိုအပ်၊ ဝါရင့်အနုပညာရှင်ကြီးများ၏ ပညာနှင့်အတွေ့အကြုံများကိုလည်း လူငယ်များထံလက်ဆင့်ကမ်းပေးကြရမည်ဖြစ်၊ အဆို၊ အက၊ အရေး၊ အတီးပညာရပ်များသည် လက်တွေ့လေ့ကျင့်သင်ယူမှုနှင့် ဆရာတပည့်အစဉ်အလာကိုအခြေခံသောကြောင့် ပညာရှင်ကြီးများ၏ သင်ကြားပြသမှုနှင့် လူငယ်များ၏ ကြိုးစားသင်ယူမှုတို့ပေါင်းစပ်မှသာ ရိုးရာအနုပညာများ ရေရှည်ရှင်သန်ဖွံ့ဖြိုးလာမည်ဖြစ် . . .

နှင့် လူစွမ်းအားအရင်းအမြစ်များ လိုအပ်သကဲ့သို့ နိုင်ငံသားများ၏ မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန်များကိုရှင်သန်စေမည့် အမျိုးသားယဉ်ကျေးမှုအခြေခံများ ခိုင်မာရန်လည်း လိုအပ်ကြောင်း။

မြန်မာ့ရိုးရာယဉ်ကျေးမှုဟူသည့်နေရာတွင် ဝတ်စားဆင်ယင်မှု၊ ဘာသာစကား၊ ရိုးရာဓလေ့ထုံးတမ်းများနှင့် လူမှုကျင့်ဝတ်များသာမက မဟာဂီတ၊ ခေတ်ဟောင်းကာလပေါ်တေးသီချင်း၊ မြန်မာ့မူဟန်အက၊ ရိုးရာတူရိယာ၊ ဇာတ်သဘင်နှင့် ရုပ်စုံသဘင်တို့အပါအဝင် ခေတ်အဆက်ဆက်လက်ဆင့်ကမ်းလာသည့် တန်ဖိုးရှိသောအနုပညာအမွေအနှစ်များကိုလည်း ဆိုလိုကြောင်း၊ အထူးသဖြင့် ဇာတ်တော်ကြီးနှင့် ရုပ်စုံသဘင်တို့မှတစ်ဆင့် အကျိုးအကြောင်း အဆိုး အကောင်းနှင့်မင်္ဂလာတရားများကို သင်ယူနိုင်ကြောင်း။

ယင်းပြိုင်ပွဲကြီးများသည် အနုပညာဆိုင်ရာပြိုင်ပွဲဖြစ်သကဲ့သို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှုကိုအခြေခံပြီး ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကိုဖော်ထုတ်ထိန်းသိမ်းသည့်ပွဲ၊ မျိုးဆက်သစ်အနုပညာရှင်မောင်နှမများ ပေါင်းကူးယှက်နွှယ်သည့်ပွဲ၊ တစ်နည်းအားဖြင့် တိုင်းရင်းသားသွေးချင်း ညီအစ်ကိုမောင်နှမများ ယဉ်ကျေးမှုနှင့် ချစ်ကြည်ရင်းနှီးမှုပေါင်းစည်းသည့်ပွဲဟုဆိုနိုင်ကြောင်း။

ယနေ့ခေတ် ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းများကြားတွင် နိုင်ငံတိုင်းသည် မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်ဖော်ဆောင်နေကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း အမျိုးသားအကျိုးစီးပွားကို မျိုးဆက်သစ်လူငယ်များတွင် မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်နှင့် မိမိတို့၏ရိုးရာယဉ်ကျေးမှုအပေါ် မြတ်နိုးလေးစားတန်ဖိုးထားမှုများ ရှင်သန်ခိုင်မာနေရန်လိုအပ်ကြောင်း၊ ယင်းစိတ်ဓာတ်များကို အနုပညာစွမ်းပကားဖြင့် မြှင့်တင်ပေးနိုင်မည်ဆိုပါက ကိုယ့်နိုင်ငံကိုယ့်လူမျိုးအကျိုးကို ကာကွယ်စောင့်ရှောက်လိုစိတ်များ ပိုမိုခိုင်မာလာမည် ဖြစ်ကြောင်း။

ထို့ကြောင့် မြန်မာ့သမိုင်းအစဉ်အလာ ရိုးရာယဉ်ကျေးမှုနှင့် လူမှုကျင့်ဝတ်တန်ဖိုးများကို မျိုးဆက်သစ်လူငယ်များသိရှိနားလည်ပြီး မြတ်နိုးထိန်းသိမ်းလာစေရန် လိုအပ်ကြောင်း၊ အလားတူ ဝါရင့်အနုပညာရှင်ကြီးများ၏ ပညာနှင့်အတွေ့အကြုံများကိုလည်း လူငယ်များထံ လက်ဆင့်ကမ်းပေးကြရမည်ဖြစ်ကြောင်း၊ အဆို၊ အက၊ အရေး၊ အတီးပညာရပ်များသည် လက်တွေ့လေ့ကျင့်သင်ယူမှုနှင့် ဆရာတပည့်အစဉ်အလာကိုအခြေခံသောကြောင့် ပညာရှင်ကြီးများ၏ သင်ကြားပြသမှုနှင့် လူငယ်များ၏ ကြိုးစားသင်ယူမှုတို့ပေါင်းစပ်မှသာ ရိုးရာအနုပညာများ ရေရှည်ရှင်သန်ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း။

တစ်ဖက်တွင်လည်း မဟာဂီတ၊ ရိုးရာတူရိယာ၊ မြန်မာ့မူဟန်အက၊ ဇာတ်သဘင်နှင့် ရုပ်စုံသဘင်တို့၏တန်ဖိုးရှိသည့် အနုပညာလက်ရာများကို ခေတ်မီဒီဂျစ်တယ်နည်းပညာဖြင့် စနစ်တကျမှတ်တမ်းတင်ထိန်းသိမ်းပြီး မျိုးဆက်သစ်များလေ့လာသင်ယူနိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုများကို အပြန်အလှန်လေးစားပြီး ပြည်ထောင်စုစည်းလုံးညီညွတ်ရေးကို ပိုမိုခိုင်မာအောင် ဆောင်ရွက်ကြရန်၊ ခေတ်မီနည်းပညာများကို အကျိုးရှိရှိအသုံးချပြီး မြန်မာ့ရိုးရာအနုပညာများ ရေရှည်ရှင်သန်ဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ရာ နိုင်ငံတော်သမ္မတက ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ တိုင်းရင်းသားရိုးရာ၊ကျေးလက်ရိုးရာယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်သည်။

ထို့နောက် “သယံဇာတပေါကြွယ်ဝသည့် ပြည်နယ်”ဟုအဓိပ္ပာယ်ရရှိသည့် ကချင်ပြည်နယ် ကချင်ရိုးရာ “ဆွတ်ငိုင်မုန်း”အကဖြင့် ကချင်တိုင်းရင်းသားရိုးရာအကအဖွဲ့က ဖျော်ဖြေကပြတင်ဆက်ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးညီစောက ကချင်တိုင်းရင်းသားရိုးရာ အကပြိုင်ပွဲတွင် အထူးဆု၊ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့်အဖွဲ့များကိုလည်းကောင်း၊ ဒုတိယသမ္မတ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဒေါ်နန်းနီနီအေးက ကဗျာလွှတ်အကပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့်အဖွဲ့များကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက အဆို(မဟာဂီတ)ပြိုင်ပွဲဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသား၊အမျိုးသမီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကိုလည်းကောင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက အဆို(မဟာဂီတ)ပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးက အဆို(ခေတ်ဟောင်း၊ကာလပေါ်)ပြိုင်ပွဲဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသား၊ အမျိုးသမီးအဆင့်တွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကို လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ပြည်ထောင်စုဝန်ကြီးများ၊ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနှင့် ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများက ပြိုင်ပွဲဘာသာရပ်နှင့် အဆင့်အလိုက် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကို ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ဆုချီးမြှင့်ပွဲတွင် အဆိုပြိုင်ပွဲ၊ အကပြိုင်ပွဲ၊ အရေးပြိုင်ပွဲနှင့် အတီးပြိုင်ပွဲတို့တွင် ပထမဆုရရှိခဲ့ကြသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက်ကိုယ်စားပြု ပြိုင်ပွဲဝင်များက သီဆိုကပြတီးခတ်ဖျော်ဖြေတင်ဆက်ကြသည်။

ဆုချီးမြှင့်ပွဲအခမ်းအနား အပြီးတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတက အခမ်းအနားတက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဆုတံဆိပ်ရရှိမှုများအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ ၁၅၁ ဆု၊ မန္တလေးတိုင်းဒေသကြီးမှ ၁၀၇ ဆု၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၄၉ ဆု၊ မကွေးတိုင်းဒေသကြီးမှ ဆု ၃၀၊ ပဲခူးတိုင်းဒေသကြီးမှ ဆု ၄၀၊ မွန်ပြည်နယ်မှ ၃၄ ဆု၊ တနင်္သာရီတိုင်းဒေသကြီးမှ ၂၃ ဆု၊ ဧရာဝတီတိုင်းဒေသကြီးမှ ၂၉ ဆု၊ကရင်ပြည်နယ်မှ ဆု ၂၀၊ ကယားပြည်နယ်မှ ၁၄ ဆု၊ ချင်းပြည်နယ်မှ ၁၁ ဆု၊ ကချင်ပြည်နယ်မှ ကိုးဆု၊ ရှမ်းပြည်နယ်မှ ခြောက်ဆုနှင့် ရခိုင်ပြည်နယ်မှ ရှစ်ဆုရရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး အဆို(မဟာဂီတ)ပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရရှိသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး အဆို(ခေတ်ဟောင်း၊ကာလပေါ်)ပြိုင်ပွဲဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရရှိသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

PPIB News





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် ကျေးလက်ရိုးရာအကအဖွဲ့များ၏ ကပြဖျော်ဖြေတင်ဆက်နေမှုကို ကြည့်ရှုအားပေးစဉ်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများသည် ပြိုင်ပွဲကြီးကြပ်သူ ဝါရင့်သမ္ဘာရင့်အနုပညာရှင်ကြီးများ၊ ပြိုင်ပွဲဝင် အနုပညာရှင်များ၊ မျိုးဆက်သစ်အနုပညာရှင်များအားလုံးနှင့် အနုပညာမျိုးဆက် အဆက်ဆက်အတွက် အကျိုးကျေးဇူးဖြစ်ထွန်းစေပြီး နိုင်ငံနှင့်လူမျိုးအတွက်ပါ အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းနေသည်ကို အားရကျေနပ်ဖွယ်တွေ့မြင်ကြရမည် ဖြစ်...





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အရေးအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ အလင်္ကာကျော်စွာ ဒေါက်တာမောင်မောင်လတ်ကို ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးဖိုးချစ်ကို ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။

☆ ကျောဖုံးမှအဆက်

လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှဝန်ကြီးများ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ အထောက်အကူပြုများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယနေ့ အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းမြှင့်တင်ရေး ရည်မှန်းချက်ကို ဖော်ဆောင်ပေးခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီဖြစ်သဖြင့် ပါဝင်ကြိုးပမ်းခဲ့ကြသည့် အနုပညာရှင်ကြီးများနှင့် အကဲဖြတ် အဖွဲ့ဝင်များအားလုံးလည်း နိုင်ငံတော်အစိုးရနှင့်အတူ ဝမ်းမြောက်ဂုဏ်ယူနေကြမည်ဟု ယုံကြည်ကြောင်း။

ယခုကျင်းပပြီးစီးခဲ့သည့် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးတွင်လည်း နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ ဝါရင့်သမ္ဘာရင့်အနုပညာရှင်ကြီးများ၏ ကြီးကြပ်ဆောင်ရွက်ပေးမှု၊ ပြိုင်ပွဲဝင်မျိုးဆက်သစ်အနုပညာရှင်လူငယ်များ၏ တက်တက်ကြွကြွကြိုးပမ်းအားထုတ် ပါဝင်ယှဉ်ပြိုင်မှုများကြောင့် မျှော်မှန်းထားသည်ထက် ပိုမိုအောင်မြင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ဆုရရှိမှုကိုကြည့်မည်ဆိုပါကလည်း ရွှေတံဆိပ်ဆု ၁၉၅ ခု၊ ငွေတံဆိပ်ဆု ၁၆၇ ခု၊ ကြေး တံဆိပ်ဆု ၁၆၅ ခု၊ နှစ်သိမ့်ဆုနှစ်ခုနှင့် အထူးဆု နှစ်ခု စုစုပေါင်း ၅၃၁ ဆုထိ တိုးမြှင့်ချီးမြှင့်နိုင်ခဲ့သောကြောင့် အားရကျေနပ်ဖွယ်ရာဖြစ်ကြောင်းကိုတွေ့ရှိရကြောင်း။

နိုင်ငံတော်အနေဖြင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို တစ်နှစ်ထက်တစ်နှစ် အသွင်သဏ္ဌာန်သာမက အနှစ်သာရပါပိုမိုပြီး အမျိုးသားရေးအဓိပ္ပာယ်ပြည့်ပြည့်ဝဝဖြင့် နှစ်စဉ်ကျင်းပပေးလျက်ရှိကြောင်း၊ ပြိုင်ပွဲကြီး၏ရည်ရွယ်ချက်များ အကောင်အထည်ဖော်နိုင်စေရေးအတွက် ပညာရှင်ကြီးများအားလုံးက ပညာရပ်ဆိုင်ရာများကို ကူညီပံ့ပိုးဆောင်ရွက်ပေးကြသည့်အတွက် နိုင်ငံတော်အနေဖြင့် ကျေးဇူးတင်ဂုဏ်ပြုသည်ကို အလေးအနက်ပြောကြားလိုကြောင်း။

ယနေ့အချိန်အခါတွင် မိမိတို့နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာအလယ်တွင် တင့်တယ်စွာရပ်တည်နိုင်ရေးအတွက် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးပေါ်ထွန်းလာရေး တည်ဆောက်လျက်ရှိကြောင်း၊ ထို့ကြောင့်လည်း လိုအပ်သည့် မိမိတို့၏ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှု အစဉ်အလာများ၊ လူမှုရေးကျင့်ဝတ်နှင့်တန်ဖိုးများ၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ရေးတို့ကိုလည်း စနစ်တကျကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နှစ်စဉ်ကျင်းပပေးလျက်ရှိသည့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများလည်း ပါဝင်ကြောင်း။

၂၁ ရာစုခေတ်တွင် ဆက်သွယ်ရေးနှင့် နည်းပညာပေါင်းစပ်နိုင်မှုကြောင့် အင်တာနက်ကို ကောင်းစွာအသုံးပြုလာနိုင်သကဲ့သို့ နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ လွှမ်းမိုးမှုများသည် နယ်စည်းမခြားတိုးပွားလာနေကြောင်း၊ ယင်းအခြေအနေတွင် မျိုးဆက်သစ်လူငယ်များ၏ ရိုးရာယဉ်ကျေးမှုအပေါ် မြတ်နိုးမှုနှင့် အမျိုးသားရေးစိတ်ဓာတ်များ ခိုင်မာရှင်သန်နေစေရေး အနုပညာရှင်များနှင့် တာဝန်ရှိသူအားလုံးက ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

လူငယ်အချို့ ခေတ်ရေစီးကြောင်းနောက်ကိုလိုက်ပါရင်း ရိုးရာယဉ်ကျေးမှုတန်ဖိုးများကို လျစ်လျူရှုလာနိုင်သည့် အတွက် ယင်းအခြေအနေကို ပေါ့ပေါ့ဆဆ မထားကြရန်လိုအပ်ကြောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏ အောင်မြင်မှုကိုအခြေခံပြီး ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ပိုမိုရှင်သန်ထွန်းကားလာစေရေး အနုပညာရှင်ကြီးများအနေဖြင့် မိမိတို့၏အနုပညာစွမ်းအားဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း။

အနုပညာရှင်ကြီးများ၏ ကြိုးပမ်းအားထုတ်မှုများကြောင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများ၏ အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းနေမှုသည် အနာဂတ်နိုင်ငံတော်အတွက် ထူးခြားကောင်းမွန်သည့် အစဉ်အလာများပင်ဖြစ်ကြောင်း၊ ပြိုင်ပွဲကြီးများ၏ အကျိုးကျေးဇူးကြောင့်လည်း ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်အနုပညာရှင်များ အများအပြားပေါ်ထွန်းလာနေသည်မှာ အားရဖွယ်ရာဖြစ်ကြောင်း၊ ယင်းသည် ဝါရင့်သမ္ဘာရင့်အနုပညာရှင်ကြီးများထံမှ အနုပညာအမွေများကို လက်ဆင့်ကမ်းပေးအပ်နိုင်မည့် အမွေခံထိုက်သည့် သားကောင်းရတနာ၊ သမီးကောင်းရတနာများ ပေါ်ထွန်းလာခြင်းပင်ဖြစ်ကြောင်း။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများသည် ပြိုင်ပွဲကြီးကြပ်သူ ဝါရင့်သမ္ဘာရင့်အနုပညာရှင်ကြီးများ၊ ပြိုင်ပွဲဝင်အနုပညာရှင်များ၊ မျိုးဆက်သစ်အနုပညာရှင်များအားလုံးနှင့် အနုပညာမျိုးဆက် အဆက်ဆက်အတွက် အကျိုးကျေးဇူးဖြစ်ထွန်းစေပြီး နိုင်ငံနှင့်လူမျိုးအတွက်ပါ အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းနေသည်ကို အားရကျေနပ်ဖွယ်တွေ့မြင်ကြရမည် ဖြစ်ကြောင်း။

ယခုကဲ့သို့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများတစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်အောင်မြင်အောင်ကျင်းပပြီး ပြိုင်ပွဲကြီးများ၏အကျိုးရလဒ်ကောင်းများ ကျယ်ပြန့်နက်ရှိုင်းစွာ တိုးပွားဖြစ်ထွန်းလာစေရေး ဝါရင့်သမ္ဘာရင့် အနုပညာရှင်ကြီးများအနေဖြင့် မျိုးဆက်သစ်အနုပညာရှင်များအပေါ် သားသမီးများသဖွယ် မေတ္တာထားပြီး အနုပညာအမွေ ဆက်လက်ဖြန့်ဝေပေးကြရန် မေတ္တာရပ်ခံတိုက်တွန်းလိုကြောင်း။

၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပါဝင်ကူညီခဲ့ကြသည့် ဝါရင့်သမ္ဘာရင့် အနုပညာရှင်ကြီးများ၊ အကဲဖြတ်ပညာရှင်ကြီးများနှင့် ပါဝင်ဆောင်ရွက်သူ အားလုံးကို ထပ်မံကျေးဇူးတင်ဂုဏ်ပြုလိုကြောင်း၊ လေးစားဂုဏ်ယူရသည့် ဝါရင့်သမ္ဘာရင့် အနုပညာရှင်ကြီးများ

စာမျက်နှာ ၁၉ သို့

ယခုကဲ့သို့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်အောင်မြင်အောင်ကျင်းပပြီး ပြိုင်ပွဲကြီးများ၏ အကျိုးရလဒ်ကောင်းများ ကျယ်ပြန့်နက်ရှိုင်းစွာ တိုးပွားဖြစ်ထွန်းလာစေရေး ဝါရင့်သမ္ဘာရင့် အနုပညာရှင်ကြီးများအနေဖြင့် မျိုးဆက်သစ်အနုပညာရှင်များအပေါ် သားသမီးများသဖွယ် မေတ္တာထားပြီး အနုပညာအမွေ ဆက်လက်ဖြန့်ဝေပေးကြရန် မေတ္တာရပ်ခံ တိုက်တွန်းလို. . .



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အခမ်းအနားမျူးများကိုယ်စား အခမ်းအနားမျူးတစ်ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

စာမျက်နှာ ၁၈ မှအဆက်

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် အသက်ရာကျော် ရှည်ကြပါစေကြောင်း၊ မိမိတို့ အသက်ထက်ဆုံး လေးစားမြတ်နိုးစွာ ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည့် မြန်မာ့ရိုးရာအနုပညာရပ်များ ရှေးရိုးအစဉ်အလာမပျက် ဆက်လက်ရှင်သန်ထွန်းကား နေစေရေး အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်ပေးနိုင် ကြပါစေကြောင်း၊ မြန်မာ့ရိုးရာ အနုပညာအမွေအနှစ်များ နောင်မျိုးဆက်များထိ ဆက်လက်ရှင်သန် ထွန်းကားပြီး မျိုးဆက်သစ်အနုပညာရှင်များလည်း အဆက်မပြတ်ပေါ်ထွန်းလာကြပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက အဆိုအကဲဖြတ်လုပ်ငန်း အဖွဲ့ကိုယ်စား ဥက္ကဋ္ဌ အလင်္ကာကျော်စွာ ဒေါ်ရွှေကူနန်း ခွဲ.ခွဲ.၊ အကအကဲဖြတ်လုပ်ငန်းအဖွဲ့ ကိုယ်စား ဥက္ကဋ္ဌ အလင်္ကာကျော်စွာ ဦးအောင်တင်ဝင်း၊ အရေးအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ အလင်္ကာကျော်စွာ ဒေါက်တာ မောင်မောင်လတ်၊ အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ ကိုယ်စား ဥက္ကဋ္ဌ ဦးစောဝင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အုပ်ချုပ်သူများ ကိုယ်စား ရှမ်းပြည်နယ်မှ အုပ်ချုပ်သူတစ်ဦး၊ အခမ်းအနားမျူးများကိုယ်စား အခမ်းအနားမျူးတစ်ဦးနှင့် မြန်မာနိုင်ငံသဘင် အစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးဖိုးချစ်တို့ကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အကဲဖြတ်ပညာရှင်များကိုယ်စား အကဲဖြတ်ပညာရှင် အလင်္ကာကျော်စွာ မြင်းမူမောင်နိုင်မိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် အခမ်းအနားတက်ရောက်လာကြသူများ၊ ပြိုင်ပွဲဝင်များနှင့်အတူ ဂုဏ်ပြုဥစာကို အတူတကွသုံးဆောင်ကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုရရှိကြသူများ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့များနှင့် ကျေးလက်ရိုးရာအကအဖွဲ့များ၊ အနုပညာရှင်ကြီးများက တေးသံသာများဖြင့် သီဆို၊ ကပြဖျော်ဖြေတင်ဆက်ကြသည်။

ထိုသို့ ဖျော်ဖြေတင်ဆက်ကြရာတွင် ဝါရင့်တေးသံရှင် စည်သူဒေါ်ထားက အဆို ပြိုင်ပွဲ(ခေတ်ဟောင်း၊ကာလပေါ်) အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)တွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် မတိမ်ပန်းချီမိုးဆန်းနှင့် တွဲဖက်၍လည်းကောင်း ဝါရင့်တေးသံရှင် တက္ကသိုလ်လဲ့လဲ့က အဆို ပြိုင်ပွဲ(ခေတ်ဟောင်း၊ ကာလပေါ်) အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)တွင် ပထမဆုရရှိခဲ့သည့် မသျှန်ယွန်းဖြူနှင့် တွဲဖက်၍လည်းကောင်း မျိုးဆက်သစ်များသို့ အနုပညာအမွေ လက်ဆင့်ကမ်းကာ ပါဝင်သီဆိုဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ထို့နောက် လက်ဆင့်ကမ်းအမွေ အစီအစဉ်အဖြစ် အသက် ၆၈ နှစ်ရှိ သဘင်ပညာရှင်ကြီး ဦးချမ်းသာနှင့် အသက် ၆၂ နှစ်ရှိ သဘင်ပညာရှင်ကြီး ဒေါ်နန်းခင်မွေး တို့နှင့်အတူ လက်ဆင့်ကမ်းအမွေကို ဆက်ခံကြမည့် မျိုးဆက်သစ်လူငယ်များ ဖြစ်ကြသည့် သဘင်ပညာရှင်ရွှေတံဆိပ်များရှင် တက္ကသိုလ်အားမာန်နှင့်ဝင်းသပြေထွန်း(ယဉ်ကျေးမှု)၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အကပြိုင်ပွဲ ပထမဆုရ ကရင်ပြည်နယ်မှ မောင်မင်းကျဲဉာဏ်ချမ်းနှင့် အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အကပြိုင်ပွဲ ပထမဆုရ ရှမ်းပြည်နယ်မှ မချောစုထွေးတို့က ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြသည်။

ဂုဏ်ပြုဥစာစားပွဲအပြီးတွင် နိုင်ငံတော်သမ္မတက အခမ်းအနားတက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

PPIB News

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် အမှတ်(၁)နှင့် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းများမှ ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများကို လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၉

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် လွှတ်တော်သို့လာရောက်လေ့လာသည့် ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် အမှတ်(၁)နှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းများမှ ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံသဘင်ဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ယခုကဲ့သို့ လွှတ်တော်ကို စိတ်ပါဝင်စားစွာလာရောက်လေ့လာကြသည့်အတွက် ဝမ်းမြောက်စွာ ဂုဏ်ယူကြိုဆိုပါကြောင်း၊ လွှတ်တော်များ၏သက်တမ်းသည် နှစ်ပေါင်းများစွာ ရှိသည့်အတွက် ပြည်သူများအနေဖြင့် လွှတ်တော်များ၏ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ အကြောင်းကို သိရှိသူနည်းပါးပါကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ယခုလိုတွေ့ဆုံစဉ် လွှတ်တော်များ၏ဆောင်ရွက်ရသည့် လုပ်ငန်းတာဝန်များအကြောင်းကို အနည်းငယ်ပြောကြားလိုပါကြောင်း၊ လွှတ်တော်နှစ်ရပ်စနစ်ကျင့်သုံးသည့် နိုင်ငံဖြစ်ပြီး ပြည်ထောင်စုအဆင့်တွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဟူ၍ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လွှတ်တော်တစ်ရပ်စီရှိကြပါကြောင်း၊ အဆိုပါလွှတ်တော်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သီးခြားစီဆောင်ရွက်ရသော်လည်း ဥပဒေပြုခြင်း၊ အုပ်ချုပ်ရေးလုပ်ငန်းများကို စောင့်ကြည့်ခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကို ဆုံးဖြတ်ခြင်းတို့တွင် ပူးပေါင်းဆောင်ရွက်ကြရသည်ဟု ရှင်းလင်းပြောကြားသည်။

မိမိတို့ လွှတ်တော်များအနေဖြင့် နိုင်ငံသူ၊ နိုင်ငံသားများအားလုံး ဥပဒေ၏ အကာအကွယ်အောက်တွင် တည်ငြိမ်အေးချမ်းစွာနေထိုင်နိုင်ပြီး အကျိုးစီးပွားဖြစ်ထွန်းစေရန် လက်ရှိတည်ဆဲဥပဒေများကို ခေတ်ကာလနှင့်ကိုက်ညီမှု ရှိ၊ မရှိ စိစစ်ဆောင်ရွက်ခြင်းဖြင့် ဥပဒေပြုတာဝန်ကိုလည်းကောင်း၊ မိမိတို့ မဏ္ဍိုင်ကြီး သုံးရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သီးခြားလွတ်လပ်စွာရပ်တည်ကြသော်လည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် အပြန်အလှန်ထိန်းကျောင်းခြင်းတာဝန်ကိုလည်းကောင်း၊ ပြည်သူများ၏ လိုအပ်ချက်များကို လွှတ်တော်တွင်း မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းဖြင့် ပြည်သူကိုကိုယ်စားပြုခြင်းတာဝန်ကိုလည်းကောင်း စသည်ဖြင့် အသီးသီးတာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း၊ အဆိုပါတာဝန်များကို မိမိတို့လွှတ်တော်တွင် ဖွဲ့စည်းထားသည့် ကော်မတီများက အဓိကဆောင်ရွက်လျက်ရှိကြပါကြောင်း။



နိုင်ငံတော်အနေဖြင့်လည်း ပညာရေး ကဏ္ဍကို ဖြို့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ မိမိတို့ လွှတ်တော်အနေဖြင့်လည်း ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းပညာသင်ကြားနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လွှတ်တော်များသည် ပြည်သူကို ကိုယ်စားပြုသည့်နေရာ၊ ပြည်သူ့အသံကို ဖော်ဆောင်ပေးသည့် နေရာဖြစ်၍ မိမိတို့ဒေသ၏ပညာရေးကဏ္ဍနှင့်စပ်လျဉ်း၍ လိုအပ်ချက်များကိုလည်း သက်ဆိုင်ရာမဲဆန္ဒနယ်ရှိ လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် လွှတ်တော်သို့တင်ပြဆောင်ရွက်နိုင်ပါကြောင်း၊ ယနေ့ လွှတ်တော်သို့ လာရောက်လေ့လာသည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း စာကိုကြိုးစားသင်ယူပြီး အနာဂတ်တွင် ထူးချွန်ထက်မြက်ပြီး နိုင်ငံတော်က အားထားရသည့် အသိပညာရှင်၊ အတတ်ပညာရှင်၊ စီးပွားရေးပညာရှင်၊ ဥပဒေပညာရှင်နိုင်ငံ့သားကောင်း၊ သမီးကောင်းများ ဖြစ်လာစေရန် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာလှတင့်၊ ပြည်သူ့လွှတ်တော် သတင်းထုတ်ပြန်ရေးအဖွဲ့မှ ဒုတိယအဖွဲ့ခေါင်းဆောင် ဦးသိန်းထွန်းဦးနှင့် အဖွဲ့ဝင် ဒေါက်တာကျော်ဆွေ၊ ခရမ်းမြို့နယ်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးဝင်းဆွေ၊ ဦးအောင်သီဟနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးကို လက်ခံတွေ့ဆုံ



နေပြည်တော် အောက်တိုဘာ ၂၉

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် မြန်မာနိုင်ငံ၌ရောက်ရှိနေသည့် ၂၀၂၆ ခုနှစ် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး မစ္စ မာရီယာ ထရက်ဆာ ပရဲညိ လာဇာရိအား ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ဖိလစ်ပိုင် နှစ်နိုင်ငံကြား သံတမန်ဆက်ဆံရေး နှစ် ၇၀ ပြည့် အထိမ်းအမှတ်အဖြစ် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေး မူဘောင် အောက်တွင် နှစ်နိုင်ငံ ပြည်သူများကြား အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များ၊ အထူးသဖြင့် ပူးပေါင်းဆောင်ရွက်မှုယန္တရားများ ပိုမိုခိုင်မာစေရေးနှင့် ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် အာဆီယံမူဘောင်အောက်တွင် အာဆီယံအတွင်း မြန်မာနိုင်ငံ၏ မူလအခန်းကဏ္ဍနှင့် အခွင့်အရေးများ ပြန်လည်ထိန်းသိမ်းနိုင်မည့် နည်းလမ်းများ၊ မကြာမီကျင်းပမည့် ၄၆ ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် ဘဲ အစိုးရ၏ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည် အတွင်း လေ့လာသိရှိခဲ့ရမှုများကို မကြာမီ ဆက်စပ်ထိပ်သီး အစည်းအဝေးများ ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးက မြန်မာအစိုးရ၏ “တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေး”နှင့် “နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရရှိရေး”အတွက် ဦးစားပေးရည်မှန်းချက် နှစ်ရပ်ထားရှိကာ အရှိန်အဟုန်မြင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးကြိုးပမ်းမှုများ၊ ထာဝရငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများ၊ ပြည်ပမှလက်ခံရရှိသည့် လူသားချင်းစာနာမှုအကူအညီများအပြင် အစိုးရအနေဖြင့် မိမိတို့၏ အရင်းအမြစ်များကို အသုံးပြု၍ ပြည်သူများအတွက် ကူညီပံ့ပိုးပေးနေမှုများ၊ ပြည်တွင်းရှိ ပြည်သူများနှင့် ပြည်ပရှိ မြန်မာနိုင်ငံသားများကို ကူညီစောင့်ရှောက်ပေးမှုများနှင့် စပ်လျဉ်း၍ အသိပေးရှင်းလင်းပြောကြားခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် တာဝန်သိအဖွဲ့ဝင် နိုင်ငံအဖြစ် အာဆီယံမူဘောင်အောက်တွင် အပြည့်အဝပူးပေါင်းဆောင်ရွက်နေမှုများနှင့် အာဆီယံထုတ်ပြန်ချက် ငါးရပ်နှင့်ပတ်သက်၍ အမျိုးသားအကျိုးစီးပွားနှင့် အချုပ်အခြာအာဏာကို မထိခိုက်စေ ချက်များနှင့်အညီ ပူးပေါင်းဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ အလေးထားပြောကြားခဲ့သည်။

ဖိလစ်ပိုင် နိုင်ငံခြားရေးဝန်ကြီးက အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အဖြစ် မြန်မာနိုင်ငံသို့လာရောက်သည့် နောက်ဆုံးခရီးစဉ်အတွင်း ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ အကူအညီလိုအပ်သူများထံသို့ အကူအညီပေးအပ်ရေးလုပ်ငန်းစဉ်များကို လေ့လာကြည့်ရှုခွင့်ရသည့်အတွက် ဝမ်းမြောက်ကြောင်း၊ ယခုခရီးစဉ် ကျင်းပမည့် ၄၇ ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးသို့ တင်ပြသွားမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ အာဆီယံအတွင်း မြန်မာနိုင်ငံ၏ မူလအခန်းကဏ္ဍနှင့် အခွင့်အရေးများကို ပြန်လည်ဖော်ဆောင်နိုင်မည့် မြန်မာဦးဆောင်သော မြန်မာ့ကိုယ်ပိုင်နည်းလမ်းများကို ရှာဖွေဖော်ထုတ်နိုင်ရန်နှင့် မြန်မာနိုင်ငံသို့ လူသားချင်းစာနာမှုအကူအညီများ ပိုမိုပေးအပ်နိုင်ရန်အတွက် ဆက်လက် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် ဖိလစ်ပိုင်နိုင်ငံ အောက်တွင် နယ်စပ်ဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်း ဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ MGallery Sofitel ဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းကျွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဘဏ်လာရှာစ်သမ္မတနိုင်ငံ စွမ်းအင်ဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး



နေပြည်တော် အောက်တိုဘာ ၂၉

လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍအတွက် နှစ်နိုင်ငံရေးထိုးထားသည့် Roadmap ကို လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ယမန်နေ့ မွန်းလွဲပိုင်းတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်နှင့် အဖွဲ့သည် ဘဏ်လာရှာစ်သမ္မတနိုင်ငံ စွမ်းအင်ဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံစဉ် ဘဏ်လာရှာစ်သမ္မတနိုင်ငံ စွမ်းအင်ဝန်ကြီးက မိမိတို့နိုင်ငံတွင် နျူကလီးယားနှင့် သဘာဝဓာတ်ငွေ့ နှစ်မျိုးမှ လျှပ်စစ်ဓာတ်အား အဓိကထုတ်လုပ်ကြောင်း၊ နျူကလီးယားဓာတ်အား ပေးစက်ရုံနှင့်စပ်လျဉ်း၍ အတွေ့အကြုံများစွာရှိကြောင်း၊ သဘာဝဓာတ်ငွေ့ကို ရှာဖွေထုတ်လုပ်ရေးပိုင်းတွင် အတွေ့အကြုံမရှိသော်လည်း သဘာဝဓာတ်ငွေ့ ပို့လွှတ်ဖြန့်ဖြူးမှုနှင့် လျှပ်စစ်ဓာတ်အား ပို့လွှတ်၊ ဖြန့်ဖြူးမှုတို့တွင် မိမိတို့အနေဖြင့် အကောင်းဆုံးသောနည်းပညာများ ရှိပြီး ဖြစ်သဖြင့် လေလွင့်ဆုံးရှုံးမှု အနည်းဆုံး ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပူးပေါင်း ဆောင်ရွက်ရန် အသင့်ရှိကြောင်း ပြောကြားသည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီးက နျူကလီးယားဓာတ်အားပေးစက်ရုံ လည်ပတ်နိုင်ရန်အတွက် ပရော်ဖက်ရှင်နယ် လျှပ်စစ်ဓာတ်အားနှင့် အင်ဂျင်နီယာများအား လေ့ကျင့်ပေးနိုင်ရေးသည် အရေးကြီးကြောင်း၊ ဘဏ်လာရှာစ်သမ္မတနိုင်ငံ၏ ဓာတ်အားပေးစက်ရုံများသို့ On Job Training စေလွှတ်သွားလိုကြောင်း၊ မကြာမီအချိန်တွင် မြန်မာနိုင်ငံ၌ ကေဗွီ ၅၀၀ ဓာတ်အားလိုင်းစနစ်ကို စတင် အသုံးပြုတော့မည် ဖြစ်သည့်အတွက် ပို့လွှတ်ရေးနှင့် စောင့်ကြည့်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို ပိုမိုစနစ်ကျနိုင်ရန်အတွက် ကျွမ်းကျင်သောအင်ဂျင်နီယာများကိုစေလွှတ်၍ လုပ်ငန်းခွင်လက်တွေ့ သင်တန်းများ သင်ကြားပေးစေလိုကြောင်း၊ မဟာဓာတ်အားလိုင်းများ အပါအဝင် ဓာတ်အားလိုင်းများနှင့် Switchyard များ၊ Transformer များတွင် နည်းပညာဆိုင်ရာ ဓာတ်အားလေလွင့်ဆုံးရှုံးမှုများကို လျှော့ချနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားလိုကြောင်း၊ မိမိတို့အသုံးပြုနေသည့် သက်တမ်းကြာမြင့်နေပြီဖြစ်သော High Tension ကေဘယ်ကြိုးများကို ဘဏ်လာရှာစ်သမ္မတနိုင်ငံမှ ထုတ်လုပ်သည့် လျှပ်ကူးမှုပိုမိုကောင်းမွန်ပြီး ကြံ့ခိုင်မှုကောင်းသည့် Composite ကေဘယ်များဖြင့် အစားထိုးလဲလှယ် အသုံးပြုသွားရန် စိတ်ဝင်စားကြောင်း၊ လျှပ်စစ်ဓာတ်အားနှင့် သဘာဝဓာတ်ငွေ့ ဆုံးရှုံးလေလွင့်မှုများ လျှော့ချနိုင်ရေးအတွက် အမြန်ဆုံးပူးပေါင်းဆောင်ရွက်သွားလိုကြောင်း၊ ဓာတ်မြေဩဇာစက်ရုံများ၏ စွမ်းဆောင်ရည်မြင့်မားရေး၊ တိုးချဲ့တည်ဆောက်ရေး လုပ်ငန်းများကိုလည်း ပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်းပြောကြားပြီး လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အောက်တိုဘာ ၂၈ ရက်နှင့် ၂၉ ရက် တို့တွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မင့်စ်မြို့ရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးကဏ္ဍတွင် အသုံးပြုသည့်ထရန်စဖော်မာများထုတ်လုပ်သည့် စက်ရုံ၊ သဘာဝဓာတ်ငွေ့နှင့် ဓာတ်အားဖြန့်ဖြူးသည့် ကွန်ရက်များအား Design ပြုလုပ်သည့် ဌာန၊ လျှပ်စစ်ဓာတ်အားနှင့် သဘာဝဓာတ်ငွေ့ပို့လွှတ်၊ ဖြန့်ဖြူးနေသည့် Control Center များ၊ လျှပ်စစ်ကေဘယ်ကြိုးများထုတ်လုပ်သည့် လုပ်ငန်းများနှင့် ရေနံဓာတုဗေဒလုပ်ငန်းတို့ကို သွားရောက် လေ့လာကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)

၄။ Myawady Webportal (https://myawady.net.mm)

၅။ Myanmar National Portal (https://myanmar.gov.mm)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၈) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ ကျင်းပ



နေပြည်တော် အောက်တိုဘာ ၂၉

သင်တန်းဆင်း မောင်မယ်များအနေဖြင့် တာဝန်ကျရာဒေသများ၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်က ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ် သင်တန်းအမှတ်စဉ်(၈) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာ ပေးအပ်ပွဲတွင် သင်တန်းဆင်းလူငယ်များကို မှာကြားသည်။

ထို့ပြင် နိုင်ငံ့ဝန်ထမ်းများအဖြစ် ပညာရေးတာဝန်များကို ထမ်းဆောင်သည့်အခါ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အဓိန်၊ ညွှန်ကြားချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပြီး နိုင်ငံတော်၏ကျေးဇူးတရားကို သိရှိကာ မိမိတို့တာဝန်ကျရာဒေသများရှိ တိုင်းရင်းသားလူငယ်များကို အနာဂတ် နိုင်ငံ့တာဝန်များ ထမ်းဆောင်နိုင်မည့် လူစွမ်းအားအရင်းအမြစ်များ ဖြစ်အောင် ပြုစုပျိုးထောင်ပေးကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက စံပြထူးချွန်ဆု၊ ဆရာအတတ်ပညာဘာသာထူးချွန်ဆု၊ စာပေဘာသာထူးချွန်ဆု (ဝိပိုဘွဲ့) ဆုရကျောင်းသား၊ ကျောင်းသူများကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေးက စာပေဘာသာထူးချွန်ဆု(သိပ္ပံဘွဲ့)၊ စာပေဘာသာထူးချွန်ဆု(ဝိဇ္ဇာဘွဲ့) ကျောင်းသူများကိုလည်းကောင်း၊ ဒုတိယဝန်ကြီးက တိုင်းရင်းဘာသာစာပေနှင့် ယဉ်ကျေးမှုထူးချွန်ဆု၊ ဖွံ့ဖြိုးရေးဘာသာထူးချွန်ဆုရ ကျောင်းသူများကို လည်းကောင်း ဂုဏ်ပြုဆုများပေးအပ်ကြပြီး တိုင်းဒေသကြီးပညာရေးမှူးက သင်တန်းဆင်း ကျောင်းသား၊ ကျောင်းသူ ၁၈၁ ဦးတို့ကို အလုပ်ခန့်အပ်လွှာများ ပေးအပ်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများကိုတွေ့ဆုံ၍အားပေးစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တက္ကသိုလ်အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများနှင့် တွေ့ဆုံဆွေးနွေးပြီး ဝန်ထမ်းများနှင့်ကျောင်းသား၊ကျောင်းသူများကို ချီးမြှင့်ငွေများ ပေးအပ်သည်။

တွေ့ဆုံပွဲအပြီးတွင် တက္ကသိုလ် ကျောင်းဝင်းအတွင်းရှိ THEATRE ခန်းမ၌ အောက်တိုဘာကျောင်းပိတ်ရက် လေ့ကျင့်ရေးကာလအတွင်းကျောင်းသား၊ကျောင်းသူများ၏ အထွေထွေဗဟုသုတယှဉ်ပြိုင်နေမှု၊ တက္ကသိုလ်စာကြည့်တိုက် အကြီးစား ပြင်ဆင်နေမှု၊ သက်သာချောင်ချိရေးအရောင်းဆိုင်၊ မွေးမြူရေးအစာစပ်စက်ရုံ၊ ဘောလုံးကွင်းနှင့် ပွဲကြည့်စင်၊ မိုးလုံလေလုံအားကစားရုံခန်းမတွင် ဝန်ကြီးဌာနပေါင်းစုံဘော်လီဘောပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ကျောင်းသူများ လေ့ကျင့်နေမှု၊ ဥစားကြက်၊ အသားစားကြက်၊ ဝက်မွေးမြူရေးနှင့် ငါးခူမွေးမြူရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် သင်တန်းဆင်း ကျောင်းသား၊ ကျောင်းသူများကို ဘွဲ့နှင်းသဘင်ခန်းမ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူငယ်များကို အဆင့်မြင့်ပညာရပ်များ တတ်မြောက်စေပြီး ၎င်းတို့၏နယ်စပ်ဒေသများတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံ့ဝန်ထမ်းများအဖြစ် ထိထိရောက်ရောက် ပါဝင် ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်၊ စစ်ကိုင်း)တို့ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဖိလစ်ပိုင်နိုင်ငံအစိုးရက လှူဒါန်းသည့် RC တစ်ထပ် သာသနိကအဆောက်အအုံ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားနှင့် ယခင်လှူဒါန်းထားသော အသင့်တပ်ဆင်စာသင်ကျောင်းဆောင်တို့ကို ကြည့်ရှုစစ်ဆေး



နေပြည်တော် အောက်တိုဘာ ၂၉

မန္တလေးငလျင်ကြီး ပြန်လည်ထူထောင်ရေးအတွက် ဖိလစ်ပိုင်နိုင်ငံအစိုးရက AHA Centre မှတစ်ဆင့် အသင့်တပ်ဆင်စာသင်ကျောင်းဆောင် (Prefabricated School) ကိုးဆောင်နှင့် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော နေပြည်တော် ပျဉ်းမနားမြို့နယ် ကိုးခမ်းကြီးဘုန်းကြီးကျောင်း၌ အလျားပေ ၅၀၊ အနံပေ ၃၀ အကျယ်အဝန်းရှိ RC တစ်ထပ် သာသနိကအဆောက်အအုံ တစ်လုံးတို့ကို လှူဒါန်းခဲ့ရာ အဆိုပါ သာသနိကအဆောက်အအုံ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါ ကိုးခမ်းကြီးဘုန်းကြီးကျောင်း သာသနိကအဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားသို့လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုလွင်နှင့် ဒုတိယဝန်ကြီးများ၊ အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးမစ္စမာရီယာ ထရက်ဆာ ပရဲညိ လာဇာရိဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သံရုံးမှ တာဝန်ရှိသူများ၊ AHA Centre မှ အမှုဆောင်ဒါရိုက်တာနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လွှဲပြောင်းပေးအပ်ပွဲ၌ ပြည်ထောင်စုဝန်ကြီးက ဖိလစ်ပိုင်နိုင်ငံအစိုးရသည် မန္တလေးငလျင်ဘေး အရေးပေါ်တုံ့ပြန်ရေးကာလအတွင်း၌ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုဆေးအဖွဲ့များ၊ စေလွှတ်ကူညီခဲ့ရုံမျှမက ငလျင်ဘေးပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အသင့်တပ်ဆင်စာသင်ဆောင်များ၊ သာသနိကအဆောက်အအုံနှင့် လှူဖွယ်ပစ္စည်းများကိုပါ ထောက်ပံ့လှူဒါန်းခဲ့သည့်အတွက် ဖိလစ်ပိုင်နိုင်ငံအစိုးရနှင့် ပြည်သူများကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ ဖြစ်သည့် အားလျော်စွာ နှစ်နိုင်ငံကြား အပြန်အလှန် လေးစားမှုများဖြင့် ကာလရှည်ကြာချစ်ကြည်ရင်နှီးကြသည့် မိတ်ဖက်နိုင်ငံများဖြစ်ကြပါကြောင်း၊ ဖိလစ်ပိုင်နိုင်ငံအနေဖြင့် မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေး (No One Left Behind) မူဖြင့် ကဏ္ဍစုံက ထည့်သွင်းစဉ်းစားထောက်ပံ့ကူညီမှုများကို အသိအမှတ်ပြု ဂုဏ်ယူပါကြောင်းနှင့် လှူဒါန်းမှုဖြစ်မြောက်စေရေးအတွက် AHA Centre ၏ ပူးပေါင်းဆောင်ရွက်မှုကိုလည်း အသိအမှတ်ပြုပါကြောင်း ပြောကြားသည်။

အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး မစ္စမာရီယာ ထရက်ဆာ ပရဲညိ လာဇာရိက ကျေးဇူးတင်စကားပြောကြားရာတွင် ဖိလစ်ပိုင်နိုင်ငံသည်လည်း သဘာဝဘေးအန္တရာယ်များကို မကြာခဏတွေ့ကြုံခံစားရလေ့ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်သဖြင့် ငလျင်ဘေးသင့်သူများ၏ ထိခိုက်ဝမ်းနည်းမှုများကို ထပ်တူခံစားမိပါကြောင်း၊ ဖိလစ်ပိုင်နိုင်ငံ၏ကဏ္ဍစုံပါဝင်သည့် လှူဒါန်းမှုများသည် ငလျင်ဘေးသင့်ပြည်သူများအတွက် အတိုင်းအတာတစ်ခုထိ အကျိုးရှိထိရောက်ကြောင်း မြင်တွေ့သိရှိရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ မြန်မာနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံ သံတမန်ဆက်ဆံမှု နှစ် ၇၀ ပြည့်မြောက်သည့် အခါသမယတွင် လာရောက် လွှဲပြောင်းလှူဒါန်းရသည့် အတွက်လည်း အထူးဂုဏ်ယူမိပါကြောင်း ပြန်လည်ပြောကြားသည်။

ယင်းနောက် AHA Centre ၏ အမှုဆောင်ဒါရိုက်တာက လှူဒါန်းတည်ဆောက်မှု လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကာ ပြည်ထောင်စုဝန်ကြီးနှင့် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးတို့က လှူဒါန်းပစ္စည်းများ လွှဲပြောင်းခြင်း၊ ကျေးဇူးတင် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့သည် လယ်ဝေးမြို့ အခြေခံပညာအထက်တန်းကျောင်း (သပြေပင်)သို့ သွားရောက်၍ ဖိလစ်ပိုင်နိုင်ငံအစိုးရက လှူဒါန်းထားသည့် အသင့်တပ်ဆင်စာသင်ဆောင်ကို လှည့်လည်ကြည့်ရှုပြီး ကျောင်းသား၊ ကျောင်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ကျောင်းသုံးပစ္စည်းများ ပေးအပ်ထောက်ပံ့ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်လေးဆူ ၂၁ ဌာနသို့ ကြွချီအပူဇော်ခံပြီး မူလစံကျောင်းတော်သို့ ပြန်လည်ကြွဝင်





ညောင်ရွှေ အောက်တိုဘာ ၂၉

အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်လေးဆူ အင်းလေးဒေသ ၂၁ ဌာနသို့ ကြွချီအပူဇော်ခံပြီး သီတင်းကျွတ်လပြည့်ကျော် ၃ ရက် ယနေ့နံနက်ပိုင်းက မူလစံကျောင်းတော်သို့ ပြန်လည်ကြွဝင်သည့် အခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် စွမ်းအင်သုံးစွဲမှု လျော့ချနိုင်ရေး အင်းရေပြင်တွင် စက်ဆီများညစ်ညမ်းမှု လျော့ချနိုင်ရေးအတွက် အင်းလေးအစုအဖွဲ့မှ ဆောင်ရွက်ထားသော EV စက်လှေဖြင့် အင်းလေးဒေသ ထွက်ကုန်ဖြစ်သည့် ခရမ်းချဉ်သီး၊ ခရမ်းသီး၊ ငရုတ်သီးသယ်ဆောင်ပေးပို့မှု သရုပ်ပြသခြင်း၊ အင်းလေးဒေသရိုးရာ ဆွမ်းပို့လေ့များ သရုပ်ပြသခြင်း၊ လေ့ယဉ်အလှအကအဖွဲ့များက ကပြဖျော်ဖြေတင်ဆက်ခြင်းတို့ ဆောင်ရွက်ကြသည်။

ဆက်လက်၍ အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်များ ကရဝိက်ဖောင်တော်ဖြင့်ကြွချီလာရာ ရုပ်ပွားတော်ပထမအဆူကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ဒုတိယအဆူကို ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ တတိယအဆူကို ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ စတုတ္ထအဆူကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ပင့်ဆောင်ကြပြီး မူလကိန်းဝပ်စံပယ်တော်မူသည့် ပလ္လင်ပေါ်သို့ ပင့်ဆောင်ပေးကြသည်။

ထို့ပြင် အင်းသားရိုးရာလေ့လေ့ာ်ပြိုင်ပွဲ အမျိုးသား ၄၆ တက်၊ အမျိုးသားရာကျော်လေ့၊ အမျိုးသမီး ၂၆ တက်၊ကျောင်းသား ၂၆ တက်၊ ကျောင်းသားတစ်ဦးချင်း လေ့လေ့ာ်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲများယှဉ်ပြိုင်ရာ ပြိုင်ပွဲဝင်အသင်းများက စည်းလုံးညီညွတ်မှုအားဖြင့် ကြိုးစားယှဉ်ပြိုင်နေမှုကို ပြည်နယ်ဝန်ကြီးချုပ်၊ တာဝန်ရှိသူများ၊ ဒေသခံတိုင်းသားပြည်သူများနှင့် ခရီးသွားဘုရားဖူးဧည့်သည်များက ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲကျင်းပရာ လေ့ယဉ်၊ ဆွမ်းပို့လေ့ ဂုဏ်ပြုဆုများကို အင်းသားတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးနှင့် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးတို့ကလည်း ကောင်း၊ အမျိုးသား ၄၆ တက် ပြိုင်ပွဲဝင် အသင်းများက စည်းလုံးညီညွတ်မှုအားဖြင့် ကြိုးစားယှဉ်ပြိုင်ကြသည်ဟု ဂုဏ်ပြုစကားပြောကြားပြီး နှစ်သိမ့်ဆုရရှိသည့် အသင်းများကို ပြည်နယ်စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးကလည်းကောင်း၊ အမျိုးသားရာကျော်လေ့ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသူများနှင့် တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယဆုရရှိသူများကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးကလည်းကောင်း၊ ကျောင်းသား ၂၆ တက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယဆုရရှိသူများကို ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်ကလည်းကောင်း၊ အမျိုးသား ၄၆ တက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယဆု ရရှိသူများကို ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကလည်းကောင်း၊ အမျိုးသမီး ၂၆ တက် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယဆု ရရှိသူများကို ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ပြည်နယ်ဝန်ကြီးချုပ်၏ဇနီးကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အမျိုးသား ရာကျော်လေ့ပြိုင်ပွဲတွင် ပထမ၊ ဒုတိယဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ပြီး ပြိုင်ပွဲကို နောင်အင်းလေးသီချင်းဖြင့် အောင်မြင်စွာရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

မောင်မောင်သန်း(တောင်ကြီး)

မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရား ၁၃၈ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် သံဃာဒါနဆွမ်းတော်ကြီးလောင်းလှူပွဲ ကျင်းပ

မန္တလေး အောက်တိုဘာ ၂၉

မန္တလေး ရတနာပုံမြို့တည်နန်းတည် ပဉ္စမသင်္ဂါယနာတင် ဘဝရှင် မင်းတုန်းမင်းတရားကြီး တည်ထားကိုးကွယ်တော်မူခဲ့သော မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရား၏ ၁၃၈ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် သံဃာဒါနဆွမ်းတော်ကြီးလောင်းလှူပွဲကို ယနေ့နံနက်ပိုင်းတွင် အောင်မြေသာစံမြို့နယ်ရှိ မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရား အာရုံခံတန်ဆောင်း၌ ကျင်းပသည်။

အဆိုပါ ဆွမ်းတော်ကြီးလောင်းလှူပွဲတွင် မန္တလေးမြို့လေးပြင်လေးရပ်မှ ပင့်သံဃာတော်အပါး ၂၅၇၀၊ သီလရှင်အပါး ၂၅၇၀ တို့ကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဂေါပကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများက တက်ရောက်ကြည်ညိုလောင်းလှူကြပြီး ရေစက်ချ မင်္ဂလာအခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပကြသည်။

ထို့အတူ အမရပူရခရိုင် အမရပူရမြို့နယ်ရှိ မဟာမဉ္ဇရံသီကုန်းတော်မြတ်၌ တည်ထားကိုးကွယ်အပ်သော ရတနာပုဏ္ဏဝရဒါဌာဓာတုစေတီယ စွယ်တော်မြတ်စေတီတော်(မန္တလေး)တွင် မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ လှူဒါန်းပြီး မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးအသင်းမှ ကူညီဆောင်ရွက်ခဲ့သည့် ဆလိုက်မီးများ တပ်ဆင်လှူဒါန်းခြင်း မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မန္တလေးမြို့အခြေစိုက် တရုတ်ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် Ms. Gao Ping က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ပြောကြားကာ ဂေါကပအဖွဲ့ဥက္ကဋ္ဌထံ ဆလိုက်မီးတပ်ဆင်မှုနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တရုတ်ကောင်စစ်ဝန်ချုပ်တို့က မန္တလေးမြို့အခြေစိုက် တရုတ်ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် Ms. Gao Ping ကို ကမ္ဘည်းကျောက်စာကို ဖွင့်လှစ်ပေးကြသည်။

မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ(၃/၂၀၂၆) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူးက တပ်ဆင်ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းတို့နှင့် ပတ်သက်၍ အတည်ပြုမိန့်တင်ပြလာခြင်း၊ တိုးမြှင့်ခွင့်ပြုရန် တင်ပြလာခြင်း လျှောက်ထားလာမှုများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ကုမ္ပဏီများမှတာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကိုလည်းကောင်း ဆွေးနွေးတင်ပြမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၉-၁၀-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၆၃.၂ ~ ၃၆၇၀	၅၂၅.၅ ~ ၅၂၅.၇	၁၂၅.၅ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၉,၁၈၆,၄၉၈.၆၇	၁၅,၉၆၁,၉၇၈.၇၀	၂၀,၈၈၈,၅၇၅.၈၇	

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ။

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ဆင်ခြေလျှောမြေသားနိမ့်ကျမှုဖြစ်ပွားခဲ့သည့် မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံမှ သိုလှောင်ရေများ ဆက်လက်လျှော့ချ၊ ပတ်ဝန်းကျင်ကျေးရွာများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ၏ဆင်ခြေလျှောနိမ့်ကျမှု ပြန်လည်ပြုပြင်ခြင်းများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများပူးပေါင်းကာ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ သိုလှောင်ထိန်းသိမ်းထားရှိသည့် မမြရေလှောင်တမံရေပြင်၏ နိမ့်မြင့်အမှတ် ၃၁၅ ပေမှ သိုလှောင်ရေလျှော့ချနိုင်ရန် တမံ၏အရေးပေါ် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ည၊နေပိုင်းတွင် တမံရှိရေ ၂၉၆ ဒသမ ၉၀ ပေသာ ကျန်ရှိတော့သဖြင့် ၁၈ ဒသမ ၁၀ ပေခန့် ရေထုတ်လွှတ်လျှော့ချပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါတမံဆင်ခြေလျှောနိမ့်ကျမှုဖြစ်ပွားသည့်နေရာအနီးရှိ ကျေးရွာများမှ ဒေသခံပြည်သူများကို လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်ကျောင်းများရှိ ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် လိုအပ်သည့် ကူညီဆောင်ရွက်မှုများကို နယ်မြေခံတပ်မတော်သားများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ဘုန်းတော်ကြီးကျောင်း၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ



တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)၌ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ ကြည့်ရှုလေ့လာကြစဉ်။

နေပြည်တော် အောက်တိုဘာ ၂၉

အနာဂတ်ကာလများတွင် နိုင်ငံတော်ကို ဦးဆောင်ကြမည့် မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကို လေ့လာသိရှိထားခြင်းအားဖြင့် လူငယ်လူရွယ်များ၏ အနာဂတ်ဘဝ လျှောက်လှမ်းမှုကို အထောက်အပံ့ဖြစ်စေရန်ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ကျောင်းသား၊ ကျောင်းသူများကို တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဧမ္မာသီရိမြို့နယ်ရှိ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော်(လေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြခဲ့သည့် တပ်မတော်လေယာဉ်များနှင့် တပ်မတော်(ရေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြပြီး အမှတ်တရ ဓာတ်ပုံများရိုက်ကြသည်။

ထို့နောက် တပ်မတော်(ကြည်း)ပြခန်းဆောင်၌ ခေတ်အဆက်ဆက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုများ၊ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအတွက် မုန့်များ ပေးဝေကြသည်။

ယင်းနောက် ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာ၍ သိရှိရလိုသည်များ မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ပြုလုပ်ကာ မေးခွန်းများ မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများကို ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထိုကဲ့သို့ လေ့လာရေးလာရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်-



"ကျွန်မတို့ ဒီနေ့မှာ ကျောင်းသား အင်အား ၄၀၀ နဲ့ အုပ်ချုပ်သူဆရာမ ဦးရေ ၂၀ တို့နဲ့အတူ နိုင်ငံတော်က စီစဉ်ပေးတဲ့ အတိုင်း စစ်သမိုင်းပြတိုက်ကို လာရောက်ပြီးတော့ Excursion ထွက်တာဖြစ်ပါတယ်။ အခုလိုမျိုး ကျွန်မတို့လာရောက်လေ့လာခွင့်ရတဲ့အတွက် ကျောင်းသား၊ ကျောင်းသူတွေဟာ ပထမမြန်မာနိုင်ငံတော်ကနေစလို့ ဒုတိယမြန်မာနိုင်ငံတော်၊ တတိယမြန်မာနိုင်ငံတော်ကနေ ယနေ့မြန်မာနိုင်ငံတော်ကြီးထိ အကြီးအကဲတွေရဲ့ နိုင်ငံတော်ကို အဆင့်ဆင့်တည်ဆောက်ခဲ့ကြပုံ၊ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့ကြပုံတွေကို သားတွေ၊ သမီးတွေဟာ ဗဟုသုတအနေနဲ့ အများကြီးရရှိခဲ့ပါတယ်။ နောက်တစ်ခါ ဒီနိုင်ငံရဲ့ သမိုင်းကြောင်းတွေကိုလဲ သူတို့က ဗဟုသုတအဖြစ် အများကြီးကိုရရှိခဲ့တာဖြစ်ပါတယ်။ အခုလိုမျိုး လာရောက်လေ့လာရတဲ့အခါမှာ သူတို့ စာပေထဲမှာသင်ကြားရတာတွေနဲ့ လက်တွေ့မှာ မြင်တွေ့ခဲ့ရတာတွေကို ပေါင်းစပ်ပြီးတဲ့အခါ ပိုပြီးတော့ ဗဟုသုတရရှိစေပါတယ်။ နောက်ပြီးတော့ လေယာဉ်အင်ဂျင်ကြီးတွေရဲ့ တည်ဆောက်ပုံတွေ၊ သင်္ဘောကြီးတွေရဲ့တည်ဆောက်ပုံတွေကိုလဲ အနီးကပ် ပစ္စည်းတကယ့်အစစ်အမှန်တွေကို လေ့လာခွင့်ရတဲ့အတွက် အထူးပဲဗဟုသုတတွေ ရရှိစေပါတယ်"ဟု ပြောသည်။

"ကျွန်တော်ကတော့ နေပြည်တော် ဧမ္မာသီရိမြို့နယ် အထက(၁၄) ကျောင်း Grade 11 မှာ ပညာသင်ကြားနေတဲ့ မောင်စည်သူမိုးဖြစ်ပါတယ်ခင်ဗျ။ ကျွန်တော်တို့ ဒီနေ့ Excursion အနေနဲ့ နေပြည်တော် စစ်သမိုင်းပြတိုက်ကို လာရောက်လေ့လာရပါတယ်။ အဲ့ဒီလို လာရောက်တဲ့အခါမှာ တပ်မတော် စတင်ဖွဲ့စည်းပုံသမိုင်းကြောင်းတွေအပြင် မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးရရှိခဲ့တဲ့ အဆင့်ဆင့်သမိုင်းတွေကို အများကြီး သိရှိခဲ့ရပါတယ်။ ပြီးတော့ ကျွန်တော်တို့ မမြင်ဖူးတဲ့ လေယာဉ်တွေ၊ ရေယာဉ်တွေ၊ ဂျက်လေယာဉ်တွေကို မျက်မြင်တွေ့ရှိလေ့လာခွင့်ရခဲ့ပါတယ်။ စစ်လက်နက်သုံးပစ္စည်းတွေ ကျွန်တော်တို့မမြင်ဖူးတဲ့ လက်နက်၊ နည်းပညာတွေကို လေ့လာခဲ့ရပါတယ်။ ကျွန်တော်က အခုမြို့နယ်အဆင့် လူရည်ချွန် ဖြေဆိုရမှာဖြစ်တဲ့အတွက် တပ်မတော်ရဲ့ သမိုင်းကြောင်းတွေကို သိရှိခွင့်ရတာက ကျွန်တော့်ရဲ့ စာမေးပွဲအတွက်လဲ ပိုပြီးတော့ အထောက်အကူဖြစ်စေပါတယ်။ နောက်တစ်ခုက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တွေ အဆင့်ဆင့် တာဝန်ထမ်းဆောင်ခဲ့ကြပုံ၊ နိုင်ငံတော်ကို ဘယ်လိုတိုးတက်အောင် ဆောင်ရွက်ခဲ့ကြတယ်ဆိုတဲ့ တစ်ယောက်ချင်းစီရဲ့ အတ္ထုပ္ပတ္တိအကြောင်းအရာတွေကိုလဲ သိခွင့်ရခဲ့ပါတယ်။ တပ်မတော်ဟာ နိုင်ငံတော်လွတ်လပ်ရေးမရခင် ဗိုလ်ချုပ်အောင်ဆန်းတို့လက်ထက်ကစပြီး ဒီကနေ့အချိန်ထိ ဘယ်လိုမျိုးတိုးတက်ပြောင်းလဲလာခဲ့တယ်ဆိုတာကို သိရှိခဲ့ရတဲ့အတွက် အများကြီး ဗဟုသုတရရှိပြီး အထောက်အကူပြုပါတယ်။ အခုလို Excursion စီစဉ်လိုက်ပို့ပေးတဲ့ လူကြီးမင်းများအားလုံးကိုလဲ အထူးပဲ ကျေးဇူးတင်ရှိပါတယ်ခင်ဗျ"ဟု ပြောသည်။





"မင်္ဂလာပါသမီးကတော့ နေပြည်တော် ဧမ္မာသီရိအထက(၁၄)မှာ ပညာသင်ကြားနေတဲ့ မရွှေပိုးသွင်ပဲဖြစ်ပါတယ်။ နိုင်ငံတော်က စစ်သမိုင်းပြတိုက်ကို လေ့လာရေးခရီးတစ်ခုအနေနဲ့ စီစဉ်ပေးတဲ့အတွက် သမီးတို့အနေနဲ့ အသိပညာဗဟုသုတတွေ အများကြီးရရှိခဲ့ပါတယ်။ မြန်မာနိုင်ငံတော်ကို ဘယ်လိုစတင်ဖွဲ့စည်းခဲ့တယ်၊ တပ်မတော်ခေါင်းဆောင်ကြီးတွေ အဆင့်ဆင့်ဘယ်လိုဖွဲ့စည်းတည်ဆောက်ခဲ့တယ် ဆိုတာတွေအပြင် မြန်မာ့လွတ်လပ်ရေးကို မြန်မာနိုင်ငံသားအားလုံးက တက်ညီလက်ညီနဲ့ မျိုးချစ်စိတ်ဓာတ်အပြည့်နဲ့ လွတ်လပ်ရေးရအောင် ဘယ်လိုကြိုးပမ်းခဲ့ကြတယ်ဆိုတာကို သိရှိခဲ့ရပါတယ်။ အရင်တုန်းက ကလေးဘဝကသိခဲ့ရတဲ့ အသိအပြင် အခုဒီရောက်တော့မှ ဗိုလ်ချုပ်မျူးကြီးတွေရဲ့ အမည်တွေနဲ့ ရဲဘော်သုံးကျိပ်သမိုင်းကြောင်း အချက်အလက် အသေးစိတ်တွေကို ပိုမိုသိရှိခဲ့ရပါတယ်။ စစ်သမိုင်းပြတိုက်ထဲက Indoor ရော Outdoor ပါ ပြခန်းတွေအားလုံးကို လှည့်လည်ကြည့်ရှုခဲ့ရပြီး သူငယ်ချင်းတွေနဲ့အတူ ဓာတ်ပုံတွေ ရိုက်ရင်း အရမ်းလဲ ပျော်ရွှင်ခဲ့ရပါတယ်။ Indoor ပြခန်းတွေမှာရှိတဲ့ လေယာဉ်အစိတ်အပိုင်းတွေ၊ အတွင်းပိုင်း၊ အပြင်ပိုင်း တည်ဆောက်ပုံတွေကိုလဲ အသေးစိတ်လေ့လာခွင့်ရခဲ့ပါတယ်။ အခုလို လေ့လာရေးခရီးစီစဉ်ဆောင်ရွက်ပေးတဲ့ တာဝန်ရှိသူအားလုံးကိုလဲ အထူးပဲကျေးဇူးတင်ရှိပါတယ်"ဟု ပြောသည်။ (၅၀၁)

မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၂၉

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့် အတူ တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ခရမ်းကျောင်းတိုက်၌အခြေပြု၍ မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော် အပါး ၃၀ တို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါ ကျောင်းတိုက်ရှိ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

❖ အလေးမပြိုင်ပွဲမှ

အလေးမလေ့ကျင့်ရေး အားကစားရုံ၌ ကျင်းပသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား၊ အမျိုးသမီး ဝိတ်တန်းအလိုက် အမြန်မပြိုင်ပွဲနှင့် နှစ်ဆင့်မပြိုင်ပွဲများကို ယှဉ်ပြိုင်ခဲ့သည်။

အမျိုးသမီး ၄၉ ကီလိုတန်း ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ နော်အယ်ကညောဂျော့က အမြန်မစံချိန် ၆၇ ကီလို၊ နှစ်ဆင့်မစံချိန် ကီလို ၉၀ နှင့် စုစုပေါင်းစံချိန် ၁၅၇ ကီလိုဖြင့် ပထမ၊ မကွေးတိုင်းဒေသကြီး အသင်းမှ ဇင်ငြိမ်းအေးက အမြန်မစံချိန် ကီလို ၅၀၊ နှစ်ဆင့်မစံချိန် ကီလို ၇၀ နှင့် စုစုပေါင်းစံချိန် ကီလို ၁၂၀ ဖြင့် ဒုတိယ၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ပိစံက အမြန်မစံချိန် ၄၄ ကီလို၊ နှစ်ဆင့်မစံချိန် ၅၈ ကီလိုနှင့် စုစုပေါင်းစံချိန် ၁၀၂ ကီလိုဖြင့် တတိယရရှိခဲ့သည်။

အမျိုးသမီး ၄၉ ကီလိုတန်းပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ နော်အယ်ကညောဂျော့သည် မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်က သတ်မှတ်ထားသည့် ပြည်နယ်နှင့်တိုင်းဒေသကြီး အမြန်မပြိုင်ပွဲ၏ စံချိန် ၆၆ ကီလိုထက်ကျော်လွန်၍ ၆၇ ကီလိုဖြင့်လည်းကောင်း၊ နှစ်ဆင့်မပြိုင်ပွဲ၏ စံချိန် ၈၆ ကီလိုထက်ကျော်လွန်၍ ကီလို ၉၀ ဖြင့်လည်းကောင်း၊ အမြန်မနှင့် နှစ်ဆင့်မပြိုင်ပွဲတွင် စံချိန် ကီလို ၁၅၀



ထက်ကျော်လွန်၍ ၁၅၇ ကီလိုဖြင့် လည်းကောင်း ပြည်နယ်နှင့်တိုင်းဒေသကြီး၏စံချိန်သစ်များ တင်နိုင်ခဲ့သည်။

ဆက်လက်၍ အမျိုးသား ကီလို ၆၀ တန်း အုပ်စုအဆင့်ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ စဇင်ဖြိုးအောင်က အမြန်မစံချိန် ကီလို ၇၀၊ နှစ်ဆင့်မစံချိန် ကီလို ၈၀ နှင့် စုစုပေါင်းစံချိန် ကီလို ၁၅၀ ဖြင့် အဆင့်(၁)ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းမှ ဝဿန်မိုးက အမြန်မစံချိန် ကီလို ၆၀၊ နှစ်ဆင့်မစံချိန် ကီလို ၇၀ နှင့် စုစုပေါင်းစံချိန် ကီလို ၁၃၀ ဖြင့် အဆင့်(၂)ကိုလည်းကောင်း၊ ကရင်ပြည်နယ် အသင်းမှ အောင်ပိုင်ဖြိုးက အမြန်မစံချိန် ၅၅ ကီလို၊ နှစ်ဆင့်မစံချိန် ကီလို ၆၀ နှင့် စုစုပေါင်းစံချိန် ၁၁၅ ကီလိုဖြင့် အဆင့်(၃) ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းမှ ထူးထက်ဇော်က အမြန်မစံချိန် ကီလို ၅၀၊ နှစ်ဆင့်မစံချိန် ကီလို ၅၀ နှင့် စုစုပေါင်းစံချိန် ကီလို ၁၀၀ ဖြင့် အဆင့်(၄) တို့ကိုလည်းကောင်း ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် အောက်တိုဘာ ၃၀ ရက်(**ယနေ့**) နံနက် ၁၀ နာရီမှစတင်၍ တိုင်းဒေသကြီးနှင့်ပြည်နယ် အလေးမပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီး ကီလိုတန်းအလိုက် အမြန်မပြိုင်ပွဲနှင့် နှစ်ဆင့်မပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင်မိဘပြည်သူများ အနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❑ လေဖိအားနည်းရပ်ဝန်းမှ

အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော နီကိုးဘားကျွန်းတို့တွင် အားကောင်းသောလေဖိအားနည်းရပ်ဝန်း(Well Marked Low Pressure Area)အဖြစ်သို့လည်းကောင်း၊ ထို့မှတစ်ဆင့် အောက်တိုဘာ ၃၁ ရက်တွင် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်း၊ ယင်းနှင့် ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်၊ နီကိုးဘားကျွန်းတို့တွင် ပိုမိုအားကောင်းလာနိုင်ကာ မုန်တိုင်းငယ်(Depression)အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/၈၀)

၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၉ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား(၁၆.၃၂၉၃၅ ဂရမ်)၏ ဈေးနှုန်း ဂ၁၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

◆ စီရော်နယ်ဒို့မှ

ဆွတ်ခူးနိုင်ခဲ့သည်ဟု TNT Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင်ဖော်ပြခဲ့သည်။

Ballon d'Or of All Time(BOAT) ဆုကို Ballon d'Or ရရှိခဲ့ကြသူများက ၎င်းတို့ရရှိခဲ့သည့် ခုနှစ်များအလိုက် ပရိသတ်များထံမှ ဆန္ဒမဲကောက်ယူကာ စိစစ်ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး စီရော်နယ်ဒို သည် ၂၀၀၈ ခုနှစ်ကရရှိခဲ့သည့် Ballon d'Or ဆုဖြင့် Ballon d'Or of All Time (BOAT)ဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဆုအတွက် ပရိသတ်များထံမှ ဆန္ဒမဲကောက်ယူခဲ့ရာတွင် စီရော်နယ်ဒို အနေဖြင့် ၂၀၀၈ ခုနှစ်က ရရှိခဲ့သည့် Ballon d'Or ဆုမှာ ဆန္ဒမဲရာခိုင်နှုန်း ၇၅ ရာခိုင်နှုန်းထိရရှိခဲ့ပြီးနောက် Ballon d'Or of All Time(BOAT) ဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး စီရော်နယ်ဒို၏နောက်တွင် ၂၀၁၂ ခုနှစ်က မက်ဆီရရှိခဲ့သည့် Ballon d'Or ဆုက ကိုးရာခိုင်နှုန်းသာရရှိခဲ့ခြင်းဖြစ်သည်။

စီရော်နယ်ဒိုသည် ၂၀၀၈ ခုနှစ်က မန်ယူအသင်းတွင်ကစားခဲ့ပြီး ပရီးမီးယားလိဂ်ဖလား၊ ချန်ပီယံလိဂ်ဖလားတို့ကို ဆွတ်ခူးနိုင်ခဲ့သည့်အပြင် ပြိုင်ပွဲစုံ ၄၂ ဂိုး သွင်းယူနိုင်ခဲ့ပြီး တစ်ဦးချင်းဆုများအဖြစ် ဥရောပသွင်းဂိုးအများဆုံးကစားသမားဆု၊ ပရီးမီးယားလိဂ်တစ်နှစ်တာအကောင်းဆုံးကစားသမားဆုတို့ကို ဆွတ်ခူးနိုင်ခဲ့ပြီး နောက် Ballon d'Or ဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : TNT Football

Trs : STA

စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၇၄၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် အောက်တိုဘာ ၂၉

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၅ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၇၄၅၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန် ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင် လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG, CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိ ရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။

■ ရွှေကုက္ကိုလ်နယ်မြေမှ


ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြုံချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ခြောက်ထပ် အဆောက်အအုံ တစ်လုံးကို ယနေ့ထိ ၃၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ငါးထပ်အဆောက်အအုံတစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့တွင် ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ လေးလုံးနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ လေးလုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် လေးလုံးတို့ကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန်ကျန်ရှိသည့် အဆောက်အအုံ ၅၅ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် ထိထိရောက်ရောက် အလေးထားနှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် အဆောက်အအုံများကို စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။





ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ခြောက်ထပ် အဆောက်အအုံကို မဖြိုဖျက်မီ တွေ့ရစဉ်။

✱ 5G ဆက်သွယ်ရေးကွန်ရက်မှ

ထိုသို့ ကြည့်ရှုစဉ် မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများမှ တာဝန်ရှိသူများက 5G ဆက်သွယ်ရေးကွန်ရက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ စခန်းများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ကွန်ရက်လွှမ်းခြုံမှု တိုးချဲ့ဆောင်ရွက်မည့် အစီအစဉ်များနှင့် နည်းပညာဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက 5G ဆက်သွယ်ရေး နည်းပညာသည် မြန်နှုန်းမြင့်ဒေတာဆက်သွယ်မှု၊ အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက် ဖလှယ်မှုနှင့် ဒီဂျစ်တယ်နည်းပညာအခြေပြု ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် နည်းပညာတစ်ရပ်ဖြစ်ကြောင်း၊ သို့ဖြစ်၍ 5G ဆက်သွယ်ရေးကွန်ရက်များ အကောင်အထည်ဖော်ရာတွင် နည်းပညာစံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန်၊ ကွန်ရက်တည်ငြိမ်ကောင်းမွန်မှုနှင့် ဝန်ဆောင်မှုအရည်အသွေး ပြည့်မီစေရန်၊ ဆက်သွယ်ရေးစက်ပစ္စည်းများ၏ လုပ်ငန်းဆောင်ရွက်နိုင်မှုနှင့် ထိန်းသိမ်းပြုပြင်မှုများကို စနစ်တကျဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားသည်။

5G ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် ဒီဂျစ်တယ်စီးပွားရေး၊ စမတ်မြို့ပြဖွံ့ဖြိုးရေး၊ အင်တာနက်အခြေပြု ဝန်ဆောင်မှုများနှင့် နည်းပညာအသုံးချလုပ်ငန်းများ တိုးတက်လာစေရန် အထောက်အကူပြုမည် ဖြစ်သဖြင့် ဆက်သွယ်ရေးကွန်ရက်များ အရည်အသွေးပြည့်မီစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် မိုဘိုင်းဆက်သွယ်ရေး အော်ပရေတာများမှ ဆောင်ရွက်သူများအနေဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၁၁၊ ၀၆၇-၃၄၀၄၁၂၊ ၀၆၇-၃၄၀၄၁၃၊ ၀၆၇-၃၄၀၄၁၄၊ ၀၆၇-၃၄၀၄၁၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၄၆၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၅၃၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၄၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

အယ်လ်နီညိုကာလဝယ် ရေနှင့်လျှပ်စစ်ချွေတာကြစို့ကွယ်

မေဇင်ထွန်း



ယနေ့ကမ္ဘာကြီးတွင် ရာသီဥတုပြောင်းလဲမှုနှင့် အတူ အပူချိန်မြင့်တက်ခြင်း၊ မိုးခေါင်ရေရှားခြင်းနှင့် ရာသီဥတုမမှန်ခြင်းတို့ကို နိုင်ငံအများအပြားရင်ဆိုင် နေရသည်။ အထူးသဖြင့် အယ်လ်နီညိုရာသီဥတု ဖြစ်စဉ်ဖြစ်ပေါ်လာသည့်ကာလများတွင် ဒေသ အလိုက် အပူချိန်မြင့်တက်ခြင်းနှင့် မိုးရွာသွန်းမှုပုံစံ ပြောင်းလဲခြင်းတို့ကြောင့် ရေအရင်းအမြစ်များအပေါ် ဖိအားများ ပိုမိုသက်ရောက်လာနိုင်သည်။ ထိုအခြေ အနေတွင် ရေနှင့်လျှပ်စစ်ကိုချွေတာ၍ အကျိုးရှိစွာ အသုံးပြုခြင်းသည် လူသားတိုင်းပါဝင်ဆောင်ရွက်ကြ ရမည့် အရေးကြီးသောလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။

အယ်လ်နီညိုဆိုသည်မှာ ပစိဖိတ်သမုဒ္ဒရာ အိကွေတာအနီးရှိအလယ်ပိုင်းနှင့် အရှေ့ပိုင်းပင်လယ် ရေမျက်နှာပြင်အပူချိန်များ ပုံမှန်ထက်မြင့်တက်လာ ခြင်းနှင့်ဆက်စပ်သည့် သဘာဝရာသီဥတုဖြစ်စဉ် တစ်ခုဖြစ်သည်။ အဆိုပါဖြစ်စဉ်သည် ကမ္ဘာတစ်ဝန်း ရှိ လေထုလည်ပတ်မှုနှင့် မိုးရွာသွန်းမှုပုံစံများကို ပြောင်းလဲစေနိုင်ပြီး အချို့ဒေသများတွင် အပူလှိုင်း ဖြတ်သန်းမှုနှင့် မိုးခေါင်ရေရှားမှုအခြေအနေများကို ပိုမိုပြင်းထန်လာစေနိုင်သည်။ သို့သော် အယ်လ်နီညို ၏ သက်ရောက်မှုသည် ဒေသနှင့်အချိန်ကာလ အလိုက်ကွဲပြားနိုင်သဖြင့် နိုင်ငံတစ်နိုင်ငံ၏ ရာသီ ဥတုအခြေအနေကို သက်ဆိုင်ရာမိုးလေဝသဌာန များ၏ သတိပေးချက်၊ ခန့်မှန်းချက်များကို လေ့လာ သုံးသပ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ရန် လိုအပ်သည်။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများတွင်လည်း အပူချိန်မြင့်တက်မှုနှင့် မိုးရွာသွန်းမှုပြောင်းလဲမှုများ ဖြစ်ပေါ်လာပါက စိုက်ပျိုးရေ၊ သောက်သုံးရေရရှိရေး နှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးတို့အပေါ် သက်ရောက်မှုများရှိလာနိုင်သည်။ အထူးသဖြင့် ရေအားလျှပ်စစ်ထုတ်လုပ်မှုသည် ရေလှောင်တမံများ နှင့် မြစ်ချောင်းများအတွင်း ရေရရှိမှုအပေါ်မူတည်နေ သည့်အတွက် မိုးရွာသွန်းမှုနည်းပါးခြင်းနှင့် ရေဝင် ရောက်မှုလျော့နည်းခြင်းတို့က လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအတွက် စိန်ခေါ်မှုများဖြစ်ပေါ်စေနိုင် သည်။ ထို့ကြောင့် ရာသီဥတုပြောင်းလဲမှုကို စောင့်ကြည့်လေ့လာရုံသာမက မိမိတို့နေ့စဉ်ဘဝတွင် ရေနှင့်လျှပ်စစ်ကို ချွေတာသုံးစွဲသည့် အလေ့အကျင့် များကိုလည်း မွေးမြူထားသင့်သည်။

ရေသည် လူသားတို့၏ အသက်ရှင်နေထိုင်ရေး အတွက် မရှိမဖြစ်လိုအပ်သည့် သဘာဝအရင်းအမြစ် ဖြစ်သည်။ သောက်သုံးရန်၊ ချက်ပြုတ်ရန်၊ တစ်ကိုယ် ရေသန့်ရှင်းရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် ရေကို နေ့စဉ်အသုံးပြုနေရသည်။ သို့သော် ရေကို အလွယ်တကူရရှိနိုင်သည်ဟုယူဆကာ အလေအလွင့် ဖြစ်အောင်သုံးစွဲနေပါက ရေရှားပါးသည့်အချိန်တွင် မိမိတို့ကိုယ်တိုင်သာမက ပတ်ဝန်းကျင်ရှိပြည်သူများ ပါ အခက်အခဲကြုံတွေ့ရနိုင်သည်။

ထို့ကြောင့် အိမ်တွင် ရေသုံးစွဲရာ၌ လိုအပ်သည့် ပမာဏကိုသာ အသုံးပြုသင့်သည်။ သွားတိုက်ခြင်း၊ ဆပ်ပြာတိုက်ခြင်းနှင့် ပန်းကန်ဆေးခြင်းတို့ ပြုလုပ် စဉ် မလိုအပ်ဘဲရေပိုက်ဖွင့်ထားခြင်းကို ရှောင်ကြဉ် ရမည်။ ရေပိုက်ခေါင်းနှင့် ရေသိုလှောင်ကန်များတွင် ယိုစိမ့်မှု ရှိ၊ မရှိ ပုံမှန်စစ်ဆေးပြုပြင်သင့်သည်။ မိုးရေ ကို စနစ်တကျသိုလှောင်စုဆောင်းထားပြီး အပင် ရေလောင်းခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းတချို့တွင် ပြန်လည်အသုံးပြုနိုင်သည်။ သို့ရာတွင် စုဆောင်း ထားသည့်မိုးရေကို ချက်ပြုတ်ရန်အတွက်လည်း ကောင်း၊ သောက်သုံးရန်အတွက်လည်းကောင်း သုံးမည်ဆိုပါက သန့်စင်မှုနှင့်ဘေးကင်းမှုကို သေချာ စစ်ဆေးရန် လိုအပ်သည်။

ထို့ပြင် အိမ်ထောင်စုများအနေဖြင့် သောက်သုံး ရေကို ရေမရှားခင်ကတည်းက စနစ်တကျသိုလှောင် ထားခြင်း၊ ရေကို မလိုအပ်ဘဲ မစွန့်ပစ်ခြင်းနှင့် ရပ်ရွာ အတွင်းရှိ ရေအရင်းအမြစ်များကို ညစ်ညမ်းမှုမဖြစ် စေရန် ထိန်းသိမ်းခြင်းတို့ကိုလည်း အလေးထား ဆောင်ရွက်သင့်သည်။ ရေအရင်းအမြစ်များကိုတန်ဖိုး ထားထိန်းသိမ်းခြင်းသည် ယနေ့အတွက်သာမက နောင်လာမည့် မျိုးဆက်များအတွက်ပါ အရေးကြီး သောတာဝန်တစ်ရပ်ဖြစ်သည်။

ရေသိုလှောင်ရာတွင်လည်း သန့်ရှင်းသည့် ရေကန်၊ ရေအိုးနှင့် အဖုံးပါသောရေသိုလှောင်ပစ္စည်း များကို အသုံးပြုသင့်သည်။ သိုလှောင်ထားသည့် ရေထဲသို့ ဖုန်မှုန့်၊ အမှိုက်နှင့် ပိုးမွှားများမဝင်ရောက် စေရန် ကာကွယ်ရမည်။ ရေကို အချိန်ကြာမြင့်စွာ သိုလှောင်ထားပါက သန့်ရှင်းမှုကို ပုံမှန်စစ်ဆေးပြီး လိုအပ်သလို သန့်စင်ပြုပြင်ရမည်ဖြစ်သည်။ အထူး သဖြင့် ရေရှားပါးချိန်တွင် ရေအသုံးပြုမှုကို ဦးစားပေး အစီအစဉ်ဖြင့် စီမံခန့်ခွဲသင့်ပြီး သောက်သုံးရေ၊ ချက်ပြုတ်ရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် လုံလောက်သောရေကို ဦးစားပေးထားသင့်သည်။

ရေနှင့်အတူလျှပ်စစ်ဓာတ်အားကိုလည်း ချွေတာ သုံးစွဲရန်လိုအပ်သည်။ အပူချိန်မြင့်တက်သည့်အချိန် များတွင် လေအေးပေးစက်၊ ပန်ကာနှင့် ရေခဲသေတ္တာ များအသုံးပြုမှုမြင့်တက်လာနိုင်သည်။ လျှပ်စစ်ဓာတ် အားကို အလွန်အကျွံသုံးစွဲခြင်းသည် လျှပ်စစ်စနစ် အပေါ်ဝန်ပိစေသကဲ့သို့ အိမ်ထောင်စုများ၏ အသုံး စရိတ်ကိုလည်း မြင့်တက်စေနိုင်သည်။ ထို့ကြောင့် မိမိတို့၏ လျှပ်စစ်သုံးစွဲမှုပုံစံကို ပြန်လည်သုံးသပ်ပြီး မလိုအပ်သည့်အသုံးပြုမှုများကို လျှော့ချသင့်သည်။

လေအေးပေးစက်အသုံးပြုရာတွင် အပူချိန်ကို ပြင်ပအပူချိန်နှင့်မကွာဟစေဘဲ သင့်တင့်သည့်အဆင့် ၌ သတ်မှတ်ထားခြင်း၊ အခန်းတွင်း အေးမြမှုကို ထိန်းသိမ်းနိုင်ရန် တံခါးနှင့်ပြတင်းပေါက်များကို စနစ်တကျပိတ်ထားခြင်း၊ လေအေးပေးစက်စစ်ထုတ် သည့်ဆန်ခါများကို ပုံမှန်သန့်ရှင်းပေးခြင်းတို့ ပြုလုပ် သင့်သည်။ နေ့အချိန်တွင် နေရောင်ခြည်တိုက်ရိုက် ဝင်ရောက်မှုကို လိုက်ကာများဖြင့် ကာကွယ်ခြင်း၊ လေဝင်လေထွက်ကောင်းစေရန် စီစဉ်ခြင်းနှင့် စွမ်းအင်ချွေတာနိုင်သော မီးသီးများကို အသုံးပြုခြင်း တို့ကလည်း လျှပ်စစ်သုံးစွဲမှုကို လျှော့ချနိုင်သည်။

ထို့ပြင် အသုံးမပြုသည့် မီးများ၊ ပန်ကာများနှင့် လျှပ်စစ်ပစ္စည်းများကို ပိတ်ထားရမည်။ ဖုန်းအား သွင်းကိရိယာများနှင့် အခြားပစ္စည်းများကိုလည်း လိုအပ်သည့်အခါမှသာ အသုံးပြုသင့်သည်။ အိမ်၊ ရုံး၊ စက်ရုံနှင့် အလုပ်ဌာနအသီးသီးတွင် လျှပ်စစ်ဓာတ် အားကို အလေအလွင့်မရှိအောင် အသုံးပြုခြင်းဖြင့် စွမ်းအင်အရင်းအမြစ်များကို ထိန်းသိမ်းနိုင် မည်ဖြစ်သည်။

ရေနှင့်လျှပ်စစ်ချွေတာရေးကို အိမ်ထောင်စု တစ်စုချင်းစီသာမက လူမှုအသိုင်းအဝိုင်းတစ်ရပ်လုံး က ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်သည်။ သက်ဆိုင်ရာတာဝန်ရှိသူများက ကျောင်းများ၊ ရုံးများ၊ စက်ရုံများနှင့် ရပ်ရွာအဖွဲ့အစည်းများတွင် ရေနှင့် လျှပ်စစ်ချွေတာရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သင့်သည်။ ကလေးငယ်များကို ငယ်စဉ် ကတည်းက ရေအလေအလွင့်မရှိအောင် အသုံးပြု တတ်သည့်အလေ့အကျင့်နှင့် လျှပ်စစ်မီးကို စနစ် တကျသုံးစွဲတတ်သည့် အလေ့အကျင့်များသင်ကြား ပေးရန်လည်း လိုအပ်သည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတွင် သစ်ပင်စိုက်ပျိုးခြင်းနှင့် သစ်ပင်များကို ထိန်းသိမ်း ခြင်းသည်လည်း အရေးပါသည်။ သစ်ပင်များသည် အရိပ်အာဝါသပေးပြီး မြေဆီလွှာအစိုဓာတ်ကို ထိန်းသိမ်းရာတွင် အထောက်အကူပြုနိုင်သည့်အပြင် ရေစက်ဝန်းကို အားဖြည့်ပေးနိုင်သည်။ သို့သော် သစ်ပင်စိုက်ပျိုးခြင်းတစ်ခုတည်းဖြင့် အယ်လ်နီညို၏ သက်ရောက်မှုအားလုံးကို တားဆီးနိုင်မည်မဟုတ် သဖြင့် ရေအရင်းအမြစ်ထိန်းသိမ်းရေး၊ စွမ်းအင် ချွေတာရေးနှင့် ရာသီဥတုဆိုင်ရာသတိပေးချက်များ ကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများက ပေါင်းစပ်ဆောင်ရွက်ကြရမည်ဖြစ်သည်။

အယ်လ်နီညိုကာလတွင် ရာသီဥတုအခြေအနေ များကို ကြိုတင်သတိပြုခြင်း၊ ရေအရင်းအမြစ်များကို စနစ်တကျထိန်းသိမ်းခြင်းနှင့် လျှပ်စစ်ဓာတ်အားကို အကျိုးရှိစွာအသုံးပြုခြင်းတို့သည် လူတိုင်းပါဝင်နိုင် သည့် လက်တွေ့ကျသော လုပ်ဆောင်ချက်များဖြစ် သည်။ ရေတစ်စက်၊ လျှပ်စစ်တစ်ယူနစ်ကို ချွေတာ ခြင်းသည် တစ်ဦးချင်းအနေဖြင့် သေးငယ်သည့် လုပ်ဆောင်ချက်တစ်ခုဟု ထင်ရသော်လည်း လူတိုင်းလိုက်နာကျင့်သုံးကြပါက အကျိုးရလဒ် များစွာရရှိနိုင်သည်။

❖ အယ်လ်နီညိုကာလတွင် ရာသီဥတုအခြေအနေများကို ကြိုတင်သတိပြုခြင်း၊ ရေအရင်းအမြစ်များကို စနစ်တကျထိန်းသိမ်းခြင်းနှင့် လျှပ်စစ်ဓာတ်အားကို အကျိုးရှိစွာအသုံးပြုခြင်းတို့သည် လူတိုင်းပါဝင်နိုင်သည့် လက်တွေ့ကျသောလုပ်ဆောင်ချက်များဖြစ်သည်။ ရေတစ်စက်၊ လျှပ်စစ်တစ်ယူနစ်ကို ချွေတာခြင်းသည် တစ်ဦးချင်းအနေဖြင့် သေးငယ်သည့်လုပ်ဆောင်ချက်တစ်ခုဟု ထင်ရသော်လည်း လူတိုင်းလိုက်နာကျင့်သုံးကြပါက အကျိုးရလဒ်များစွာရရှိနိုင်သည်။ ❖

ထိုသို့ အယ်လ်နီညိုကာလဝယ် ရေနှင့်လျှပ်စစ်ကို အလေအလွင့်မရှိအောင် ချွေတာ ထိန်းသိမ်းမှုသည် အနာဂတ် ရေအရင်းအမြစ်နှင့် စွမ်းအင်လုံခြုံရေးအတွက် အထောက်အကူဖြစ်စေ မည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက် ရပေသည်။

ကိုးကား

- ENERGY STAR၊ Room Air Conditioners၊ https://www.energystar.gov/products/room_air_conditioners

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံ့မှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံ့မှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံ့မှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

ရွှေဘိုခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၁၇၄၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ရွှေဘို အောက်တိုဘာ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ထောပတ်ပဲ ၁၇၆၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ဧက ၄၅၃၀ စိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဝက်လက်မြို့နယ်တွင် ၉၃၆ ဧက၊ ခင်ဦးမြို့နယ်တွင် ၄၀၆ ဧက၊ ကျောက်မြောင်းမြို့နယ်ခွဲတွင် ၄၂၇ ဧက စုစုပေါင်း ၁၇၆၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ရွှေဘိုခရိုင်မှာ ထောပတ်ပဲ ဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၇၆၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ထောပတ်ပဲစိုက်ပျိုးမှု အနေနဲ့ အောင်မြင်ဖြစ်ထွန်းပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်တွင် မြို့နယ်အလိုက် ထောပတ်ပဲစိုက်ပျိုးရန်လျာထားမှု အနေဖြင့် ရွှေဘိုမြို့နယ်တွင် ၅၄၅ ဧက၊ ခင်ဦးမြို့နယ်တွင် ၇၁၁ ဧက၊ ဝက်လက်မြို့နယ်တွင် ဧက ၂၂၆၀၊ ကျောက်မြောင်းမြို့နယ်ခွဲတွင် ၁၀၁၄ ဧက စုစုပေါင်းဧက ၄၅၃၀ ဖြစ်ကြောင်း သိရသည်၊

ထောပတ်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့် အပြင် ပို့လွှဲမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ထောပတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။

(၂၀၆)

ဖာပွန်မြို့နယ် နို့ထကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ဖာပွန် အောက်တိုဘာ ၂၉

ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန်ရည်ရွယ်၍ နို့ထကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖာပွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဦးကိုကိုနှင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် အတူ နို့ထကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှု စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ နို့ထကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၆ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၇ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၄ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၅၆၂ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

ကိုကိုစိုး

ညောင်တုန်းမြို့နယ်တွင် တီလားဗီးယားငါးများ အရောင်းအဝယ်ကောင်းမွန်နေ

ညောင်တုန်း အောက်တိုဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်တွင် ဒေသထွက်တီလားဗီးယားငါးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြသည်။

ညောင်တုန်းမြို့နယ်တွင် တီလားဗီးယားငါးများ ထွက်ရှိပြီး ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှစတင်ကာ ယနေ့ထိ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသတွင် တီလားဗီးယားငါးများ တစ်ရက်လျှင် ပိသာချိန် ၄၀၀၀ မှ ၅၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"လက်ရှိ တီလားဗီးယားငါးတွေ အဝယ်လိုက်နေပါတယ်။ အခြားဒေသ ကုန်စိမ်းစျေးကွက်ဝယ်လက်တွေကလဲ အဝယ်လိုက်နေပါတယ်။ ညောင်တုန်းမြို့နယ်



ကနေ အခြားဒေသတွေကို ပိသာချိန်အများအပြား တင်ပို့နေရလို့ အရောင်းအဝယ်ကောင်းနေတာပါ။ ဒေသထွက် တီလားဗီးယားငါးတွေက ရောင်းပန်းလှပြီး အကင်ဆိုင်တွေနဲ့ ပင်လယ်စာဆိုင်တွေကလဲ ကြိုက်နှစ်သက်ကြပါတယ်။ လက်ရှိ တီလားဗီးယားငါးတွေ အရောင်းအဝယ်ကောင်းနေတဲ့အတွက် ရေလုပ်ငန်းနဲ့ ဆက်စပ်သူတွေ အားလုံးအဆင်ပြေနေပါတယ်"ဟု ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြသည်။

ညောင်တုန်းမြို့နယ်တွင် အရောင်းအဝယ် ကောင်းမွန်နေသည့် တီလားဗီးယားငါး တစ်ပိသာလျှင် ငွေကျပ် ၁၅၅၀၀ မှ ၁၇၈၀၀ ထိ လတ်ဆတ်မှုနှင့် အရွယ်အစားပေါ် မူတည်၍ ဈေးအပြောင်းအလဲ ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ဝေါမြို့နယ် ဝင်းကဒတ်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

ဝေါ အောက်တိုဘာ ၂၉

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဝင်းကဒတ်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝေါမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများ လိုအပ်သည့် ငွေကြေးအရင်းအနှီးနှင့် သွင်းအားစုများ၊ မျိုးကောင်းမျိုးသန့်များရရှိစေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက စီမံကိန်း စက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၄၃ ဒသမ ၀၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များက ဝင်းကဒတ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၇ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၆ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၃ ဦးကို ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP) အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၃ ဒသမ ၀၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိထံမှ သိရသည်။

ကိုနိုင်

မချမ်းဘော့မြို့နယ် အင်ဘူးဘော့ကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

မချမ်းဘော့ အောက်တိုဘာ ၂၉

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘော့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်ဘူးဘော့ကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မချမ်းဘော့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဦးကျော်နိုင်မင်း၊ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများနှင့် ကုမ္ပဏီမှ တာဝန်ရှိသူများက အဆိုပါ ကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးပြီး ခေတ္တမြို့နယ်ဦးစီးမှူး ဦးကျော်နိုင်မင်းက ဆောင်ရွက်ပြီး လုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် လိုကြောင်း မှာကြားခဲ့သည်။

အဆိုပါ အင်ဘူးဘော့ကျေးရွာ၌ အရှည်တစ်မိုင်၊ နှစ်လက်မ PVC ရေပိုက်လိုင်း သွယ်တန်းခြင်း လုပ်ငန်းကို တင်ဒါအောင်မြင်သည့် Ultimate Concept Construction Co.,Ltd က ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၄၄ ဒသမ ၇၀၅ သန်းဖြင့် ဩဂုတ်လဒုတိယပတ်မှ စတင်အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း မချမ်းဘော့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဦးကျော်နိုင်မင်းထံမှ သိရသည်။

အောင်ရဲကျော်



တူယှဉ်ကာန္တဲပျော် မိတ္ထီလာဖောင်တော်ဦးဘုရားပွဲတော်

သက်နိုင်(ပြင်ဦးလွင်)

မိတ္ထီလာမြို့ကို သွားရောက်တဲ့ခရီးစဉ်မှာ စီးပွားရေးတက္ကသိုလ်ထဲကို ရောက်ရှိနေပါပြီ။ နောက်ဆုံးနှစ် စာမေးပွဲဖြေဆိုပြီးသွားတဲ့ ကျောင်းသူလေးက သူ့ရဲ့ပစ္စည်းတွေကို သိမ်းဆည်းရင်း ကားပေါ်ကိုတင်ပြီးနောက် အိမ်အပြန်ခရီးကို စတင်ထွက်ခွာကြတော့မှာပါ။ မိမိတို့ရဲ့ အစီအစဉ်က အိမ်အပြန်ခရီးကို မစတင်ခင် မိတ္ထီလာမြို့ကို သွားရောက်ပြီး နေ့လယ်စာထမင်းစားကြဖို့ပါ။

ဒါပေမဲ့ ကျောင်းသူလေးက သူ့ရဲ့ဆရာမတွေကို သွားရောက်နှုတ်ဆက်အုံးမယ်ဆိုလို့ တက္ကသိုလ်ဝင်းအတွင်းမှာရှိနေတဲ့ ဆရာ၊ ဆရာမတွေနဲ့ ဝန်ထမ်းအိမ်ရာကို မောင်းလာခဲ့ရတယ်။ ကျောင်းဝင်းအတွင်းမှာ ကားကို လှည့်လည်မောင်းနေရတဲ့အခါ မိတ္ထီလာစီးပွားရေးတက္ကသိုလ်က သစ်ပင်ကြီးသစ်ပင်ငယ်တွေ၊ ချောင်းတွေမြောင်းတွေ၊ ရေတွင်းရေကန်တွေနဲ့ စိမ်းစိမ်းစိုစိုအေးအေးမြမြဖြစ်နေတာကို သတိထားလိုက်မိတယ်။ သစ်ပင်အရိပ်တွေအောက်မှာ မလှုပ်မရှားဘဲ ထိုင်နေမယ်ဆိုရင် တော်ရုံတန်ရုံ အပူဒဏ်ကနေ သက်သာနေတယ်။ ဒါပေမဲ့ သွားလာလှုပ်ရှားလိုက်တဲ့အခါ နယ်မြေဒေသရဲ့ ပင်ကိုသဘောသဘာဝအတိုင်း အပူဒဏ်တွေကို ခံစားလာကြရတော့တယ်။ အအေးပိုင်းဒေသတောင်ပေါ်မြေကနေ လာရောက်ကြရတဲ့သူတွေအတွက် ဒီအပူဒဏ်က ပြင်းထန်လွန်းပါတယ်။ နေမြင့်လာလေ ပိုပူလာလေဖြစ်နေလို့လဲ အပူဒဏ်ကြောင့် မခံမရပ်နိုင်အောင် ဖြစ်နေကြရတယ်။ ဒေသခံမြို့သူမြို့သားတွေအတွက်ကတော့ ဒီလို အပူမျိုးက ရိုးနေလောက်ပြီထင်ပါတယ်။

ကျောင်းသူလေးက သူ့ရဲ့ဆရာမတွေကို လိုက်လံနှုတ်ဆက်ကန်တော့ရင်းနဲ့ မြို့ခံဆရာမတစ်ယောက်က ဒီအချိန် မိတ္ထီလာမြို့မှာ ဖောင်တော်ဦးဘုရားပွဲကျင်းပပြုလုပ်နေတယ်။ မိတ္ထီလာကန်ထဲမှာ လှေလှော်ပြိုင်ပွဲတွေလဲ ရှိတယ်။ အလွန်လဲစည်ကားတယ်။ ရောက်တုန်းရောက်ခိုက်၊ ကြုံတုန်းကြုံခိုက် သွားကြဖို့ ပြောနေတဲ့အသံကိုလဲ ကြားလိုက်ရတယ်။ တကယ်တော့ မိမိတို့အနေနဲ့ မိတ္ထီလာမြို့ကို မကြာခဏရောက်ရှိ ဖြတ်သန်းသွားလာခဲ့ပေမဲ့ ဖောင်တော်ဦးဘုရားပွဲတော်ကို မကြုံဖူးသေးပါဘူး။ စီးပွားရေးတက္ကသိုလ်မှာ ပထမနှစ်ကနေ နောက်ဆုံးနှစ်ထိ လေးနှစ်တိုင်တိုင် ကျောင်းတက်နေတဲ့ ကျောင်းသူကိုယ်တိုင်ကလဲ ဖောင်တော်ဦးဘုရားပွဲကို မရောက်ဖူးသေးကြောင်း ပြောပြတယ်။ ဒါ့ပြင် မိမိတို့ကိုယ်တိုင် အခုထွက်လာတဲ့ ခရီးစဉ်မှာ ဖောင်တော်ဦးဘုရားပွဲတော်ရှိနေတယ်။ ဒီအချိန်ကာလက ဖောင်တော်ဦးဘုရားပွဲတော်ပြုလုပ်ကျင်းပတဲ့ကာလဆိုတာကို သိလဲမသိ၊ စဉ်းစားတွေးတောတာမျိုးလဲ မရှိကြပါဘူး။ အခုတော့ တိုက်တိုက်ဆိုင်ဆိုင် မိတ္ထီလာမြို့ရဲ့နာမည်ကျော် ဖောင်တော်ဦးဘုရားပွဲတော်ကို ရောက်ရှိဆင့်နွှဲကြရပါအုံးမယ်။

ကျောင်းသူလေးရဲ့ဆရာမတွေကို နှုတ်ဆက်ကန်တော့အပြီး ကျောင်းဝင်းအတွင်းကနေ ပြန်လည်ထွက်ခွာလာခဲ့ကြပေမဲ့ ပင်မကျောင်းဆောင်ကြီးရဲ့ အရှေ့ကိုရောက်တော့ အမှတ်တရမှတ်တမ်းဓာတ်ပုံတွေ ရိုက်ယူကြရသေးတယ်။ ဓာတ်ပုံတွေ ရိုက်ကူးပြီး ကြတာနဲ့ မိတ္ထီလာမြို့ရှိရာကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ စီးပွားရေးတက္ကသိုလ်တည်ရှိနေတဲ့ ရှမ်းတဲနဲ့ မိတ္ထီလာမြို့က မိုင်အနည်းငယ်ဝေးကွာနေသေးပေမဲ့ မြို့ပြဧရိယာအနေနဲ့ တစ်ဆက်တည်း လိုဖြစ်နေတာကို တွေ့မြင်နေရတယ်။ အရင်တုန်းက ဒီလမ်းပိုင်းနေရာတချို့မှာ စပျစ်ခြံတွေရှိနေတာကို သတိရနေတယ်။ နောက်ထပ်သတိရမိတာတစ်ခုက အရိပ်ကောင်းတဲ့ ကုက္ကိုပင်ကြီးတွေရဲ့အောက်မှာ ညနေပိုင်း အချိန်ဆိုရင် စားပွဲခုံလေးတွေနဲ့ တည်ခင်းပြီး ရောင်းချနေတဲ့တိုဟူးသုပ်ဆိုင်လေးတွေပါ။ လွန်ခဲ့တဲ့အနှစ် ၂၀ ကျော် ဝန်းကျင်ကာလတုန်းက လမ်းရဲ့ဘယ်ဘက်မှာရော ညာဘက်မှာပါ မိတ္ထီလာကန်ရေပြင်ကြီးကို တွေ့မြင်နေရတယ်။ တံတားဘေးက သစ်ပင်ရိပ်တွေအောက်မှာ လူတွေ စုစုဝေးဝေးနဲ့လဲ ရှိနေကြတယ်။ ဖောင်တော်ဦးဘုရားပွဲတော်ပွဲစျေးတန်းက ဘယ်နေရာမှာ ရှိနေတယ်ဆိုတာ မသိကြပေမဲ့ တံတားထိပ်ကမ်းစပ်တစ်နေရာမှာ ရှိနေတဲ့ ဖောင်တော်ဦးစေတီကိုတော့ ရွှေရောင်တဝင်းဝင်းနဲ့ ဖူးတွေ့ပြီးကြပါပြီ။ ဒါကြောင့် ကန်အတွင်းမှာ နောက်ထပ်ရှိနေသေးတဲ့ စေတီတော်လေးကို သွားရောက်ဖူးမြော်ကြရအောင် စေတီ



မိတ္ထီလာမြို့ရှိ ဖောင်တော်ဦးစေတီကို တွေ့ရစဉ်။

ဒီအပင်ကြီးတွေအောက် ဒီဆိုင်လေးတွေမှာ နားနားနေနေနဲ့ တိုဟူးသုပ်တွေကို စားသောက်ခဲ့ဖူးပါတယ်။ အခုအချိန်မှာ တိုဟူးသုပ်ဆိုင်တွေ ရှိ၊ မရှိ ရောင်း၊ မရောင်း မသိတော့ပါဘူး။

မရောက်တာကြာပြီဖြစ်တဲ့ ရန်ကုန် - မန္တလေး လမ်းဟောင်းပေါ်က မြင်ကွင်းတွေကို ကြည့်ရှုခံစားရင်းနဲ့ မကြာခင်မှာ မိတ္ထီလာမြို့တွင်းကို စတင်ဝင်ရောက်လာခဲ့တယ်။ မိတ္ထီလာမြို့က မြန်မာနိုင်ငံမှာ နာမည်ကျော်ကြား လူသိများတဲ့ လမ်းဆုံမြို့ကြီးတစ်မြို့ပီပီ မြို့တွင်းလမ်းတွေအားလုံးမှာ စည်စည်ကားကားနဲ့ တွေ့မြင်နေရတယ်။ ဖောင်တော်ဦးဘုရားပွဲရှိနေတာကြောင့်လဲ ပိုမိုစည်ကားနေတယ်လို့ ထင်မှတ်နေရတယ်။ ရန်ကုန်မြို့ကို သွားရောက်တဲ့လမ်းအတိုင်း မောင်းနှင်လာခဲ့ပြီး မြို့လယ်နာရီစင်ကို ရောက်တော့ ဘယ်ဘက်လမ်းကို ချိုးကွေ့လာခဲ့တယ်။ မကြာခင် အရှေ့လမ်းဆုံတစ်ခုကို ရောက်တော့မှာပါ။ ဒီလမ်းဆုံက မိတ္ထီလာမြို့မှာ အဓိကကျနေသလို ရန်ကုန်၊ ကျောက်ပန်းတောင်း၊ တောင်ကြီး မြို့တွေရှိရာကို ခွဲထွက်သွားလာရမဲ့ လမ်းဆုံဖြစ်နေတယ်။ ဒါပေမဲ့ ဒီနေရာအနီးတစ်ဝိုက်မှာ တစ်လမ်းမောင်းစနစ် လမ်းတွေရှိနေတာကြောင့် လမ်းညွှန်ဆိုင်းဘုတ်တွေကို သေသေချာချာကြည့်ပြီး သတိထားမောင်းနေရတယ်။

မိမိတို့က မိတ္ထီလာကန်နဲ့ ဖောင်တော်ဦးဘုရားပွဲပြုလုပ်ကျင်းပနေတဲ့နေရာကို သွားရောက်ကြမှာဖြစ်လို့ ကျောက်ပန်းတောင်းမြို့ကို သွားတဲ့လမ်းအတိုင်း ညာဘက်ကို ချိုးကွေ့မောင်းလာခဲ့ရတယ်။ ကားလမ်းက မိတ္ထီလာကန်ကို တံတားထိုးပြီး ဖြတ်သန်းဖောက်လုပ်ထားတယ်။ ဒါကြောင့် လေးရိုရာကိုသွားတဲ့ တံတားထိပ်မှာ ကားကို ရပ်လိုက်ရတယ်။ တံတားက ကားလမ်းနဲ့စေတီလေးကို ဆက်သွယ်ပေးထားတယ်။ ဒီတံတားပေါ်ကနေ ဖြတ်သန်းလမ်းလျှောက်သွားကြရမှာပါ။

ဒါပေမဲ့ ကားပေါ်ကနေ ဆင်းခဲ့ကြပြီး တံတားပေါ်မှာ လမ်းလဲလျှောက်ကြရောအလွန်ပူပြင်းတဲ့ဒဏ်ကို ခံကြရတယ်။ တံတားရဲ့ ကြမ်းခင်းတွေက ပူ၊ အပေါ်က နေအပူရှိန်ကပူနဲ့ တံတားပေါ်မှာ ခြေဖျားတွေထောက်ပြီး အပြေးအလွှားသွားနေကြရတယ်။ ဒီအချိန်က နေအလွန်ပူပြင်းတဲ့ မွန်းတည့်ချိန်ဖြစ်ပါတယ်။ ဖောင်တော်ဦးဘုရားပွဲတော်ကျင်းပတဲ့ အချိန်ကာလဖြစ်နေတာကြောင့် ရေလယ်ဘုရားပေါ်မှာ ဘုရားဖူးဧည့်သည်တွေနဲ့ စည်ကားနေတယ်။ စေတီတော်ရင်ပြင်က နေအပူကို သက်သာကင်းဝေးစေတဲ့ အမိုးတွေရှိနေတာကြောင့်လဲ ဘုရားဖူးအပြီးမှာ အေးအေးလူလူ၊ နားနားနေနေ အပန်းဖြေနေကြတဲ့ ဘုရားဖူးတွေလဲ ရှိနေကြတယ်။ အမိုးအရိပ်အောက်မှာ ကန်ရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာတဲ့ လေအေးတွေကြောင့်လဲ အပူဒဏ်ကနေ သက်သာနေပါတော့တယ်။

ရေလယ်ဘုရားကို ဖူးမြော်ကန်တော့အပြီးမှာ အခြားဘုရားဖူးတွေလို မိမိတို့ကလဲ အမိုးအောက်ရင်ပြင်ပေါ်မှာ နားနေကြရင်း ကန်ရဲ့အလှတွေကို ကြည့်ရှုခံစားကြရတယ်။ မိတ္ထီလာကန်က အတော်အတန်ကျယ်ဝန်းသလို ငယ်စဉ်ကလေးဘဝကတည်းက ကြားဖူး၊ နားထောင်ဖူးခဲ့ကြတဲ့ သားချော်တေးသီချင်းတွေကြောင့် မြန်မာလူမျိုးတိုင်း သိရှိကြပြီး ဖြစ်နေပါပြီ။ ဒီလိုသိရှိထားကြတဲ့ထိလဲ နာမည်ကျော်ကြားလှပါတယ်။ မိတ္ထီလာကန်က မိတ္ထီလာမြို့ကို အကြောင်းပြုပြီး ဖြစ်ပေါ်လာတာပါ။ မိတ္ထီလာမြို့ဆိုတာကတော့ အိန္ဒိယနိုင်ငံ ဝိဒေဟရာဇ်တိုင်း မိမိလာမြို့အမည်ကို အတုယူထားထာဖြစ်တယ်ဆိုပြီး မြို့သမိုင်းမှာ တွေ့ရတယ်။ မိတ္ထီလာဆိုတဲ့ မြို့အမည်ကို ခရစ်နှစ် ၁၃၆၈ ခုနှစ်လောက်က ရေးသားပြုစုထားတဲ့ ရာဇဝင်ကျော်ကျမ်းမှာ ရေးသားထားတယ်။ မိတ္ထီလာက အင်းဝခေတ်မှာ စည်ပင်ဖွံ့ဖြိုးထွန်းကားနေပါပြီ။

အခု မိမိတို့ရောက်ရှိနေကြတဲ့ မိတ္ထီလာမြို့ရဲ့ အမှတ်သင်္ကေတ မိတ္ထီလာကန်ကို သျှိသျှားကန်လို့လဲ ခေါ်ဆိုကြပါတယ်။ အင်းဝခေတ် ခရစ်နှစ် ၁၄၈၁ ပြည့်နှစ်မှာ ဆရာတော်ရှင်မဟာသီလဝံသက သျှိသျှားကန်တော်ဘွဲ့၊ ရှင်မဟာရဋ္ဌသာရက မိတ္ထီလာကန်တော်ဘွဲ့ဆိုပြီး ရေးဖွဲ့ခဲ့ကြပါတယ်။ ဒီအထောက်အထားတွေကို ကြည့်ရှုလေ့လာပြီး မိတ္ထီလာမြို့နဲ့ မိတ္ထီလာကန်က အင်းဝခေတ်မှာကတည်းက နာမည်ကျော်ကြားနေပြီဆိုတာကို သိသာထင်ရှားစေနေပါတယ်။ ရေလယ်ဘုရားမှာ ဘုရားဖူး၊ မိတ္ထီလာကန်ကို လေ့လာ၊ အနားယူအပန်းဖြေပြီးကြတာနဲ့ လာလမ်းအတိုင်း တံတားလေးပေါ်ကနေ ဖြတ်သန်းပြီး ကားရှိရာ လမ်းမကြီးပေါ်ကို ပြန်လာခဲ့ကြတယ်။ ဒီလိုအပြန်ခရီးမှာလဲ မခံမရပ်နိုင်အောင် ပူပြင်းနေတဲ့ နေအပူဒဏ်ကြောင့် အပြေးအလွှား၊ မြန်မြန်ဆန်ဆန်သွားလာနေကြရပြန်တယ်။ မကြာခင်မှာ ကားရှိရာကို ရောက်လာခဲ့ကြရပေမဲ့ ကားပေါ်ကို မတက်ကြသေးဘဲ ကြုံခေါင့်ကြုံခဲ့ လေ့ပြိုင်ပွဲကို ကြည့်ရှုလိုက်ကြရသေးတယ်။

မိတ္ထီလာမြို့ ဖောင်တော်ဦးဘုရားပွဲတော် လေ့ပြိုင်ပွဲက ထင်ရှားစည်ကားလှတယ်။ အရင်တုန်းက သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းစာမျက်နှာတွေပေါ်မှာ တွေ့ဖူး၊ မြင်ဖူး၊ ကြားဖူး၊ ဖတ်ဖူးထားခဲ့ပေမဲ့ အခုခရီးစဉ်မှာ မျက်မြင်ကိုယ်တွေ့ကြည့်ရှုအားပေးနေကြရပါပြီ။ မိတ္ထီလာကန်ပေါင်ပေါ် ကားလမ်းကနေ ကြည့်ရှုနေကြတဲ့ မိမိတို့က အစပထမပိုင်းမှာ ပြိုင်ပွဲဝင်နေကြတဲ့ လှေတွေကို မတွေ့မြင်ကြရပါဘူး။ ဒါပေမဲ့ မကြာခင်အတွင်းမှာ ကန်ရဲ့တစ်ဖက် မမြင်ကွယ်ရာ နေရာလေးတစ်ခုကနေ အားနဲ့မာန်နဲ့ ငြာသံတွေပေးပြီး အပြိုင်အဆိုင်လှော်ခတ်လာနေတဲ့ လှေနှစ်စီးကို ရုတ်တရက်တွေ့မြင်လိုက်ရတယ်။ လှေနှစ်စီးစလုံးက မမြင်ရတဲ့နေရာကနေ လှော်ခတ်လာပြီး ကန်အလယ်လောက်ကိုရောက်မှ မိမိတို့က စတင်မြင်တွေ့ကြရတာပါ။

လှေတွေ စတင်တာထွက်လာတဲ့နေရာက ဖောင်တော်ဦးဘုရားပွဲတော်ကြီးကို အဓိကကျင်းပပြုလုပ်နေတဲ့နေရာက ဖြစ်မယ်ထင်တယ်။ ဒီနေရာကို ကန်ပေါ်ကားလမ်းကနေ လှမ်းမြင်တွေ့နေရတယ်။ ဘုရားပွဲတော်တိုင်းလိုလိုမှာ ပါဝင်နေကျဖြစ်တဲ့ မြင့်မြင့်မားမားချားရဟတ်ကြီးတွေကို မြင်တွေ့နေရပါတယ်။ မိမိတို့ရောက်ရှိနေတဲ့နေရာနဲ့ ပွဲခင်းနေရာကို ကန်ရေပြင်ကြီးနဲ့ ပိုင်းခြားထားသလိုဖြစ်နေတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ရုတ်တရက်ထွက်ခွာလာခဲ့ရတဲ့ ခရီးစဉ်တစ်ခုမှာ စဉ်းစားတွေးတောထင်မှတ်မထားတဲ့ နာမည်ကျော်ဘုရားပွဲတော်ကြီးတစ်ခုနဲ့ ကြုံဆုံပါဝင်ဆင်နွှဲနေကြရပါပြီ။ မြင်တွေ့နေရတဲ့ လှေပြိုင်ပွဲကိုလဲ ဆက်လက်အားပေးကြည့်ရှုလိုက်ပါအုံးမယ်။

ဂွာတီမာလာနိုင်ငံ ဖွဲ့ဂိုမီးတောင် ပေါက်ကွဲရာမှ ပြာမှုန်များ မီတာ ၄၇၀၀ ထိ ရောက်ရှိပျံ့နှံ့နေ



ဂွာတီမာလာစီးတီး အောက်တိုဘာ ၂၉

ဂွာတီမာလာနိုင်ငံရှိ ဖွဲ့ဂို မီးတောင်သည် အောက်တိုဘာ ၂၇ ရက်ကပေါက်ကွဲခဲ့ပြီး ယနေ့ထိ မီးတောင်လှုပ်ရှားမှုများ ဆက်လက်ဖြစ်ပေါ်နေသဖြင့် မီးတောင်မှ ထွက်ရှိလာသည့်ပြာမှုန်များ မီးတောင်အထက် မီတာ ၄၇၀၀ ထိ ရောက်ရှိပျံ့နှံ့နေကြောင်း ဂွာတီမာလာနိုင်ငံ၏ အမျိုးသားငလျင်၊ မီးတောင်၊ မိုးလေဝသနှင့် ဇလဗေဒဌာန (INSIVUMEH) က ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

မီးတောင်မှ ထွက်ရှိလာသည့် ပြာမှုန်များသည် လေတိုက်ရာ ဦးတည်ချက်အပေါ်မူတည်၍ အနီးဝန်းကျင်ဒေသများသို့ပျံ့နှံ့ခဲ့ပြီး မြောက်ဘက်သို့ ကီလိုမီတာ ၅၀ ခန့်ထိ ရောက်ရှိခဲ့ကြောင်း၊ ပြာမှုန်များသည် အက်စ်ကွင်တလာ၊ ဆူချီတီပီကွက်ဇ်နှင့် ရီတာလူလူပြည်နယ်တို့ထိ ရောက်ရှိပျံ့နှံ့နေကြောင်း အာဏာပိုင်များက ထုတ်ပြန်ထားသည်။

INSIVUMEH ၏ ထုတ်ပြန်ချက်အရ ဖွဲ့ဂိုမီးတောင်သည် တစ်နာရီလျှင် လေးကြိမ်မှ ခုနစ်ကြိမ်ထိ ပေါက်ကွဲခဲ့ပြီး မီးတောင်ပေါက်ကွဲမှုများမှ ပြာမှုန်နှင့်ချော်ရည်များ တောင်စောင်းတစ်လျှောက် စီးဆင်းခဲ့ကြောင်း သိရသည်။

ပြာမှုန်များသည် အနီးဝန်းကျင်ရှိ လူနေအိမ်များနှင့် စိုက်ပျိုးမြေများပေါ်သို့ ကျရောက်နေသည့်အပြင် လေထုအရည်အသွေးကိုလည်း ထိခိုက်ကျဆင်းစေကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာအာဏာပိုင်များက မီးတောင်လှုပ်ရှားမှုအခြေအနေကို ဆက်လက်စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

အီဂျစ်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွားနေသဖြင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ

ကိုင်ရို အောက်တိုဘာ ၂၉

အီဂျစ်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွားနေသဖြင့် ဒေသခံများကို ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း အီဂျစ်အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေစီးသန်သည့်အတွက် လမ်းမကြီးတချို့ ပျက်စီးမှုများရှိခဲ့ပြီး လူနေအိမ်တချို့နှင့် အခြေခံအဆောက်အအုံတချို့ ပျက်စီးခဲ့ကြောင်း၊ ရေကြီးရေလျှံမှုဖြင့် အဆိုးရွားဆုံး ရင်ဆိုင်နေရသည့် ဒေသမှာ စီနိုင်ဒေသဖြစ်ကြောင်း၊ လမ်းမကြီးများပျက်စီးသွားခဲ့သည့်အတွက် လမ်းများကို ယာယီပိတ်ထားရပြီး စီနိုင်ဒေသသို့ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်နေကြောင်း၊ ရေစီးနှင့်အတူ အမှိုက်သရိုက်များ မျောပါလာခဲ့သကဲ့သို့ ရွှံနွံနှင့်ကျောက်တုံးကျောက်ခဲများလည်း မျောပါလာသည့်အတွက် ကြောင့် လမ်းပိုင်းပျက်စီးမှုနှုန်းမြင့်မားခဲ့ခြင်းဖြစ်ကြောင်း အီဂျစ်အရေးပေါ် စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"စီနိုင်ဒေသနဲ့ အနီးပတ်ဝန်းကျင်ဒေသတွေမှာ ရေကြီးရေလျှံမှုတွေဖြစ်ပေါ်နေပါတယ်။ ရေစီးသန်တဲ့အတွက် ရေစီးနဲ့အတူ ဘီလပ်မြေဖျော်တဲ့ မော်တော်ယာဉ်တစ်စီးမျောပါသွားခဲ့တယ်။ ယာဉ်ပေါ် လိုက်ပါလာတဲ့ လူတစ်ယောက် သေဆုံးပြီး တစ်ယောက်ပျောက်ဆုံးကာ တစ်ယောက်ထိခိုက်ဒဏ်ရာ ရရှိခဲ့ပါတယ်။ စီနိုင်ဒေသဝင်လမ်း၊ ထွက်လမ်းတွေကို ယာယီပိတ်ထားပါတယ်" ဟု အီဂျစ်အရေးပေါ် စီမံခန့်ခွဲရေးအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။



Ref : Russia Today
Trs : Sai Sat

အမေရိကန်နိုင်ငံ အရှိဇိုးနားပြည်နယ် အိုဟဂတ်မြို့တွင် လေဆင်နှာမောင်းထပ်မံဝင်ရောက်လာနိုင်

ဝါရှင်တန် အောက်တိုဘာ ၂၉

အမေရိကန်နိုင်ငံ အရှိဇိုးနားပြည်နယ် အိုဟဂတ်မြို့တွင် လာမည့်ရက်ပိုင်းအတွင်း အားကောင်းသည့် လေဆင်နှာမောင်းထပ်မံ ဝင်ရောက်လာနိုင်ကြောင်း အမေရိကန်နေရှင်နယ်မိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အောက်တိုဘာ ၂၁ ရက်က အိုဟဂတ်မြို့၌ အားကောင်းသည့် လေဆင်နှာမောင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် လူနေအိမ်နှင့် အခြေခံအဆောက်အအုံများ ပျက်စီးခဲ့ပြီး ဒေသခံအမြောက်အမြား ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း၊ လေဆင်နှာမောင်း အန္တရာယ် အရေးပေါ်အခြေအနေ အဖြစ် သတ်မှတ်ထားဆဲဖြစ်ကြောင်း၊ လေဆင်နှာမောင်း တိုက်ခတ်သည့် ရာသီဖြစ်သည့် အတွက် အိုဟဂတ်မြို့တွင် အားကောင်းသည့် လေဆင်နှာမောင်း ထပ်မံဝင်ရောက်လာနိုင်ပြီး ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားရန်လိုကြောင်း နေရှင်နယ်မိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

"အိုဟဂတ်မြို့မှာ အားကောင်းတဲ့လေဆင်နှာမောင်း ထပ်မံဝင်ရောက်လာနိုင်ပါတယ်။ အောက်တိုဘာ ၂၁ ရက်ကလဲ လေဆင်နှာမောင်းဟာ တစ်နာရီ မိုင် ၁၁၀ နှုန်းနဲ့ ဝင်ရောက်တိုက်ခတ်ခဲ့ပါတယ်။ နောက်ထပ် ဝင်ရောက်လာနိုင်တဲ့ လေဆင်နှာမောင်းဟာ အားကောင်းနိုင်ပြီး အန္တရာယ်ရှိတဲ့အဆင့်ဖြစ်နိုင်တဲ့အတွက် လေဆင်နှာမောင်းအန္တရာယ် အရေးပေါ်အခြေအနေ သတ်မှတ်ထားပါတယ်"ဟု နေရှင်နယ်မိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနမှ မိုးလေဝသခန့်မှန်းတိုင်းတာရေး ပညာရှင်တစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

ရာသီဥတုဖောက်ပြန်မှုနှင့် ဆက်စပ်ပြီး ကျန်းမာရေးပြဿနာဖြင့် ရင်ဆိုင်နေရသူအများစုက အာဖရိကနိုင်ငံများမှဖြစ်ကြောင်း WHO ထုတ်ပြန်

ဂျီနီဗာ အောက်တိုဘာ ၂၉

ကမ္ဘာတစ်ဝန်း ရာသီဥတုဖောက်ပြန်မှုနှင့် ဆက်စပ်ပြီး ကျန်းမာရေးပြဿနာဖြင့် ရင်ဆိုင်နေရသူအများစုသည် အာဖရိကနိုင်ငံများမှဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ အစည်း၏ လက်အောက်ခံ အဖွဲ့အစည်းတစ်ခုဖြစ်သော အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် အခြေစိုက်သည့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) မှ ဝန်ထမ်းတချို့က ကင်ညာနိုင်ငံသို့ ရောက်ရှိနေပြီး ရာသီဥတုဖောက်ပြန်မှုနှင့် ဆက်စပ်သော ကျန်းမာရေး ပြဿနာများဖြင့် ရင်ဆိုင်နေရသူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း၊ သုတေသီများ အနေဖြင့်လည်း ရာသီဥတုဖောက်ပြန်မှုနှင့် ဆက်စပ်သော ကျန်းမာရေးပြဿနာများဖြင့် ရင်ဆိုင်နေရသည့်အခြေအနေကို စစ်တမ်းများ ကောက်ယူလျက်ရှိကြောင်း သိရသည်။

"ကမ္ဘာတစ်ဝန်း ရာသီဥတုဖောက်ပြန်မှုကြောင့် သဘာဝဘေးဒဏ်တွေအပြင် ကျန်းမာရေးလုံခြုံမှုကျိုးပေါက်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ကျန်းမာရေးလုံခြုံမှုကျိုးပေါက်တဲ့အတွက် ရောဂါဝေဒနာအမျိုးမျိုးနဲ့ ရင်ဆိုင်နေကြရတယ်။ ဒီထဲမှာမှ အာဖရိကနိုင်ငံတွေမှာ ကျန်းမာရေးလုံခြုံမှုကျိုးပေါက်တဲ့ပြဿနာနဲ့ အဆိုးရွားဆုံး ရင်ဆိုင်နေရပါတယ်။ UNFPA အဖွဲ့က ဝန်ထမ်းတွေကင်ညာနိုင်ငံကို ရောက်ရှိနေပါတယ်။ ရာသီဥတုဖောက်ပြန်မှုနဲ့ ဆက်စပ်တဲ့ ရောဂါဝေဒနာခံစားနေရသူတွေတော်တော်လေးများပါတယ်။ စားနပ်ရိက္ခာရှားပါးတဲ့ ပြဿနာတွေနဲ့လဲ ရင်ဆိုင်နေရပါတယ်"ဟု ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

အိန္ဒိယနိုင်ငံ အရှေ့ဘက်ကမ်းရိုးတန်းတွင် အာနာဘ်ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် စိုက်ပျိုးမြေကေ ၇၉၀၀၀ ပျက်စီးခဲ့

နယူးဒေလီ အောက်တိုဘာ ၂၉

အိန္ဒိယနိုင်ငံ အရှေ့ဘက်ကမ်းရိုးတန်းတွင် အာနာဘ်ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် စိုက်ပျိုးမြေဧက ၇၉၀၀၀ ပျက်စီးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အိန္ဒိယမိုးလေဝသဌာန (IMD) ၏ထုတ်ပြန်ချက်အရ မုန်တိုင်းသည် အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းတွင် အန်ဒရာပရာဒေ့ရှ် ပြည်နယ် ကမ်းရိုးတန်းသို့ ဝင်ရောက်ခဲ့ပြီး လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၁၂၅ ကီလိုမီတာမှ ကီလိုမီတာ ၁၅၀ ထိရှိခဲ့ကြောင်း၊ လက်ရှိမုန်တိုင်းသည် ကုန်းတွင်းပိုင်းသို့ ရွှေ့လျားနေကြောင်း သိရသည်။

မုန်တိုင်းကြောင့် အန်ဒရာပရာဒေ့ရှ်ပြည်နယ်တွင် နေအိမ် ၁၈၀ ခန့်ပျက်စီးခဲ့ပြီး သစ်ပင် ၂၂၀ ခန့် ပြိုလဲကျခဲ့သဖြင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုဖြစ်ပေါ်ခဲ့ကြောင်း၊ လမ်းမကြီးများပေါ်သို့ သစ်ပင်များလဲကျခဲ့သဖြင့် လမ်းပန်းဆက်သွယ် သွားလာရေးများ အခက်အခဲရှိခဲ့ပြီး ရထားနှင့် လေကြောင်း ခရီးစဉ်တချို့ကို လည်း ဖျက်သိမ်းခဲ့ရကာ အန်ဒရာပရာဒေ့ရှ်ပြည်နယ်ရှိ လေဆိပ်သုံးခုတွင် လုပ်ငန်းဆောင်ရွက်မှုများကို ယာယီရပ်ဆိုင်းခဲ့ရကြောင်း သိရသည်။

ထို့ပြင် အန်ဒရာပရာဒေ့ရှ် ပြည်နယ်တွင် ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် ကမ်းရိုးတန်းခရိုင် ၁၄ ခရိုင်တွင် ထိခိုက်မှုများခဲ့ပြီး စိုက်ပျိုးမြေဧက ၇၉၀၀၀ ပျက်စီးခဲ့ကြောင်း၊ ယခုကဲ့သို့ မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို ပြန်လည်ကုစားနိုင်ရန် ပြည်နယ်အစိုးရက အိန္ဒိယဗဟိုအစိုးရထံ အရေးပေါ်အကူအညီများ ပေးအပ်ရန်လည်း တောင်းဆိုထားသည်ဟု ပြည်နယ်ဝန်ကြီးချုပ် အန်ဒီချန်ဒရာဘာဘူနိုင်ဒူးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနှမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



ကလေး အောက်တိုဘာ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၁၈၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောနှမ်းစိုက်ခင်းများကို သြဂုတ်လပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ကလေးမြို့နယ်တွင် ၁၅၉၂၄ ဧက၊ ကလေးဝမြို့နယ်တွင် ၈၉၈ ဧက၊ မင်းကင်းမြို့နယ်တွင် ၄၄၅၉ ဧက စုစုပေါင်း ၂၁၈၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၀ တင်းကျော် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးခရိုင်မှာ နှမ်း ၂၁၈၁ ဧက ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ နှမ်းခင်းတွေ လက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်နဲ့ စိုက်ပျိုးဖို့အတွက် ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေကြွေယဉ်ဝင်းက ပြောပြသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့် အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေကြွေယဉ်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

ပေါက်ခေါင်းမြို့နယ် စမ်းကလေးကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းနေမှု စစ်ဆေး

ပေါက်ခေါင်း အောက်တိုဘာ ၂၉

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စမ်းကလေးကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၂၈ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။


ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြင့်နှင့် အင်ဂျင်နီယာဝန်ထမ်းများက စမ်းကလေးကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြင့်က အဆိုပါကွန်ကရစ်လမ်းကို သတ်မှတ် စံချိန်စံညွှန်းများနှင့် အညီအချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

စမ်းကလေးကျေးရွာ၌ အရှည် ပေ ၄၂၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုရန်ပုံငွေကျပ် ၂၉၁ ဒသမ ၇၃၈ သန်းအသုံးပြုပြီး မြေသစ်ကုမ္ပဏီက တာဝန်ယူ၍ သြဂုတ် ၄ ရက်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၇၅ ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပါက စမ်းကလေးကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများ၏ သွားလာရေး လွယ်ကူစေမည်ဖြစ်ပြီး ယခင်ကထက်လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြင့်က ပြောပြ၍ သိရသည်။

ချိုလေး

အသည်းရောင်အသား၀ါ (ဘီ)

ရောဂါအကြောင်းသိကောင်းစရာ



- အသည်းရောင်အသား၀ါ (ဘီ) ရောဂါသည် အသည်းရောင်အသား၀ါ (ဘီ) ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားသော ကူးစက်ရောဂါဖြစ်ပါသည်။
- မြန်မာနိုင်ငံတွင် လူ ၁၀၀ ဦးလျှင် ၆ ဦးခန့်သည် အသည်းရောင်အသား၀ါ (ဘီ) ရောဂါခံစားနေရပါသည်။
- နာတာရှည်အသည်းရောင်အသား၀ါ (ဘီ) ရောဂါ ဖြစ်ပွားခြင်းကြောင့် အသည်းခြောက်ခြင်းနှင့် အသည်းကင်ဆာတို့ ဆက်လက်ဖြစ်ပွားရာမှ အသက်အန္တရာယ်ထိခိုက်သည်အထိ ဖြစ်ပွားနိုင်ပါသည်။

ရောဂါလက္ခဏာများ



- ဖျားခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊
- အစားအသောက်ပျက်ခြင်း၊
- ပျို့အန်ခြင်း၊ ဗိုက်အောင့်ခြင်း၊
- ဆီးအရောင်ရင့်ခြင်း၊
- မျက်လုံး၀ါခြင်း၊ အသား၀ါခြင်း၊
- အဆစ်အမြစ်များ နာကျင်ကိုက်ခဲခြင်း။

အသည်းရောင်အသား၀ါ (ဘီ)ရောဂါပိုး ကူးစက်ခိုင်သော နည်းလမ်းများ



ပို့ဆောင်ပေးသည့်အရည်များ

- ရောဂါပိုးရှိသောမိခင်မှတစ်ဆင့်ကလေးသို့ကူးစက်ခြင်း၊
- ရောဂါပိုးပါဝင်သည့် သွေးသွင်းမိခြင်းနှင့် ဓနွာကိုယ်အစိတ်အပိုင်းများ အစားထိုးကုသမှုခံယူခြင်း၊
- ပိုးသတ်မထားသော အပ် အစရှိသည့် ချွန်ထက်သော ပစ္စည်းများကို အသုံးပြုခြင်း (ဥပမာ - တက်တူးထိုးခြင်း၊ နားဖောက်ခြင်း)၊
- ရောဂါပိုးရှိသူ အသုံးပြုပြီးသော ဆေးထိုးအပ်များဖြင့် ဆေးထိုးခြင်း၊ ဆေးထိုးအပ်နှင့် ဆေးထိုးပြွန်များကို မျှ၀ေသုံးစွဲခြင်း၊
- ရောဂါပိုးရှိသူနှင့် အကာအကွယ်မဲ့ လိင်ဆက်ဆံခြင်း၊
- ရောဂါပိုးပါဝင်နေသော သွေး သို့မဟုတ် ဓနွာကိုယ်မှထွက်သော အရည်များ စသည်တို့ကို အကာအကွယ်မဲ့ ထိတွေ့ကိုင်တွယ်ခြင်း။

အသည်းရောင်အသား၀ါ (ဘီ)ရောဂါပိုး ကူးစက်ခံရဖို့ခိုင်လေ့ဖြင့်များသူများ

- မကြာခဏ သွေးသွင်းကုသမှုခံယူရသူများ၊
- နာတာရှည်ကျောက်ကပ်ရောဂါရှိ၍ ကျောက်ကပ်ဆေးရသူများ၊
- ကိုယ်တွင်းအင်္ဂါ အစားထိုးကုသမှုခံယူရသူများ၊
- မူးယစ်ဆေး၀ါး သွေးကြောအတွင်းသို့ ထိုးသွင်းသူများ၊
- လိင်ဆက်ဆံဖက်များသူများ၊ အကာအကွယ်မဲ့ လိင်ဆက်ဆံသူများ၊
- လူနာများ၏ သွေး သို့မဟုတ် သွေးနှင့်ဆက်စပ်ပစ္စည်းများကို ထိတွေ့ကိုင်တွယ်ရလေ့ရှိသော ကျန်းမာရေး၀န်ထမ်းများ။

အသည်းရောင်အသား၀ါ (ဘီ)ရောဂါကာကွယ်ခြင်းနည်းလမ်းများ



- မွေးကင်းစကလေးအားလုံးကို မွေးဖွားပြီး (၂၄) နာရီအတွင်း အသည်းရောင်အသား၀ါ (ဘီ) ရောဂါ ကာကွယ်ဆေးထိုးနှံပါ၊ ဆက်လက်၍ ပုံမှန် ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပါ။
- ကာကွယ်ဆေးမထိုးနှံသေးရသောသူများတွင် အသည်းရောင်အသား၀ါ (ဘီ) ရောဂါပိုး ရှိ/မရှိ စစ်ဆေးသင့်ပါသည်။ မရှိပါက ကာကွယ် ဆေးအကြိမ်ပြည့်ထိုးနှံပါ။
- ရောဂါပိုးကင်းစင်ကြောင်း စစ်ဆေးထားပြီး ဖြစ်သော သွေးဖြင့်သာ သွေးသွင်းကုသမှု ခံယူပါ။
- ရောဂါပိုးရှိသူနှင့် အကာအကွယ်မဲ့ လိင်ဆက်ဆံခြင်းကို ရှောင်ကြဉ်ပါ။

အကောင်းဆုံးရောဂါကာကွယ်ရေးနည်းလမ်းမှာ အသည်းရောင် အသား၀ါ (ဘီ)ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းဖြစ်ပါသည်။

အသည်းရောင်အသား၀ါ (ဘီ)ရောဂါ ကုသခြင်းနည်းလမ်းများ



အသည်းရောင်အသား၀ါ (ဘီ) ရောဂါပိုးရှိသူများအနေဖြင့် နာတာရှည် အသည်းရောဂါအဖြစ်သို့ ပြောင်းလဲခြင်းမဖြစ်စေရန်-

- အသည်းကို အနာပေးခြင်း (လုံလောက်စွာအနားယူခြင်း၊ အရက်သောက်ခြင်းမှ ရှောင်ကြဉ်ခြင်းနှင့် အာဟာရပြည့်ဝစွာစားခြင်း) ဖြင့် ကိုယ်ခံအားကောင်းအောင် ပြုမူနေထိုင်ရမည် ဖြစ်ပါသည်။
- ဗိုင်းရပ်စ်ထိန်းချုပ်ဆေး၀ါးများဖြင့် ရောဂါပိုးများထပ်မံပွားများခြင်း မရှိအောင် ဟန့်တားထားနိုင်ပါသည်။

အသည်းရောင်အသား၀ါ (ဘီ) ရောဂါကုသဆေးကို တစ်သက်တာလုံး ဆရာဝန်ညွှန်ကြားသည့်အတိုင်း မပျက်မကွက် သောက်သုံးရန်လိုအပ်ပါသည်။



Fluoride ပါဝင်သောကြောင့် သွားများကို ပြုပြင်ပေးတောက်ပစေပါသည်။

ထာဝရလှပသော အပြုံးအတွက်

DENTOMEC

FDA အမှတ်-2212 PCE 0013

DENTIST RECOMMENDED



ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၀၅၅၅၁၆၉

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၀၀

KHA YAE PIN MART - မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၀၉၀၇၇

Myanmar Mobile Money(MMM) ကိုအသုံးပြုခြင်းအောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။



ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း၊ လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊
e-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း၊
Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊
မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း၊
အငြိမ်းစားလစာအပါအဝင်ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို
ဘဏ်သို့ သွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ချုပ်ညွှန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

အမည်ပြောင်း

ကျောက်ဆည်မြို့နယ်၊ အနော်ရထာ ဘ/က ကျောင်းမှ Grade-4 တန်းတွင် ပညာသင်ကြားနေသော အဖ ဦးခွန်ကျော်ဇင်ဦး၏သား မောင်ရွှေထိုက်စျာန်၏အမည်အား မောင်ခွန်ရွှေသိုက်စျာန်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ခွန်ရွှေသိုက်စျာန်

ဖခင်အမည်မှန်

ကျောက်ဆည်မြို့နယ်၊ အလက-ရှမ်းတောင်ဦး ကျောင်း Grade-7 တန်းမှ မအင်ကြင်းရွှေစင်နှင့် Grade-9 တန်းမှ မပန်းရွှေစင်တို့၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမင်း ဖြစ်ပါကြောင်း။

ဦးမင်း ၉/ကဆန(နိုင်)၁၁၈၉၄၉

အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၇၃ လမ်း၊ ၁၀၂(အေ)x၁၀၇လမ်းကြား၊ မင်္ဂလာကွန်ဒိုမီနီယံတိုက်ခန်း၊ (၃-A)လွှာ၊ အခန်းအမှတ်(၁၅) တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ ပိုင်ဆိုင်ခွင့်အကျိုးခံစားခွင့်များအားလုံးတို့ကို ပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြုသူ ဦးရဲမင်းကျော်(ဘ)ဦးကျန်ရှုနန်း(ခ)မင်းနိုင် (၁/ရကန(နိုင်)၀၄၅၈၉၉၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည်နေ့မှစ၍(၁၄)ရက်အတွင်း စာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ဝင်းဝင်းမော်(စဉ်-၉၂၄၀) ဦးကျင်မောင်ထွေး(စဉ်-၁၂၅၀၂)

(တရားလွှတ်တော်ရှေ့နေများ)

ကြောင်းကျိုးမှန်(ဥပဒေအကြံပေးနှင့် အထွေထွေအကျိုးဆောင်လုပ်ငန်း)

၃၂(ဘီ)လမ်း၊ ၇၀x၇၁လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ဖုန်း ၀၉-၂၀၃၆၆၅၂၊၀၉-၉၆၀၄၆၁၂၂၄

အပိုးတန် ရေချိုကို ချွေတာပါ

“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။

နေပြည်တော် အောက်တိုဘာ ၂၉

၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညီစောနှင့်ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့် ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ **စာမျက်နှာ ၁၈ ကော်လံ ၁** ☆

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အလေးမပြိုင်ပွဲ စတင်ကျင်းပ



နေပြည်တော် အောက်တိုဘာ ၂၉

အလေးမအားကစား အဆင့်အတန်းပိုမိုဖွံ့ဖြိုးတိုးတက် မြင့်မားလာစေရေးနှင့် မျိုးဆက်သစ် အလေးမအားကစားသမားများပေါ်ထွက်လာစေရေးတို့အတွက် ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာနကကြီးမှူးပြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အလေးမပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ

စာမျက်နှာ ၂၄ ကော်လံ ၁ ❖



Ballon d'Or of All Time (BOAT) ဆုကို စီရော်နယ်ဒို ဆွတ်ခူး

လစ္စဘွန်း အောက်တိုဘာ ၂၉

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ပထမဆုံးအကြိမ်အဖြစ် သတ်မှတ်စိစစ်ရွေးချယ်ပေးအပ်သည့် အထူးဂုဏ်ပြုဆုဖြစ်သည့် Ballon d'Or of All Time (BOAT)ဆုကို မက်ဆီကို ကျော်ဖြတ်ပြီး စီရော်နယ်ဒိုက

စာမျက်နှာ ၂၄ ကော်လံ ၄ ◆

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လှည့်စားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် ငါးထပ်အဆောက်အအုံတစ်လုံးကို ထပ်မံဖြိုချပြီးစီး၊ ကျန်အဆောက်အအုံများကို စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၉

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာလူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လှည့်စားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင်လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လှည့်စားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လှည့်စားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများကို အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများ စနစ်တကျဆောင်ရွက်လျက်ရှိသည်။ **စာမျက်နှာ ၂၅ ကော်လံ ၁** ■



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလှည့်စားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင်ခြောက်ထပ်အဆောက်အအုံကို စက်ယန္တရားဖြင့် စနစ်တကျဖြိုချဖျက်ဆီးနေမှု မှတ်တမ်းဓာတ်ပုံ။